# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ်(၃၈၁)



**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


# လွှတ်တော်ရေးရာကိစ္စရပ်များ၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် American Baptist Churches USA မှ အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် King of Prussia မြို့ရှိ American Baptist Churches USA မှ Ms. Leslie Carol Turley နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ရေးရာကိစ္စရပ်များ၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် **King of Prussia** မြို့ရှိ **American Baptist Churches USA** မှ **Ms. Leslie Carol Turley** နှင့်အဖွဲ့အား လက်ခံ တွေ့ဆုံစဉ်။ သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်း ၃၁ ခု လုပ်ဆောင်ပေးမည်



ချင်းတွင်းမြစ်အတွင်း မြစ်ကမ်းပါးထိန်းသိမ်းရေးဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများတွင် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများအဖြစ် နေရာ ၃၁ ခုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မြစ်သာမြစ်၊ မူးမြစ်တို့နှင့် ယင်းမြစ်များအတွင်းသို့ စီးဝင်သည့်ချောင်းများတွင် မြစ်ကမ်းပါးထိန်းသိမ်းခြင်း လုပ်ငန်းများပါဝင်ပြီး ငွေကျပ် ၆၉၉၂ ဒသမ ၅ သန်း အကုန်အကျခံ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကလေးခရိုင် ကလေးဝမြို့ ဖောင်ဖွဲ့ရေးရုံးအနီးတွင် အလျား ပေ ၁၅၀ ရှိ ကမ်းပြို

*စာမျက်နှာ ၃ ကော်လံ ၄* ❑

**မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာမှု၏ ကနဦးတွေ့ရှိချက်များအား သတင်းမီဒီယာများသို့ ရှင်းလင်းတင်ပြ**

စာမျက်နှာ - ၄

**စားနပ်ရိက္ခာဖူလုံရေး အားလုံးစုပေါင်းကြိုးပမ်းကြရမည်**

စာမျက်နှာ - ၆

**အမေရိကန်၊ အီးယူ၊ ဂျပန်၊ ဗြိတိန်နိုင်ငံများနှင့် ကုန်သွယ်ရေးဆွေးနွေးမှု အသစ်များ ပြုလုပ်မည်**

စာမျက်နှာ - ၁၄




မြန်မာ့အလင်း

# မင်္ဂလာသတင်းကောင်းများ ထင်ဟပ်နေသည့် သဘောတူထုတ်ပြန်ကြေညာချက်

နှစ်ပေါင်း(၇၀)တာရှည်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကိုရပ်စဲ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်ရေးသည် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက နိုင်ငံရေးသန္နိဋ္ဌာန်ခိုင်မာစွာဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးက နိုင်ငံရေးသန္နိဋ္ဌာန်ခိုင်မာစွာဖြင့် လက်တွဲညီညီဆောင်ရွက်နိုင်ရေးသည် အဆိုပါအဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ အထူးသဖြင့် တာဝန်ယူဆုံးဖြတ်ရမည့် ခေါင်းဆောင်များအကြား အပြန်အလှန်ယုံကြည်မှုရှိရေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သော့ချက်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဤလိုအပ်ချက်နှင့်အညီ နိုင်ငံတော်အစိုးရနှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကျင်းပခဲ့ခြင်းသည် အမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပံ့ပိုးဖော်ဆောင်ရွက်လိုက်ခြင်း ဖြစ်ပါသည်။

အဆိုပါသီးသန့်အစည်းအဝေးကျင်းပရခြင်း၏ ပင်မရည်ရွယ်ချက်တစ်ရပ်သည် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက် မရသေးသည့် အချက်များကို ခေါင်းဆောင်များ၏ နိုင်ငံရေးသဘောတူညီချက်များဖြင့် ဖြေရှင်းရန်ဖြစ်ပါသည်။ ဤပင်မရည်ရွယ်ချက်နှင့်အညီ အဆုံးအဖြတ်ပေးနိုင်သော ခေါင်းဆောင်တို့အကြား တိုက်ရိုက်ညှိနှိုင်းဆွေးနွေးနိုင်ခဲ့မှုကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်ပါ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ကျင်းပရန် မျှော်မှန်းထားသည့် ညီလာခံ (၃) ကြိမ်တွင် အရေးကြီးသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့်အချိန်ဇယားနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို သဘောတူညီခဲ့ကြပါသည်။ ဤကဲ့သို့အချိန်ဇယားနှင့် ဦးစားပေးလုပ်ငန်းစဉ်များ သဘောတူညီခဲ့ကြခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ချလိုက်ခြင်းဖြစ်၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် မင်္ဂလာသတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။

နှစ်ပေါင်း(၇၀)ကျော် တာရှည်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကို ရပ်စဲစေမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အလွယ်တကူ သဘောတူညီချက်မရနိုင်သည့် ကိစ္စရပ်များရှိနေသည်မှာ ပကတိအရှိတရားဖြစ်ပါသည်။ ဤသီးသန့်အစည်းအဝေးက သဘောတူညီမှုရရန် လိုအပ်နေသည့်ကိစ္စရပ်များကို မည်သို့မည်ပုံဖြေရှင်းကျော်လွှားမည်ကို သဘောတူညီခဲ့ခြင်းသည် ငြိမ်းချမ်းရေးအတွက် အားမာန်ပါသော ခြေလှမ်းတစ်လှမ်း ဖြစ်ပါသည်။ တစ်ဖန် လက်ရှိနိုင်ငံရေးဆွေးနွေးမှုပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင်ဆောင်ရွက်ရေးအတွက် ဤသီးသန့်အစည်းအဝေးက သဘောတူညီခဲ့ခြင်းသည် ပြီးပြည့်စုံသောအားမာန်ကို ဖြစ်ပေါ်စေပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အခန်း(၅) နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း အပုဒ် ၂၀ (ဂ)ပါ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဤသီးသန့်အစည်းအဝေးက တစ်ခုတည်းသောတပ်မတော်နှင့် လူမျိုးပေါင်းစုံပါဝင်သော တပ်မတော်ဖွဲ့စည်းရေးအား ဆွေးနွေးညှိနှိုင်းရန် သဘောတူညီခဲ့ကြပါသည်။ ဤကဲ့သို့ သဘောတူညီခဲ့ခြင်းသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ကို ထပ်မံပံ့ပိုးဖော်တည်ဆောက်လိုက်ခြင်း ဖြစ်ပါသည်။ အထက်၌ တင်ပြထားသည့် သဘောတူညီချက်တို့ကို ဤသီးသန့်အစည်းအဝေး၏ သဘောတူထုတ်ပြန်ကြေညာချက်၌ ရေးသားဖော်ပြထားပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး၏ သဘောတူထုတ်ပြန်ကြေညာချက်သည် မင်္ဂလာသတင်းကောင်းတို့ကို ထင်ဟပ်နေသည်ဖြစ်၍ လေးနက်စွာဂုဏ်ပြုကြိုဆိုပါကြောင်း တင်ပြအပ်ပါသည်။ ။

## မူးယစ်ဆေးဝါးမဟုတ်ဘဲ မှူခင်းများကျဆင်းရေး အသိပညာပေး

## မှုခင်းများကျဆင်းရေး အသိပညာပေး

**တောင်ကုတ် အောက်တိုဘာ ၁၇**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့ ယာယီရဲမှူး သိန်းတိုးဇော်၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လမူးနယ်မြေရဲစခန်းမှ ဒုရဲအုပ်ခင်မောင်ဆန်း ဦးစီးတပ်ဖွဲ့ဝင်များက ဇနီကျေးရွာအုပ်စု သွေးကျောက်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းများကျဆင်းရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် လမူးနယ်မြေရဲစခန်းမှ ဒုရဲအုပ်က သွေးကျောက်ကျေးရွာရှိ ပြည်သူများအား တွေ့ဆုံ၍ သက်ငယ်မုဒိမ်းမှု မဖြစ်ပေါ်စေရေး၊ မှုခင်းများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေရေးရာများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သံတွဲမြို့ )
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

# မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၅၃၀ တည်ဆောက်ပေးသွားမည်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ငွေကျပ် သန်းပေါင်း ၈၈၃၅ သန်း သုံးစွဲ၍ မြို့နယ် ၁၄ မြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာအခန်း ပေါင်း ၅၃၀ ကို တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

ယခုဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာတိုက်ခန်းများမှာ အများဆုံး တစ်တိုက်လျှင် လေးခန်းတွဲ လေးထပ်ပါ တိုက်အလုံးပေါင်း ၃၅ လုံးကို မတ္တရာ၊ မြစ်သား၊ စဉ့်ကိုင်၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း၊ မြင်းခြံ၊ ငါန်းဇွန်၊ ပျော်ဘွယ်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ တံတားဦး၊ အမရပူရနှင့် ချမ်းမြသာစည် မြို့နယ်တို့တွင် တည်ဆောက်မည်ဖြစ်သည်။

"ဝန်ထမ်း အိမ်ရာတည်ဆောက်ဖို့ အောက်တိုဘာ ၈ ရက်ကစပြီး တင်ဒါခေါ်ထားပါတယ်။ ပြီးခဲ့တဲ့ ခြောက်လဘတ်ဂျက်မှာလည်း မြို့နယ် ရှစ်မြို့နယ်မှာ ဝန်ထမ်းအိမ်ရာ ၂၄၈ ခန်းကို ဆောက်လုပ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာ ပြီးခဲ့တဲ့ဘတ်ဂျက်အထိ ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၃၀၀၆ ခန်း ဆောက်လုပ်ပေးခဲ့ပြီး ယခု တည်ဆောက်မယ့် အခန်းပေါင်း ၅၃၀ ပါ ထည့်တွက်ရင် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အပြီးမှာ အိမ်ခန်းပေါင်း ၃၅၃၆ ခန်း ဆောက်လုပ်ပြီးစီးမှာ ဖြစ်တဲ့အတွက် လက်ရှိတိုင်းဒေသကြီးအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းအရေအတွက်နဲ့ နှိုင်းယှဉ်ရင် ၆ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ဝန်ထမ်းတွေအတွက် အိမ်ရာတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဖြင့် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ အောင်မြေမန္တလာ ဝန်ထမ်းအိမ်ရာစခန်းတွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၂၆၀ တွင် နေထိုင်ခွင့်ရရှိသူများအား ရွေးချယ်ထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ဖြင့် ဆောက်လုပ်နေသည့် ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၂၄၀ သည်လည်း မကြာမီ ပေါ်ထွက်လာတော့မည်ဖြစ်ရာ မန္တလေးခရိုင်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် အောင်မြေမန္တလာ ဝန်ထမ်းအိမ်ရာစခန်းရှိ အိမ်ခန်းပေါင်း ၅၀၀ တွင် တစ်စုတစ်ဝေးတည်း နေထိုင်ခွင့်ရရှိကြတော့မည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးဝန်ကြီးတွေ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၃ ရက်က ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာမှာရှိတဲ့ အောင်မြေမန္တလာအိမ်ရာတွေကို လာရောက် ကြည့်ရှုပြီး ဝန်ထမ်းတွေ နေထိုင်မယ့် အိမ်ရာတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တဲ့အပြင် အရောင်းအိမ်ရာတွေ အကောင်အထည်ဖော် တည်ဆောက်ဖို့အတွက်လည်း အတည်ပြုပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပုသိမ်ကြီးမြို့နယ်ရှိ အောင်မြေမန္တလာ ဝန်ထမ်းအိမ်ရာများတွင် ကွန်ကရစ်လမ်းများ လျှပ်စစ်မီးနှင့် ရေသုံးစွဲရန်အတွက်လည်း မြေအောက်ရေနှင့် ဆည်တော်ကြီးရေကို ပြန်လည်သန့်စင်ပြီး ဖြန့်ဝေပေးသည့် စနစ်ဖြင့် အပြည့်အစုံ ဆောင်ရွက်ပေးထားသည့်အပြင် မကြာမီကာလအတွင်း ဝန်ထမ်းများ အငြိမ်းစားယူသွားပါက အိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် အရောင်းအိမ်ရာများ တည်ဆောက်သွားနိုင်ရန်အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **အေပီကေ(မန်းကိုယ်ပွား)**

# နာဂဒေသ လဟယ်မြို့နယ်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာ ၁၅ ရွာ ခွင့်ပြုပေး

**လဟယ် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာ ရွေးချယ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခေါင်းပေါ့က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကယ် ၊ နာဂဦးစီးအဖွဲ့အလုပ်အမှုဆောင် ဦးလော်ယုံ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဒွေးတို့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာအား အတည်ပြု ရွေးချယ်ခဲ့ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာလုပ်ငန်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၅ ရွာအတွက် တစ်ရွာလျှင် ငွေကျပ်သိန်းပေါင်း ၁၅၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထပ်တိုး ၁၅ ရွာ ခွင့်ပြုပေးခဲ့သည့်အတွက် နာဂဒေသ လဟယ်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကို ခွင့်ပြုငွေကျပ်သိန်း ၃၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ နာဂဦးစီးအဖွဲ့အလုပ်အမှုဆောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

# မိုးရွာသွန်းမှုကြောင့် လမ်းပျက်စီး၍ ကျောင်းသား ကျောင်းသူများ အခက်ကြုံ

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် အောက်တိုဘာ ၈ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ နန်းသီကျေးရွာအထွက်လမ်းသည် ရွှံ့ဗွက်များ၊ ရေအိုင်များဖြစ်ပေါ်ပျက်စီးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများအနေဖြင့် ကျောင်းတက်သွားလာရာနှင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများ သွားလာရေးအခက်တွေ့နေရကြောင်း သိရသည်။



အဆိုပါ နန်းသီကျေးရွာ အထွက်လမ်းသည် အရှည်ပေ ၁၃၂၀ နီးပါးခန့်ရှိပြီး ပျက်စီးမှုများကို ကျေးရွာပြည်သူများ၏လုပ်အား၊ ကားများဖြင့် ပြုပြင်လျက်ရှိသော်လည်း မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ လမ်းအသုံးပြုမှုများခြင်းတို့ကြောင့် ယခုအချိန်ထိ သွားရေးလာရေး ခက်ခဲလျက်ရှိကြောင်း နန်းသီကျေးရွာ ရာအိမ်မှူးထံမှ သိရသည်။

"ဒီလမ်းမကောင်းတာကြောင့် အနီးအနားကျေးရွာတွေက ကျောင်းသား ကျောင်းသူတွေနဲ့ ကျေးရွာနေပြည်သူတွေ သွားရေးလာရေးအဆင်ပြေနိုင်ဖို့ ကျွန်တော်တို့ နန်းသီကျေးရွာပြည်သူလူထုဟာ စက်အားတွေနဲ့ အမြဲတမ်းပြုပြင်ပြီးသွားလာနေရတာ ကြာပါပြီ။ အခုလမှာတော့ မိုးကအဆက်မပြတ် ရွာသွန်းနေတော့ ပြုပြင်ပေးလို့လည်း မရဘူးဆိုတော့ လမ်းကဘယ်လိုမှ မကောင်းဘူး။ ဆိုင်ကယ်ဆိုခဏခဏလဲပြီး ထိခိုက်ဒဏ်ရာတွေလည်း ရကြတယ်။ ဘယ်လိုမှ သွားလို့မရတဲ့အခါ ကျေးရွာပြည်သူတွေအနေနဲ့ လူမှုရေး၊ ကျန်းမာရေးကိစ္စတွေအတွက် ချောင်းကိုဝါးဖောင်နဲ့ဖြတ်ကူးပြီး သွားလာရတာတွေ ရှိနေလို့ အဲဒီလမ်းကို အားထားသွားလာနေရတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ကျေးရွာပြည်သူတွေ ရာသီမရွေး၊ အချိန်မရွေး အသုံးပြုသွားလာနိုင်ဖို့ နန်းသီကျေးရွာအထွက် လမ်းကိုပြုပြင်ပေးစေလိုပါတယ်" ဟု နန်းသီကျေးရွာဒေသခံတစ်ဦးက ပြောသည်။

**မော်လိုက်သားလေး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ
## ရွေးကောက်ပွဲများတွင် ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ဆောင်ရွက်နေမှုရှင်းလင်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Lee Sang-hwa **နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



**လုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးကူညီ**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကိုရီးယားသမ္မတနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ ရွေးကောက်ပွဲများ လေ့လာနိုင်ရေးဆောင်ရွက်ပေးမှု၊ ကိုရီးယားနိုင်ငံအခြေစိုက် Association of World Election Bodies (A-WEB) အဖွဲ့အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ICT စနစ်သုံးစွဲခြင်း အခြေခံသည့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုသင်တန်းများ ကူညီပံ့ပိုးနေမှု၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားရာ သံအမတ်ကြီးက ကိုရီးယားသမ္မတနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် A-WEB အဖွဲ့တို့ပူးပေါင်း၍ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးကူညီနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဗီယက်နမ်အစိုးရစစ်ဆေးရေးဌာနမှ ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဗီယက်နမ်နိုင်ငံ အစိုးရစစ်ဆေးရေးဌာနမှ ဒုတိယအကြီးအကဲ H.E. Mr. Dang CongHuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**လုပ်ငန်းစဉ်(၃)ရပ်ဖြင့် ဆောင်ရွက်မှုများ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အစိုးရဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်(၃)ရပ်ဖြင့် ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်ရေးရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF)တို့နှင့် ပူးပေါင်း၍ ကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဆောင်ရွက်မည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် APF က ကော်မရှင်၏ လက်ရှိစွမ်းဆောင်ရည်ကို သုံးသပ်ပြီးနောက် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အကြံပြုမည်ဖြစ်သည်။**

သို့ဖြစ်ရာ APF ၏ အကြီးတန်းသံတမန် ယခင် နယူးဇီလန် လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Ms. Rosslyn Joy Noonan က ၎င်းအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းရပ်များ ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ ကုလသမဂ္ဂနှင့် အာရှဖွံ့ဖြိုးရေးဘဏ် အပါအဝင် အခြား နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် ကနေဒါ၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဂျပန်၊ နော်ဝေ၊ သြစတြေးလျ၊ အီတလီ၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုသံရုံးတို့မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် UNDP ဌာနေ ညွှန်ကြားရေးမှူး Mr. Peter Batchelor တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး Ms. Rosslyn Joy Noonan က ၎င်းဆောင်ရွက်မည့် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

Ms. Noonan က အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းသည် လွတ်လပ်သော အဖွဲ့အစည်းဖြစ်ကြောင်း၊ လူ့အခွင့်အရေး ကော်မရှင်များသည် ပြည်တွင်း၌ ဆောင်ရွက်ရသည်သာမက ပြည်ပနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ဆက်ဆံဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရန် ၎င်းအား ဖိတ်ကြားပါကြောင်း၊ ၎င်းအနေဖြင့် ဆောင်ရွက်ရာတွင် (၁) ကော်မရှင်တွင် လက်ရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မှုများ၊ (၂) ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များနှင့်(၃) စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ဆောင်ရွက်နိုင်မည့်နည်းလမ်းများစသည်တို့ကို သုံးသပ်၍ အကြံပြုမည်ဖြစ်ကြောင်း၊ လေ့လာသုံးသပ်ရာတွင် ဥပဒေမူဘောင် ကိစ္စရပ်များ၊ ဦးဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ မဟာဗျူဟာစီမံချက်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း ကိစ္စရပ်များ၊ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံခြင်း၊ သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း ကိစ္စရပ်များ၊ ပညာပေးပြန့်ပွားရေးကိစ္စရပ်များ၊ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆောင်ရွက်မှုကိစ္စရပ်များ၊ စောင့်ကြည့်လေ့လာသုံးသပ်ခြင်းကိစ္စရပ်များ စသည်တို့ပါဝင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲတက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ APF ၏ အကြီးတန်းသံတမန်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် UNDP ဌာနေညွှန်ကြားရေးမှူးတို့က ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

❑ ရှေ့ဖုံးမှ

ကာကွယ်ရေးလုပ်ငန်း၊ ချောင်းကျဉ်းကျေးရွာအနီး ကလေး-ကလေးဝကားလမ်းတွင် အလျားပေ ၃၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ကလေးမြို့ နတ်မြောင်းချောင်းတွင် အလျားပေ ၅၀၀၀ ရှိ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ မင်းကင်းမြို့နယ် အောက်စသာကျေးရွာတွင် အလျားပေ ၁၀၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကသာမြို့ ဆိပ်ကမ်းတွင် အလျားပေ ၁၈၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ပိန်းတောကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဗန်းမောက်မြို့နယ် မဲတော-ပန်းတောကျေးရွာချင်းဆက်လမ်း၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ အင်းတော်မြို့နယ် ဌေ့ကြီးကျေးရွာတွင် အလျားပေ ၆၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ နတ်မဟုတ်ကလေးကျေးရွာတွင် အလျား ၉၀၅ ပေရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ပင်လည်ဘူးမြို့နယ် ကောလင်း-ပင်လည်ဘူးလမ်း မြေလင်းဘုန်းတော်ကြီးကျောင်းအနီး အလျားပေ ၂၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဝန်းသိုမြို့နယ် ပင်လည်ဘူး-ဝန်းသိုကားလမ်း ကျောက်ကြီးချောင်း (ကျောက်ပုံချောင်း)အလျားပေ ၈၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း လုပ်ဆောင်ပေးမည်ဖြစ်သည်။

ထို့အပြင် ကျွန်းလှမြို့နယ် ကိုင်းဝန်းကျေးရွာ စရိတ်သာချောင်း အလျားပေ ၇၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကန့်ဘလူမြို့နယ် ဟင်သော်ကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ရွာသာယာကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ခန္တီးခရိုင် ခန္တီးမြို့နယ် အရှေ့ကောက်တောင်းကျေးရွာတွင် အလျားပေ ၄၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မြင်းမူမြို့နယ် ဆပွကုန်းကျေးရွာတွင် အလျားပေ ၂၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မြောင်မြို့နယ် နဲ့မှုတ်ကျေးရွာတွင် အလျားပေ ၁၀၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မော်လိုက်မြို့နယ် မော်လိုက်ကလေးကျေးရွာတွင် အလျားပေ ၃၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဖောင်းပြင်မြို့နယ် ကွမ်းတောကျေးရွာတွင် အလျားပေ ၁၀၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ သငါကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ အရာတော်မြို့နယ် ဝက်ခဲကျေးရွာတွင် အလျားပေ ၁၀၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာတွင် အလျားပေ ၇၅၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ အင်တောမြစ်ရေတင်နေရာတွင် အလျားပေ ၃၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ယင်းမာပင်မြို့ ကျောက်မှော်ကျေးရွာတွင် အလျား ပေ ၃၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဆားလင်းကြီးမြို့နယ် နှောကူးကျေးရွာတွင် အလျားပေ ၁၃၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကနီမြို့နယ် ဒင်ပေါက်ကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ပျဉ်းမှော်ကျေးရွာတွင် အလျားပေ ၁၀၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ခင်ဦးမြို့နယ် သက်ပေး၊ လက်ပံကွက်၊ ဇီးတောကျေးရွာတို့တွင် အလျားပေ ၁၈၆၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ တန့်ဆည်မြို့နယ် နန္ဒင်းတောကျေး-စည်သာကျေးရွာချင်းဆက်လမ်းတွင် အလျားပေ ၁၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၊ ဝက်လက်မြို့နယ် နဘဲလှကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဒီပဲယင်းမြို့နယ် တနယ်ကျေးရွာတွင် အလျားပေ ၅၀၀ ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၁၇-** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေ မှ ငါးပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၇

**အကြိမ်(၄၀)မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ အစည်းအဝေး၊ (၁၈)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးများကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Melia Hanoi Hotel ၌ အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့ တက်ရောက်ခဲ့ကြသည်။**



အောက်တိုဘာ ၁၂ ရက်တွင် အာဆီယံနိုင်ငံများနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့အကြား စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အာဆီယံနှင့်အပေါင်း သုံးနိုင်ငံများ၏ အရေးပေါ် ဆန်အရန်ရိက္ခာဆိုင်ရာ သဘောတူညီချက် စသည့် နားလည်မှုစာချွန်လွှာ (၃)စောင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံကိုယ်စား ပါဝင်လက်မှတ်ရေးထိုးသည်။

**လက်မှတ်ရေးထိုး**

အလားတူ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ပင်မအရင်းအမြစ်များနှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့အကြား လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လက်မှတ်ရေးထိုးသည်။ (ဓာတ်ပုံ)

**လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းချမှတ်**

အစည်းအဝေးကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အက္ခရာစဉ်အလိုက် လက်ခံကျင်းပသည့် အစည်းအဝေးများဖြစ်ပြီး လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတို့နှင့် ပတ်သက်၍ အာဆီယံလုပ်ငန်းအဖွဲ့အသီးသီးတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အာဆီယံဒေသအတွင်း ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များ၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့အကြား သုတေသနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများအား ညှိနှိုင်းသုံးသပ်ဆွေးနွေးခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းချမှတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့**

အစည်းအဝေးတွင် ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် စားနပ်ရိက္ခာ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံကဏ္ဍပေါင်းစုံ မူဘောင်၊ အာဆီယံနိုင်ငံများ၏ ဇီဇပြုပြင်ထားသည့် စားသောက်ကုန်စမ်းသပ်စစ်ဆေးသည့် ကွန်ရက်ဆိုင်ရာ လုပ်ငန်းစဉ် (၂၀၁၈-၂၀၂၅)၊ အာဆီယံနိုင်ငံများအတွင်း ဓာတ်ကြွင်းအာနိသင် အမြင့်ဆုံးသတ်မှတ်ချက် ခုနစ်ခု၊ အာဆီယံနိုင်ငံများအတွင်း ဓာတ်ကြွင်းအာနိသင် အမြင့်ဆုံးသတ်မှတ်ချက်များ ပြန်လည်ဆန်းစစ်လေ့လာချက် ၇၅ ခု၊ အော်ဂဲနစ်သီးနှံများ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး အာဆီယံလမ်းညွှန်ချက်၊ အုန်းသီး၊ ပိန်းဥနှင့် ဒူးရင်းသြဇာသီးနှံများအတွက် အာဆီယံစံညွှန်းများ၊ ဥယျာဉ်ခြံထွက်ကုန်နှင့် အခြားသီးနှံများအတွက် အာဆီယံစံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍ ဦးစားပေး လုပ်ငန်းစဉ်များ၊ တိရစ္ဆာန်ဆေးဝါးများအတွက် အာဆီယံစံချိန်စံညွှန်းများ၊ ဝက်မွေးမြူရေးလုပ်ငန်းအတွက် မွေးမြူရေးအလေ့အကျင့်ကောင်းများ၊ စိုက်ပျိုးရေးဆိုင်ရာတန်ဖိုး ကွင်းဆက်တစ်လျှောက်တွင် စိုက်ပျိုးရေးသမဝါယမ၏အခန်းကဏ္ဍ မြှင့်တင်ရေးလမ်းပြမြေပုံ (၂၀၁၈-၂၀၂၅)၊ စားနပ်ရိက္ခာ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလမ်းညွှန်ချက်၊ စားနပ်ရိက္ခာ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတွင် ကျား မ တန်းတူပါဝင်မှုဆိုင်ရာများ၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်၊ အာဆီယံနိုင်ငံများအတွင်း သစ်တော ဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အာဆီယံဒေသတွင်း ကိုကိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ASEAN Tuna Eco-labelling (ATEL) Policy Paper on the Establishment of ASEAN Regional Eco-labelling Scheme၊ အာဆီယံဒေသတွင်း စားနပ်ရိက္ခာနှင့် တိရစ္ဆာန် အစားအစာအတွက် အလျင်အမြန် တုံ့ပြန်သည့်စနစ်ဆိုင်ရာ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ ဆက်သွယ်ရန် ပုဂ္ဂိုလ်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ဦးဆောင်ကော်မတီ၏တာဝန်များ၊ အာဆီယံဒေသတွင်း စားနပ်ရိက္ခာနှင့် တိရစ္ဆာန် အစားအစာအတွက် အလျင်အမြန် တုံ့ပြန်သည့်စနစ်ဆိုင်ရာ လုပ်ငန်းစဉ် (၂၀၁၈-၂၀၂၃) တို့အား အဖွဲ့ဝင်နိုင်ငံများက အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာမှု၏ ကနဦးတွေ့ရှိချက်များအား သတင်းမီဒီယာများသို့ ရှင်းလင်းတင်ပြ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့နှင့် ဖန်တီးအိမ်အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာမှု၏ ကနဦး တွေ့ရှိချက်များအား သတင်းမီဒီယာများသို့ ရှင်းလင်းတင်ပြခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



**ရှင်းလင်းပြောကြား**

အဆိုပါရှင်းလင်းပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE)မှ စီမံကိန်းမန်နေဂျာ ကိုဟန်စိုးထွန်းနှင့် ဖန်တီးအိမ်အဖွဲ့ဒါရိုက်တာဖြစ်သူ ဒေါ်ခင်လေးငယ်တို့က မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း ကနဦး အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

**စောင့်ကြည့်လေ့လာစေခဲ့**

၎င်းတို့အနေဖြင့် စက်တင်ဘာ ၃ ရက်မှစတင်၍ ကာလရှည် စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် ဒေသများရှိ မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်အနေအထားများကို စောင့်ကြည့်လေ့လာစေခဲ့ကြောင်း သိရသည်။

**လှုံ့ဆော်ပြောဆိုမှုအနည်းငယ်ရှိ**

မဲဆွယ်စည်းရုံးရေးကာလ သီတင်းငါးပတ်အတွင်း စောင့်ကြည့်လေ့လာခဲ့သည့် စုဝေးဟောပြောမှုများနှင့် တွေ့ဆုံမေးမြန်းမှုများအရ ကိုယ်စားလှယ်လောင်းတစ်ဦးဦးက အခြားကိုယ်စားလှယ်လောင်းနှင့် ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးအပုပ်ချပြောဆိုမှု၊ အုံကြွအောင်ပြုလုပ်မှုများမရှိသော်လည်း လူမျိုးမတူမှုအပေါ် အခြေခံ၍ လှုံ့ဆော်ပြောဆိုမှု အနည်းငယ်ရှိသည်ကို တွေ့ရကြောင်း သိရသည်။

ဖန်တီးအိမ်အဖွဲ့မှ ဒါရိုက်တာအဖြစ် တာဝန်ယူထားသည့် ဒေါ်ခင်လေးငယ်က "အဓိက ဒီမဲဆွယ်စည်းရုံးရေး လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးစောင့်ကြည့်ခဲ့တာပေါ့နော်။ အဲဒီမှာတွေ့ရှိချက်အရဆိုရင်တော့ ကော်မရှင်ကို မဲဆွယ်စည်းရုံးပါမယ်လို့ စာတင်ပြီးတော့ လုပ်တဲ့ဟောပြောပွဲတွေပေါ့နော်။ အဲဒါတွေကို အဓိက စောင့်ကြည့်တာပါ။ အဲဒီအခါ လူပုဂ္ဂိုလ်ပေါ့၊ ကိုယ်နဲ့ပြိုင်ဘက်ပါတီတို့ ပြိုင်ဘက်လူတွေကို လူအချင်းချင်း ပုတ်ခတ်ပြောဆိုပြီး မဲဆွယ်တာမျိုးတော့ မတွေ့ရဘူး။ ဒါပေမယ့် ကျွန်မတို့ရဲ့ စောင့်ကြည့်လေ့လာတဲ့လူတွေရဲ့ အစီရင်ခံစာအရတော့ တချို့နေရာတွေမှာ ဘာသာရေး၊ လူမျိုးရေးနဲ့ပတ်သက်ပြီးပြောတာမျိုး အနည်းငယ်တွေ့ရပါတယ်။ နောက်တစ်ခုကကျတော့ အမျိုးသမီးဖြစ်ချင်းအပေါ်မူတည်ပြီး နှိမ့်ချပြောဆိုတာမျိုးတော့ မတွေ့ခဲ့ရပါဘူး"ဟု ပြောကြားသည်။

ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် တရားဝင်တိုင်ကြားမှု သုံးခုရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ မဲဆွယ်စည်းရုံးရေးပစ္စည်းများ ဖျက်ဆီးခံရမှုများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ မဲဆွယ်စည်းရုံးရေးတွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့၏ ရုပ်ပုံများကို အသုံးပြုသည်ဟူသော စွပ်စွဲချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက ကိုယ်စားလှယ်လောင်းတစ်ဦးကို ပုဂ္ဂိုလ်ရေးအရ အပုပ်ချပြောဆိုမှုနှင့် နိုင်ငံပိုင်အရင်းအမြစ်များကို မဲဆွယ်စည်းရုံးရာတွင် သုံးစွဲခြင်းတို့ဖြစ်ကြောင်း သိရသည်။

**နည်းလမ်းများကို အသုံးပြုကြ**

မဲဆွယ်စည်းရုံးမှု ပြုလုပ်ရာတွင် ကိုယ်စားလှယ်လောင်းများက လက်ကမ်းစာစောင်များ ဝေငှခြင်းကို ၆၉ ရာခိုင်နှုန်း၊ လူထုဟောပြောပွဲများ ၆၀ ရာခိုင်နှုန်းနှင့် ပိုစတာများ ချိတ်ဆွဲခြင်းကို ၄၆ ရာခိုင်နှုန်းနည်းလမ်းများကို အသုံးပြုကြကြောင်း သိရသည်။

**စုဝေးဟောပြောမှု အနည်းငယ်ရှိ**

ထို့ပြင် ၎င်းတို့ တွေ့ဆုံမေးမြန်းခဲ့သည့် ကိုယ်စားလှယ်လောင်း ၄၃ ဦးတွင် ၃၃ ဦးမှာ မဲဆွယ်စည်းရုံးရေး တာဝန်ခံများ ခန့်ထားသည်ဟုဖြေဆိုခဲ့ပြီး ခန့်ထားသူအများစုမှာ အမျိုးသားများသာဖြစ်ပြီး အမျိုးသမီးတာဝန်ခံ နှစ်ဦးသာရှိကြောင်း သိရသည်။ စုဝေးဟောပြောမှုများကို အများအားဖြင့် ပန်းခြံ၊ ဈေး စသော အများနှင့်သက်ဆိုင်သည့်နေရာများနှင့် ကိုယ်ပိုင်ရုံးခန်း၊ နေအိမ်များတွင် အများဆုံး ပြုလုပ်လေ့ရှိပြီး ဘာသာရေးနှင့်သက်ဆိုင်သော နေရာများတွင်စုဝေးဟောပြောမှု အနည်းငယ်ရှိကြောင်း သိရသည်။ အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်နိုင်ရန်အတွက် အဓိကထားသည့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို စောင့်ကြည့်လေ့လာခဲ့သော မြို့နယ် ၁၂ မြို့နယ်အနက် လေးမြို့နယ်၌သာ တွေ့ရှိရကြောင်း သိရသည်။

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများသည် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် ၁၃ နေရာအနက် ၁၂ နေရာကို နိုဝင်ဘာ ၂ ရက်အထိ ကျန်ရှိသည့် မဲဆွယ်စည်းရုံးရေးကာလကို စောင့်ကြည့်လေ့လာမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဖန်တီးအိမ်အဖွဲ့သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလတွင် အမျိုးသမီးပါဝင်မှုကို စောင့်ကြည့်ခဲ့ပြီး PACE အဖွဲ့သည် ရွေးကောက်ပွဲဖြစ်စဉ်နှင့် ပတ်သက်၍ စောင့်ကြည့်ခဲ့သော အဖွဲ့အစည်းများဖြစ်ကြောင်း သိရသည်။ ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ကမ္ဘာလှည့်ခရီးသည်များ ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် လာရောက်လည်ပတ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု Exo Travel Myanmar Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် ဂျာမနီနိုင်ငံသား သုံးဦးနှင့် ဗြိတိန်နိုင်ငံသားတစ်ဦးတို့သည် ကိုယ်ပိုင် မော်တော်ယာဉ်တစ်စီးဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ တမူးနယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး တမူး-ကလေး- မုံရွာ- မန္တလေး- ပုဂံ- ကလော- ညောင်ရွှေ (အင်းလေး)- ပဲခူး- ကျိုက်ထီးရိုး- ရန်ကုန်မြို့များသို့ သွားရောက်လည်ပတ်၍ အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီကာလဖြစ်ခြင်းနှင့် ခရီးသွားဧည့်သည် တိုးမြှင့်ဝင်ရောက်လာနိုင်ရေး ဘက်ပေါင်းစုံမှ ဖြေလျှော့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏ ထင်ရှားသောဒေသများသို့ လာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ငါးမြို့နယ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၁၈ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ငါးမြို့နယ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ပြည်မြို့သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်တက္ကသိုလ် ကျောင်းသား ကျောင်းသူများက "တို့အင်တို့အား" စာတတ်မြောက်ရေးသီချင်းဖြင့် သီဆိုဂုဏ်ပြု ဖွင့်လှစ်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်ရေးအတွက် ဌာနပေါင်းစုံ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်၊ ပြည်သူတို့၏ လူနေမှုဘဝပိုမိုမြင့်မားရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် စာတတ်မြောက်ရေးလုပ်ငန်းစဉ်တွင် စာသင်သားများ စေတနာရှင်လုပ်အားပေးနည်းပြများနှင့် ကြီးကြပ်များ၏ လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်း ကူညီဆောင်ရွက်ပေးကြရန်နှင့် စာသင်သားအရေအတွက် တိုးလာပါကလည်း သက်ဆိုင်ရာသို့ အချိန်မီစာရင်းပေးသွင်းဆောင်ရွက်ကြရန် ပြောကြားသည်။

**အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်ရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် သက်ကြီးစာတတ်မြောက်မှုနှုန်း မြင့်မားရေးနှင့် စဉ်ဆက်ပညာသင်ယူမှုကို အားပေးမြှင့်တင်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခင်အခါက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို နွေရာသီကာလတွင်သာ ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ယခုအခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ တစ်ဆယ့်နှစ်ရာသီပတ်လုံး အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါက်ခေါင်း၊ ပေါင်းတည်၊ အုတ်ဖို၊ လက်ပံတန်းနှင့် သာယာဝတီ ငါးမြို့နယ်တွင် အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ရက်ပေါင်း ၄၀ အတွင်း စာသင်ဝိုင်း ၁၉၈ ဝိုင်းမှ စာသင်သား ၂၁၁၇ ဦးကို စေတနာရှင်လုပ်အားပေးနည်းပြနှင့် ကြီးကြပ် ၄၁၆ ဦးတို့က သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ စာသင်သားများကို အရေး၊ အဖတ်၊ အတွက် သင်တန်းသုံးစာအုပ်များအပြင် သင်တန်းပြီးသည့်အခါ ဆက်လက်ဖတ်ရှုလေ့လာနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး ဘဝသာယာရေးဝင်ငွေတိုးလုပ်ငန်းများဆိုင်ရာ စာစဉ်များကိုလည်း ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။




ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဒေါက်တာဇော်ဝင်းက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ငါးမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများအတွက် ထောက်ပံ့ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးတို့က ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲတွင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူ အကအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်သည်။

ထို့နောက် ခင်းကျင်းပြသထားသော ပြခန်းများကို ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

**သင်ကြားသင်ယူရေးနှင့် စီမံခန့်ခွဲရေး ပိုမိုကောင်းမွန်ရေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်တက္ကသိုလ်သို့ ရောက်ရှိကာ အစည်းအဝေးခန်းမ၌ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ပညာရေးမိသားစုများနှင့်တွေ့ဆုံ၍ ပညာရေးအရည်အသွေးမြင့်မားရေး သင်ကြားသင်ယူရေးနှင့် စီမံခန့်ခွဲရေး ပိုမိုကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ပြည်မြို့(ရုံးခွဲ)တွင် တိုင်းဒေသကြီးခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်ပညာရေးကောလိပ် တည်ဆောက်ရေး စီမံကိန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့ အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်သည့်အနေဖြင့် အသေးစားစီမံကိန်းတစ်ခုကို အောက်တိုဘာ ၁၆ ရက်မှ စတင်ကာ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့မဟာဗန္ဓုလလမ်းမပေါ်ရှိ ဆူးလေမှတ်တိုင်တွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါမှတ်တိုင်နေရာတွင် ဝိုင်ဘီအက်စ်ဘတ်စ်ကားငါးလိုင်း ပြေးဆွဲလျက်ရှိပြီး ဘတ်စ်ကားအစီးရေ ၁၀၀ ကျော်ခန့် ရပ်နားရာ ယာဉ်ကြောဆိုင်ရာ စီမံခန့်ခွဲမှုမရှိသောကြောင့် ဆိုးရွားသော ယာဉ်ကြောပိတ်ဆို့မှုများအပြင် လမ်းလျှောက်သူပြည်သူများအတွက် လုံခြုံမှုမရှိခြင်းကြောင့် ဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်သည့် စီမံကိန်းအပိုင်း ကဏ္ဍတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမှတ်တိုင်နေရာတွင် ဝင်ရောက်ရပ်နားမည့် ခရီးသည်တင်ဘတ်စ်ကားများအနေဖြင့် အဆင်းခရီးသည်ကို အဖြူရောင်အကွက် သတ်မှတ်နေရာတွင် ဆင်းခွင့်ပြုပြီးနောက် မိမိယာဉ်ရပ်တန့်ရမည့်နေရာ(မျဉ်းဝါအကွက်)သို့ သွားရောက်ကာ ခရီးသည်တင်ခြင်းကို ပြုလုပ်ရမည်ဖြစ်သည်။ ခရီးသည်များအတွက်လည်း တက်ရမည့်နေရာနှင့် ဆင်းရမည့်နေရာများကို သတ်သတ်စီခွဲထား၍ တက်ရမည့်နေရာကို ဘတ်စ်ကားလမ်းကြောင်းအလိုက် ခွဲခြားထားသည်။ ဝိုင်ဘီအက်စ် ၈၉၊ ၅၇၊ ၇၂ ယာဉ်လိုင်းများသည် လမ်း၏အတွင်းဘက်တွင် လည်းကောင်း၊ ဝိုင်ဘီ အက်စ်၄၊ ၇ ယာဉ်လိုင်းများသည် လမ်း၏ယာအစွန်ဘက်တွင်လည်းကောင်း ယာဉ်လိုင်းအလိုက် သတ်မှတ်ထားသော မှတ်တိုင်နေရာများတွင် သွားရောက်စီးနင်းရမည်ဖြစ်သည်။

ဝိုင်ဘီအက်စ် ၇ (အဝါ) ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုကျော်ဝင်းစိုးက "ဒီစနစ်လုပ်လိုက်လို့ အဆင်ပြေရင်တော့ ပိုကောင်းတာပေါ့။ အရင်ကတော့ ရပ်ချင်တဲ့နေရာရပ်၊ တင်ချင်တဲ့နေရာတင်ဆိုတော့ စည်းကမ်းမဲ့ ဗရမ်းဗတာပုံစံမျိုးပေါ့။ အခုအတိုင်းလေး အဆင်ပြေသွားရင်တော့ ပိုကောင်းပါတယ်"ဟု လက်ရှိ စတင်ကျင့်သုံးနေသော ယာဉ်အဆင်း၊ အတက်စနစ်အပေါ် သူ၏အမြင်ကို ပြောသည်။

အဆိုပါစနစ်ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)က JICA ၏ အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရှေ့ပြေးစမ်းသပ်မှုအဖြစ် ဆူးလေမှတ်တိုင်ကို စတင်ပြုလုပ်ခြင်းဖြစ်ကာ နောက်ပိုင်းတွင် အခြားနေရာများသို့ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**



## အရက်၊ ဘီယာတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အရက်၊ ဘီယာတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုမူဝါဒဖြင့် အထောက်အပံ့ပြုလျက်ရှိရာ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၃) ဖြင့် ပြည်ပမှ အရက်၊ ဘီယာ၊ စီးကရက် တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားပါကြောင်း။

လက်ရှိ ပြောင်းလဲတိုးတက်လာသော အခြေအနေအရ၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလာခြင်းကြောင့် နိုင်ငံတကာလေဆိပ်များတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော အကောက်ခွန်လွတ် အရောင်းဆိုင်များတွင် ရောင်းချရန်အတွက်လည်းကောင်း၊ ဟိုတယ်များ အသုံးပြုရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် လည်းကောင်း၊ အရက်၊ ဘီယာ၊ စီးကရက်တို့ကို အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုပေးထားပါကြောင်း။

ဟိုတယ်များအတွက် ယစ်မျိုးလိုင်စင်နှင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ပါအချက်အလက်များကို ထိရောက်စွာလိုက်နာစေရေးအတွက် စိစစ်ကြီးကြပ်မှုများ တိုးမြှင့်နိုင်ရန်နှင့် ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း လိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ အရက်အတုအများအပြား ဝင်ရောက်နေခြင်း၊ နိုင်ငံအတွင်း၌ အရက်၊ ဘီယာများ ရောင်းချခွင့် လိုင်စင်မရှိဘဲ ရောင်းချနေခြင်းနှင့် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၌ သတ်မှတ်ချက်ထက်ပို၍ ဝယ်ယူနေမှုများကို ထိန်းချုပ်ဆောင်ရွက်ရန်၊ ဟိုတယ်၊ တည်းခိုခန်းများအတွက် ယစ်မျိုးလိုင်စင်နှင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်အား ထုတ်လုပ်မှုနှင့် အခွန်ကောက်ခံမှုနှုန်းထားသတ်မှတ်ချက်နှင့်အညီ မြှင့်တင်ဆောင်ရွက်ရန်၊ ပြည်တွင်းအရက် ထုတ်လုပ်သည့် ကုမ္ပဏီကြီးများကိုလည်း တစ်ပုလင်းထုတ်လုပ်လျှင် တစ်ပုလင်းအပေါ် တိုက်ရိုက်ကောက်ခံသည့် စနစ်ဖြင့် စည်းကြပ်ပြီး ယခင်အခွန်နှုန်းထားကို ထပ်မံမြှင့်တင်ရန်၊ ပြည်တွင်း အရက်ထုတ်လုပ်မှုများကိုလည်း အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး စိစစ်စစ်ဆေးမှုများ ပြုလုပ်ရန်တို့ကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

ပြည်တွင်းမှထုတ်လုပ်သော အရက်များကိုလည်း အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး၊ စိစစ်၊ စစ်ဆေးမှုများပြုလုပ်ရန် လမ်းညွှန်ချက်အတိုင်း သက်ဆိုင်ရာဌာနများအနေဖြင့် သတ်မှတ်အရည်အသွေးပြည့်မီစေရေးနှင့် စားသုံးသူများအတွက် အကာအကွယ်ပေးနိုင်ရန်အတွက်လည်း သက်ဆိုင်ရာများမှ စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# စားနပ်ရိက္ခာဖူလုံရေး အားလုံးစုပေါင်းကြိုးပမ်းကြရမည်



**Kဇင်သစ်(မန်းတက္ကသိုလ်)**

သက်ရှိသတ္တဝါတို့ ရှင်သန်ရပ်တည်နိုင်ရေးတွင် စား၊ ဝတ်၊ နေရေးသည် လွန်စွာမှ အရေးကြီးလှပေသည်။ ထိုအထဲတွင် အဓိက စားရေးသည် မရှိမဖြစ်လိုအပ်သလို၊ စားနပ်ရိက္ခာဖူလုံရေးကိုလည်း အစဉ်ကြိုးစားနေကြရမည်ဖြစ်ပေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG) (၁၇)ရပ်တွင် ပန်းတိုင်(၂) ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟူ၍လည်းကောင်း၊ ပန်းတိုင်(၁၂) စဉ်ဆက်မပြတ်စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများ ဖြစ်ပေါ်စေရေးဟူ၍လည်းကောင်း ပါဝင်နေသည်ကို အားလုံးအသိပင်ဖြစ်ပေသည်။ SDG ရည်မှန်းချက်ပန်းတိုင်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများက တတ်စွမ်းသမျှ ကြိုးပမ်းနေဘိသကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီးများကလည်း ၎င်းတို့ကိုယ်စွမ်းရှိသရွေ့ဖြည့်တင်းကူညီနေသည်ကိုလည်း တွေ့နေရပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agricultural Organization of the United Nation- FAO)သည် အထက်ပါ ပန်းတိုင်နှစ်ရပ်ကို သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ ကြိုးပမ်းလုပ်ဆောင်နေသည်ကို မြင်တွေ့နေရသည်။

## ကမ္ဘာ့စားနပ်ရိက္ခာနေ့

ကမ္ဘာတစ်ဝန်း နိုင်ငံများတွင် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်နေ့ရောက်တိုင်း ‘ကမ္ဘာ့စားနပ်ရိက္ခာနေ့’ အခမ်းအနားများကို ကျင်းပပြုလုပ်ကြသည်။ မြန်မာနိုင်ငံတွင်လည်း ယခုနှစ် ‘ကမ္ဘာ့စားနပ်ရိက္ခာနေ့’ အခမ်းအနားကို FAO သတ်မှတ်ထားသည့်ဆောင်ပုဒ် (Our Actions are our Future: A #Zero Hunger world by 2030 is possible) ‘ငတ်မွတ်ကင်းစင် ၂၀၃၀ တွင်၊ တို့ရဲ့အနာဂတ် တို့ပြင်ဆင်’ ဖြင့် ကျင်းပမည်ဖြစ်သည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ပြည်သူများ ဝမ်းစာပြည့်ဝ၍ ငတ်မွတ်မှုကင်းစင်အောင် မိမိတို့၏အနာဂတ်အတွက် မိမိတို့ ပြင်ဆင်ထားကြဖို့ FAO က မီးမောင်းထိုးပြနေခြင်း ဖြစ်ပေသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးရောမွေးမြူရေးပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းသည် အလိုအလျောက် ဝမ်းစာဖူလုံပြည့်စုံရုံသာမက ပိုလျှံမှုတွေကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အထိပါ မျှော်မှန်းထားသည်ဟု သိရှိရသည့်အတွက် ပြည်သူတစ်ယောက်အနေဖြင့် ကျေးဇူးတင်၊ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆိုပါရစေ။ လူသားတို့၏ နေ့စဉ်စားသုံးမှုအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ ထွက်ကုန်ပစ္စည်းများကို သုံးစွဲနေရသည့်အတွက် ယင်းကဏ္ဍများ၌ ပါဝင်ပတ်သက်သူအားလုံးတွင် ကိုယ်စီတာဝန်ရှိနေမည်လည်း ဖြစ်ပေသည်။

သမိုင်းကြောင်းကိုလေ့လာကြည့်လျှင် လူဦးရေ အများဆုံးရှိသည့် အိမ်နီးချင်းနိုင်ငံကြီးတွင် ၁၉၅၀ ပြည့်နှစ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်များ ကျဆင်းပြတ်တောက်လာမှုကြောင့် ၁၉၅၉-၁၉၆၁ ခုနှစ်များအတွင်း အငတ်ဘေးသဖွယ်ကျရောက်ခဲ့သည့် ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီးကြောင့် ယင်းနိုင်ငံတွင် လူဦးရေ သန်း ၃၀-၄၀ ခန့် သေဆုံးခဲ့ရသည့်ဖြစ်စဉ်များလည်း ရှိခဲ့သည်ကို လေ့လာမိပါသည်။ ၂၀၁၅ ခုနှစ် သုတေသနစစ်တမ်းများအရ ကမ္ဘာတစ်ဝန်း လူဦးရေ ၇၉၅ သန်းခန့်မှာ အာဟာရပြည့်စုံလုံလောက်မှုမရှိပါ။ (အာရှ-ပစိဖိတ်တွင် သန်း ၄၉၀)။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာကြီးအနေဖြင့် အစားအစာ ၇၀ ရာခိုင်နှုန်း ပိုမိုလိုအပ်လာမည်ဟု ဆိုပါသည်။

## မြန်မာနိုင်ငံအခြေအနေ

လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း(၂၀၁၅-၂၀၁၆)အရ မြန်မာနိုင်ငံတွင် ခြောက်လမှ တစ်နှစ်အောက် ကလေးများ၏ ၇၆ ဒသမ ၄ ရာခိုင်နှုန်း၊ တစ်နှစ်မှ နှစ်နှစ်အောက် ကလေးငယ်များ၏ ၇၄ ဒသမ ၈ ရာခိုင်နှုန်း၊ မျိုးဆက်ပွားအရွယ် အမျိုးသမီးများ၏ ၄၆ ဒသမ ၆ ရာခိုင်နှုန်းတို့တွင် သွေးအားနည်းရောဂါများ ဖြစ်ပွားလျက်ရှိနေခြင်း၊ ငါးနှစ်အောက် ကလေးငယ်များ၏ ၂၉ ဒသမ ၂ ရာခိုင်နှုန်းတွင် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်း(ပုည့်ကျက်ခြင်း)၊ ၇ ရာခိုင်နှုန်းတွင် ပိန်လှီခြင်းနှင့် ၁၈ ဒသမ ၉ ရာခိုင်နှုန်းတွင် ကိုယ်အလေးချိန် မပြည့်ခြင်း၊ ခြောက်လမှ နှစ်နှစ်အရွယ် ကလေးငယ်များ၏ ၁၆ ရာခိုင်နှုန်းသာ အနိမ့်ဆုံးလက်ခံနိုင်သည့်အစာအာဟာရ (Minimum Acceptable Diet-MAD)ကို စားသုံးလျက်ရှိခြင်း စသည့်အခြေအနေတို့ရှိနေကြောင်း သိရှိရသည်။ ယင်းအခြေအနေတွေကို ကုစားနိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးအပိုင်းများတွင် လက်ရှိအနေအထားထက် ပိုမိုအားထုတ်လုပ်ဆောင်ကြရန် လိုနေပြီဖြစ်သည်။

ယခုနှစ်ဆောင်ပုဒ်နှင့်အညီ အားလုံးပူးပေါင်းပါဝင်ကာ ကြိုးစားလုပ်ဆောင်ကြမှသာ ကမ္ဘာ့ပြည်သူများ ၂၀၃၀ တွင် ငတ်မွတ်မှုကင်းစင်မှာ အမှန်ပင်ဖြစ်ပေသည်။ စိုက်ပျိုး-မွေးမြူထုတ်လုပ်သည့် နိုင်ငံများမှ အခြားသောနိုင်ငံများသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းနေခြင်းသည် ကမ္ဘာ့လူသားတို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှကူညီရာလည်းရောက်ပေမည်။ ကမ္ဘာတစ်ဝန်း ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အစာရေစာပြတ်လပ်မှုကြောင့် ကလေးငယ်များ အတိဒုက္ခရောက်နေကြသည်ကို မျက်မှောက်ကာလ သတင်းများတွင် ဖော်ပြနေသည်ကို တွေ့နေရပါသည်။

## မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် အခြေခံစားကုန်စျေးနှုန်း အနည်းငယ်မြင့်တက်မှုရှိနေသော်လည်း မြန်မာနိုင်ငံတွင် အစာအာဟာရပြည့်ဝအောင် ဝယ်ယူစားသုံးနိုင်သည့် အနေအထားတော့ ရှိနေပါသည်။ ပဲမျိုးစုံ ပြည်ပတင်ပို့မှုမှာ အကြီးဆုံးသော စိုက်ပျိုးရေးပို့ကုန်များတွင် ပါဝင်နေပြီး မြန်မာ့ပဲကို ပြည်တွင်းစားသုံးဖူလုံမှုမှာလည်း ပြောဖွယ်မရှိပေ။ မြန်မာလူမျိုးတို့ အဓိကစားသုံးသည့် ဆန်စပါးကဏ္ဍကိုကြည့်လျှင်တော့ တစ်နိုင်ငံလုံး စားသုံးဖူလုံမှု ၁၆၈ ရာခိုင်နှုန်းခန့်ရှိသော်လည်း မန္တလေးတိုင်းဒေသကြီးတွင် ၆၆ ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီးတွင် ၉၈ ရာခိုင်နှုန်းနှင့် ချင်းပြည်နယ်တွင် ၆၆ ရာခိုင်နှုန်းရှိနေသေးကြောင်း တွေ့ရမည်ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ခုနှစ် နွေ+မိုးစပါး ဧက ၁၇ ဒသမ ၂၈၂ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး တင်းပေါင်း ၁၁၀၅ ဒသမ ၃၅၆ သန်း ထုတ်လုပ်နိုင်ကာ ပြည်တွင်းစားသုံးမှု လုံလောက်ရုံသာမက အရန်ဆန်များ ထားရှိနိုင်ခဲ့သည်။ ဆန်မက်ထရစ်တန်ချိန် ၃ ဒသမ ၅၁၈ သန်းကျော်အထိ တင်ပို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နှစ်ပေါင်း ၇၀ အတွင်း ပြည်ပသို့ဆန်တင်ပို့မှုစံချိန်မြင့်မားလာခဲ့သည့် သက်သေပင်ဖြစ်သည်။

ယင်းသို့ ပြည်တွင်းစားသုံးမှုဖူလုံခဲ့ပြီး ပြည်ပသို့တင်ပို့နိုင်ခဲ့ခြင်းမှာ ဒေသအလိုက် အသုံးပြုနိုင်သည့် စပါးမျိုးသစ်ကိုးမျိုး သုတေသနပြုထုတ်လုပ်နိုင်ခဲ့ခြင်း၊ စိုက်ပျိုးရေရရှိအောင် မြေအောက်ရေနှင့် ဆည်တမံများမှ ရေအသုံးချမှု စီမံခန့်ခွဲပေးနိုင်ခဲ့ခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ စက်ကိရိယာအသုံးပြုမှု တွင်ကျယ်လာရေး ကျွမ်းကျင်မှုသင်တန်းများ ပေးနိုင်ခဲ့ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်အောင်နှင့် ပိုးမွှားကင်းစင်အောင် နည်းပညာပေးခြင်းနှင့် ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးမှုပုံစံများ ဆန်းသစ်တီထွင်ပေးနိုင်ခဲ့ခြင်း၊ စိုက်ပျိုးမြေ ဧကများ တိုးတက်စိုက်ပျိုးနိုင်ရန် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်နိုင်ခဲ့ခြင်း၊ မျိုးစေ့ထုတ်သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ခြင်း၊ လယ်ယာကဏ္ဍ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ငွေကြေးဆိုင်ရာထောက်ပံ့ပေးခြင်း(Supply Chain Financing)အပိုင်းကို သမဝါယမအသင်းများက အကျိုးရှိစွာ ထောက်ပံ့ပေးနိုင်ခဲ့ခြင်းများကြောင့်ဟု ဆိုနိုင်ပေသည်။

ဆန်စပါးအပြင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ပြောင်း၊ စားဖိုဆောင်သီးနှံ၊ သစ်သီးဝလံ၊ လက်ဖက်၊ နှစ်ရှည်သီးနှံ သရက်၊ ရော်ဘာ၊ ကော်ဖီတို့ကိုလည်း ဒေသအလိုက် စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ခေတ်မီနည်းပညာ ကူညီပံ့ပိုးပေးမှုများရှိနေခြင်းကြောင့် ပြည်တွင်းဝမ်းစာဖူလုံရေးမှာ စိတ်အေးရမည့်အနေအထားတွင် ရှိနေမည်ဟု မှန်းဆရသည်။ လယ်ယာထွက်ကုန်များ ပြည်ပသို့တင်ပို့နိုင်ခဲ့ခြင်းသည် ကမ္ဘာ့လူသားတို့ စားနပ်ရိက္ခာ ဖူလုံရေးအတွက် ကျေးလက်နေတောင်သူဦးကြီးများ၊ အစိုးရပိုင်းဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ၏ စုပေါင်းစွမ်းအားဖြင့် အားဖြည့်ကူညီလုပ်ဆောင်နေခြင်းဖြစ်ရာ ‘ကုသိုလ်လည်းရ ဝမ်းလည်းဝ’ ပမာ ရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။

**“လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်ခဲ့သော်လည်း မျှော်မှန်းသလောက် ဝင်ရောက်လုပ်ကိုင်ကြခြင်းမတွေ့ရသည်က လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုဟု ထင်မိပါသည်။ ကျဉ်းမြောင်းသောလယ်ကွက်ငယ်၊ မညီမညာ အချွန်ထွက်နေသော လယ်ယာမြေတွေကို စနစ်တကျအဆင့်မြင့်စက်မှုလယ်ယာအဖြစ် မပြောင်းလဲနိုင်သေးသရွေ့ ရာသီဥတုဖောက်ပြန်မှုကို အန်တုနိုင်ရန်၊ အရည်အသွေး ကောင်းမွန်ပြီး အထွက်နှုန်းကောင်း သီးနှံများရရှိရန် လက်လှမ်းလို့မမီတမီ ဖြစ်နေဦးမည်သာ”**

## မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ

မြန်မာတို့၏စားသုံးမှုပုံစံတွင် ဆန်ပြီးလျှင် ငါးစားသုံးမှုမှာ ဒုတိယအများဆုံးဖြစ်ပြီး ငါးသည် မြန်မာတို့အတွက် အရေးအကြီးဆုံး တိရစ္ဆာန်ပရိုတိန်းရင်းမြစ်လည်း ဖြစ်နေပေသည်။ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ငါးတန်ချိန် ၅ ဒသမ ၇ သိန်း မက်ထရစ်တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် နှစ် ၂၀ အတွင်း ပြည်ပသို့ငါးတင်ပို့မှု စံချိန်တင်နိုင်ခဲ့သည်။ ယင်းသို့ ကမ္ဘာ့နိုင်ငံ ၄၀ သို့ ငါးများတင်ပို့နိုင်ခဲ့မှုကြောင့် အမေရိကန်ဒေါ်လာ ၇၁၁ ဒသမ ၇၁၇ သန်း နိုင်ငံအတွက် နိုင်ငံခြားငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မွေးမြူရေးကဏ္ဍတွင် နွားကောင်ရေ ၁၆ ဒသမ ၆ သန်း၊ ကျွဲကောင်ရေ ၃ ဒသမ ၆ သန်း၊ ဝက် ၁၆ ဒသမ ၅ သန်း၊ သိုးနှင့်ဆိတ် ၈ ဒသမ ၈ သန်း၊ ကြက် ၃၁၉ သန်းနှင့် ဘဲကောင်ရေ ၂၉ သန်းခန့်ရှိပြီး မွေးမြူသူတို့၏ ဝါယမစိုက်ထုတ်မှုကြောင့် ယင်းကဏ္ဍပိုမိုကြီးထွားမှုနှင့်အတူ အသားကဏ္ဍဖူလုံမှုကလုံလောက်စွာရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ဒေသ ကျွဲ၊ နွား တိုးပွားလာမှုများမှ အိမ်နီးချင်းနိုင်ငံသို့ နှစ်နိုင်ငံအစိုးရကြား သဘောတူညီချက်အရ နှစ်စဉ် ကျွဲ၊ နွား ကောင်ရေတစ်သန်းတင်ပို့ရန် စီမံထားခြင်းကြောင့် အသားကဏ္ဍ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပို့ကုန်ဝင်ငွေ တိုးပွားလာနိုင်မည်ဖြစ်သည်။

## လိုအပ်နေသေးသည့်အချက်များ

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခဲ့သည်နှင့်အမျှ လူသားတို့၏ အစာအာဟာရပြည့်ဝမှုကို ဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် ‘ငတ်မွတ်ကင်းစင် ၂၀၃၀ တွင်၊ တို့ရဲ့အနာဂတ် တို့ပြင်ဆင်’ဖို့ ဟန်ချက်ညီစွာ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်နေမည်မှာလည်း မုချပင်ဖြစ်ပေသည်။ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်ခဲ့သော်လည်း မျှော်မှန်းသလောက် ဝင်ရောက်လုပ်ကိုင်ကြခြင်း မတွေ့ရသည်က လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုဟု ထင်မိပါသည်။ ကျဉ်းမြောင်းသောလယ်ကွက်ငယ်၊ မညီမညာ အချွန်ထွက်နေသော လယ်ယာမြေတွေကို စနစ်တကျ အဆင့်မြင့်စက်မှုလယ်ယာအဖြစ် မပြောင်းလဲနိုင်သေးသရွေ့ ရာသီဥတုဖောက်ပြန်မှုကို အန်တုနိုင်ရန်၊ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းသီးနှံတွေရရှိရန် လက်လှမ်းလို့မမီတမီ ဖြစ်နေဦးမည်သာ။

ရိတ်သိမ်းချိန်လွန်ကာလများအတွက် ခေတ်မီနည်းပညာသုံးစွဲရန်နှင့် လိုအပ်သည့် စက်ကိရိယာ၊ သီးနှံကြိတ်ခွဲစက်ရုံကြီးများ၊ သိုလှောင်ရုံကြီးများ၊ အခြောက်ခံစက်ကြီးများ တည်ဆောက်ပေးရန်၊ ကန့်သတ်ထားသည့် ပေးထားချက်တွေနှင့် ပြဿနာတွေကို ဖြေရှင်းကြရန် ကြိုးစားရန်းကန်နေရခြင်းက ရေရှည်တွင် လယ်ယာထွက်ကုန်များ လျော့နည်းလာနိုင်သည်ကို စဉ်းစားတွက်ချက်ရန် လိုမည်ဖြစ်သည်။ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာအလွန်အကျွံသုံးစွဲမှုများကြောင့် မြေဆီလွှာပျက်သုဉ်းမှု၊ GAP စနစ် အလုမ်းဝေးမှု၊ အော်ဂဲနစ်မျက်စိလည်မှုတွေ ကြုံတွေ့နေသည့် ကျေးလက်နေတောင်သူဦးကြီးများ ခေတ်မီစိုက်ပျိုးရေးဆိုတာ ကြားရုံသာကြားရပြီး လက်တွေ့မှာ အခက်မတွေ့ရအောင် ကွင်းဆင်းပညာပေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ကြရမည်သာဖြစ်သည်။

## အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးဖို့လို

တောင်သူ-လုပ်ငန်းရှင်-အစိုးရ သုံးဦးသုံးဖလှယ် ကိုယ်စီတာဝန်ကျေပါမှ လယ်ယာထွက်ကုန်များ များများထုတ်လုပ်နိုင်မည်ဖြစ်သည်။ အစိုးရနှင့် ကုန်သည်ပွဲစားလုပ်ငန်းရှင်များက တောင်သူတွေအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန် လိုအပ်နေပြီဖြစ်သည်။ စေ့စေ့တွေးကြည့်လျှင် တောင်သူများ သီးနှံစိုက်ပျိုးမှုမရှိပါက ကုန်သည်၊ ပွဲစား၊ လုပ်ငန်းရှင်ကြီးတွေလည်း အခက်တွေ့ကြမည်ဖြစ်သည်။ ကြက်ငှက်တုပ်ကွေး၊ ဝက်နားရွက်ပြာ၊ ခွာနာလျှာနာကဲ့သို့ စုံလင်သည့် ရောဂါများနှင့် ကြုံတွေ့နေရသည့် မွေးမြူရေးလယ်သမားများအတွက် ကျေးလက် တိ-မွေး-ကုဆရာဝန်များ တိုးမြှင့်ချထားဖို့လည်း လိုပါမည်။

လယ်ယာထွက်ကုန် သီးနှံ-သားငါးတွေ စံချိန်စံညွှန်းရှိရန်၊ ဓာတုကင်းစင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များဖြစ်ရန် သုတေသနဓာတ်ခွဲခန်းများ၊ သီးနှံနှင့် သားငါးဆိုင်ရာ သုတေသနပြုမှုစာတမ်းများအတွက် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် လိုပါမည်။ ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ပိုင်ရှင်ကြီးများဖြစ်ရန် သီးနှံ-သားငါးတွေ အချိန်တန် အရန်သင့် စျေးခြင်းတောင်းထဲ၊ လက်ထဲအရောက် ဖန်တီးပုံဖော်ပေးနေသည့် စိုက်ပျိုး-မွေးမြူသူများအတွက် ထိထိရောက်ရောက် စီမံပံ့ပိုးမှုများကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ကိုးကား**

**၁။ ဦးစောလှိုင် (ကြေး/မြေ)၊ အာရှမှာ ဘယ်လိုလုပ်ကိုင်နေသလဲ**

**၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS-2018)**

## စိုက်ပျိုးစရိတ် ချေးငွေ

တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍအရင်းအနှီးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို အထောက်အကူပြုရန် JICA ချေးငွေကျပ် ဘီလီယံ(၂၀၀)ကျော် ရယူဆောင်ရွက်ခဲ့ရာ ယခုအခါ ကျပ် ဘီလီယံ(၃၀) ကျော် ထုတ်ချေးပေးပြီးဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှလည်း လယ်ယာကဏ္ဍတွင်ပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ကျပ်ဘီလီယံ (၂၀၀) ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများကို စပါးတစ်ဧကလျှင် ယခင် ကျပ်တစ်သိန်းမှ ယခု ကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ပေးခဲ့ပါသည်။ အခြားသီးနှံ တစ်ဧကကို ယခင် ကျပ်နှစ်သောင်းမှ ယခု ကျပ်ငါးသောင်းအထိ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ကျပ်တစ်သိန်းအထိ တိုးမြှင့်ပေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်း

# ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ဦးစားပေးဆောင်ရွက်နေ

စစ်တွေ အောက်တိုဘာ ၁၇

**ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုရာတွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့ထက် ထူးခြားပြီး အလွန်ထိလွယ်ရှလွယ်သည့် ဒေသတစ်ခုဖြစ်သည့်အတွက် လုံခြုံတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ သိသာမြင်သာသည့် တိုးတက်မှုများရှိလာပြီဖြစ်ကြောင်း၊ ထိုသို့တိုးတက်မှုများအပေါ်တွင် မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး ဆောင်ရွက်လျက်လည်း ရှိပါကြောင်း၊ ထိုအပေါ်တွင် စိုက်ပျိုးရေး မွေးမြူရေးသည် အခြေခံကျသည့် စီးပွားရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးမွေးမြူရေးကို ဦးစားပေး ဆောင်ရွက်နေပါကြောင်း။

**ပုစွန်မွေးမြူရေး ၁၁၀၈၉၅ ကေလုပ်ကိုင်**

ရခိုင်ပြည်နယ်တွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက ၁၁၀၄၀၅၇ ဧက စိုက်ပျိုးနိုင်ပါကြောင်း၊ ပုစွန်မွေးမြူရေးကန်ပေါင်း ၆၈၄၂ ကန်၊ စုစုပေါင်း ပုစွန်မွေးမြူရေးဧက ၁၁၀၈၉၅ ဧက မွေးမြူလုပ်ကိုင်လျက်ရှိပြီး စက်ရုံအလုပ်ရုံ ပုဂ္ဂလိကပိုင်စက်ရုံငယ် ၈၅ ရုံ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနမှ ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် လမ်းတံတား ၁၅ ခု ဆောင်ရွက်နိုင်ခဲ့ပြီး MPT GSM စခန်း ၂၀၁၈ မတ်လကုန်ထိ ၃၂၄ ခု တည်ဆောက်ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာ ဖော်ဆောင်နိုင်မှုအနေဖြင့် အဆောက်အအုံ ၁၇ လုံး၊ အခန်းပေါင်း ၂၁၂ ခန်း တည်ဆောက်နိုင်ခဲ့ပါကြောင်း။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၂၄၇ ခု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စည်ပင်သာယာရေး လုပ်ငန်းများအနေဖြင့် မြို့ပြလမ်း၊တံတားနှင့် ရေရရှိရေး ၂၀ ခုကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အခြေခံကျောင်းများအနေဖြင့် အထက ၁၃၆ ကျောင်း၊ အထကခွဲ ၁၀၈ ကျောင်း၊ အလက ၁၀၈ ကျောင်း၊ အလကခွဲ ၃၀၉ ကျောင်း၊ မူလွန် ၈၂၈ ကျောင်း၊ စုစုပေါင်း ၃၁၉၉ ကျောင်းရှိပါကြောင်း၊ ပြည်နယ်အတွင်း ကျန်းမာရေးဝန်ထမ်းများ၏ အခြေအနေမှာ ခွင့်ပြု ၄၃၃၇ ဦး၊ ခန့်ထား၁၇၄၀ ဦး၊ လစ်လပ် ၂၅၉၇ ဦးနှင့် ဒေသန္တရဆေးခန်းတစ်ခန်း၊ မိခင်ကလေးဆေးခန်း ၁၈ ခန်း၊ ကျောင်းကျန်းမာရေးဌာနလေးခန်း၊ တိုက်နယ်ကျန်းမာရေးဌာန ၂၁ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၁၀၀ ခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခန်း ရှိပါကြောင်း ပြောကြားသည်။

စီမံကိန်း ရည်မှန်းချက်အနေဖြင့် ယခင်နှစ် အလားတူ ကာလအပေါ် တိုးတက်မှုနှုန်း ၃၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧပြီလမှ စက်တင်ဘာလအထိ ၇ ဒသမ ၅ သန်း လျာထားပြီး စက်တင်ဘာလ ၂၁ ရက်နေ့ထိ ၉ ဒသမ ၂၄၁ သန်း ကောက်ခံရရှိပြီး ထုတ်ကုန်စည်းကြပ်တန်ဖိုး USD ၉ ဒသမ ၀၇၅ သန်းဖြစ်ပြီး သွင်းကုန်စည်းကြပ်တန်ဖိုး မြန်မာငွေကျပ် ၅၈ ဒသမ ၅၉၂ သန်းနှင့် ထုတ်ကုန်စည်းကြပ် မြန်မာငွေကျပ် ၁၂၆၅ ဒသမ ၈၆၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဘူးသီးတောင်နှင့် မောင်တောမြို့တို့၌ ဓာတ်အားရရှိရေး လျာထားဆောင်ရွက်**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၀ ခုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၇ ခု




ရှိပါကြောင်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးစရိတ် မိုးချေးငွေအနေဖြင့် တောင်သူ ၁၁၃၁၂၉ ဦးသို့ ထုတ်ချေးဧက ၅၆၂၂၈၀ အတွက် ကျပ်သန်း ၈၄၃၄၂ ဒသမ ၀၀ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလအကုန်တွင် ဘူးသီးတောင်မြို့နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မောင်တောမြို့တို့၌ ဓာတ်အားရရှိနိုင်ရေး လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ မာန်အောင်ကျွန်း ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းအား ပေါ်စကိုဒေဝူးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း။

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်တော်မြို့နယ်နှင့် ပလက်ဝမြို့နယ်များတွင် တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေးအတွက် နေအိမ်များ ဆောက်လုပ်ရန် ပြည်နယ်အစိုးရအဖွဲ့၏ အထောက်အပံ့ငွေများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် IDP စခန်း ၁၈ ခု ၊ အိမ်ထောင်စု ၂၀၅၁၆ စု၊ လူဦးရေ ၁၁၀၀၀၅ ဦးရှိပါကြောင်း၊ ပိတ်သိမ်းထားပြီးသော IDP စခန်းများမှာ ကျောက်တော်မြို့နယ် နိဒင်စခန်း၊ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၅၈၄ ဦး၊ ကျောက်ဖြူမြို့နယ် ပြင်ဖြူမောင်စခန်းတွင် အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၃၁၈ ဦးနှင့် ရမ်းဗြဲမြို့နယ်၊ အမှတ် ၆ ရပ်ကွက်စခန်း အိမ်ထောင်စု ၉၅ စုလူဦးရေ ၁၄ ဦးတို့ ဖြစ်ပါကြောင်း၊ မြေပုံတောင်ပေါ်ရပ်ကွက်စခန်းအား ပိတ်သိမ်းရန် ကျန်ရှိလျက်ရှိပြီး စခန်းပိတ်သိမ်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်း။

**ပြန်လည်ဝင်ရောက်လာသူများလက်ခံ**

UEHRD အစီအစဉ်ဖြင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်ဧပြီလ ၁၃ ရက်နေ့မှ စက်တင်ဘာလ ၂၆ ရက်နေ့အထိ လက်ခံဆောင်ရွက်ထားရှိသူ ၁၇၁ ဦး ရှိပြီဖြစ်ကြောင်း။

မောင်တောမြို့နယ်အတွင်း ပြန်လည် နေရာချထားရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ NGOs များနှင့် နိုင်ငံတကာမှ နေအိမ် ၁၅၀၃ လုံးဆောက်လုပ်ရန် လျာထားဆောင်ရွက်ပြီးဆောက်လုပ်ပြီးစီးသည့် နေအိမ် ၄၇၈ လုံး၊ ဆောက်လုပ်ဆဲနေအိမ် ၈၃၁ လုံးတွင် ၅၈ လုံးမှာယခင် UEHRD အစီအစဉ်ဖြင့် ဆောင်ရွက်ရန် လျာထားခဲ့၍ ဆောက်လုပ်ဆဲ နေအိမ်စာရင်းတွင် ထည့်သွင်းခဲ့သော်လည်း ယခုအခါ အလှူရှင်လိုအပ်လျက်ရှိသဖြင့် ဆောက်လုပ်ဆဲနေအိမ် ၇၇၃ လုံးနှင့် ဆောက်လုပ်ရန် အလှူရှင်လိုအပ်သည့် နေအိမ်မှာ ယခင် ၁၉၄ လုံးဖြစ်ပြီး ယခု၂၅၂ လုံး ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရမှ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဒုက္ခသည်များ နေရပ်ပြန်များအတွက် Pre- Fabriied House အလုံး ၂၅၀ အား ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ပြီး မောင်တောမြို့နယ် ကျေးရွာများတွင် ဆောက်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားကြသည်။ ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါရှင်းလင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ RFA၊ MRTV၊ SKYNET ၊ 5PLUS News ၊ DNG ၊ EPA ၊ Narinjara News၊ စသည့်သတင်းမီဒီယာများမှ သတင်းသမားများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ကနီမြို့နယ်အတွင်း သဘာဝဘေးကြောင့် သီးနှံပျက်စီးမှု ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများပေးအပ်

**ကနီ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များက သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံစိုက်ပျိုးဧကပျက်စီးခြင်းများအတွက် တောင်သူလယ်သမားများအား ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယမန်နေ့က ကနီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ထောက်ပံ့ငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေငြေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က မြို့နယ်ထောက်ပံ့မှုကော်မတီများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါထောက်ပံ့မှုများကို တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရသီးနှံများ အစားထိုးစိုက်ပျိုးခြင်းအပေါ် ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် အရေးပေါ်တုံ့ပြန်မှုစီမံကိန်းအစီအစဉ်ဖြင့် ဝယ်ယူထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ကနီမြို့နယ်အတွင်းရှိ ၂၀၁၅-၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ပျက်စီးမှုစိုက်ဧက ၁၇၁၆ ဧကအတွက် ငွေကျပ် ၁၃၃ သိန်း ၇ သောင်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါအခမ်းအနားသို့ ယင်းမာပင်ခရိုင် ကနီမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်မှ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်ဝင်းကြည်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

**ကူညီဆောင်ရွက်ပေးသွားမည်**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာနိုင်ငံဂီတအစည်းအရုံးသည် အနုပညာအဖွဲ့အစည်းဖြစ်၍ သက်ဆိုင်ရာ အသင်းအဖွဲ့စည်းမျဉ်းစည်းကမ်းနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဂီတ အစည်းအရုံးအနေဖြင့် ဂီတလောကအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂီတလောက၏ပြဿနာများမှစ၍ ဖြေရှင်းနိုင်ရေးဆောင်ရွက်လျက်ရှိရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် မိတ်ဖက်ဌာန အဖွဲ့အစည်းအဖြစ်ပူးတွဲ၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ လုပ်ငန်းများအပေါ် ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးခြင်းပုံစံမျိုး မဖြစ်စေရေး အထူးဂရုပြုပြီး ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် အခြေအနေကို ရှင်းလင်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာများဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ဖွဲ့စည်းဆောင်ရွက်မှုများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဂီတအစည်းအရုံး စည်းမျဉ်းစည်းကမ်းဆိုင်ရာများနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

# ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီက လုပ်ငန်းရှင်များအား တင်ဒါနှင့်ပတ်သက်သည့်စည်းကမ်းချက်များ ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၇**

ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီက လုပ်ငန်းရှင်များအား တင်ဒါနှင့်ပတ်သက်သော စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**ညီတူမျှတူရှိစေရမည်**

အခမ်းအနားတွင် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးစာအုပ်ရိုက်နှိပ်သည့် လုပ်ငန်းစဉ်အတွက် မကြာသေးမီအချိန်က စက္ကူနှင့် အခြားလိုအပ်သည့် ပစ္စည်းများ ဝယ်ယူရေးနှင့် စပ်လျဉ်း၍ တင်ဒါများ ခေါ်ယူခဲ့ပါကြောင်း၊ ယနေ့ အခမ်းအနားသည် ပြည်ပသို့ ပုံနှိပ်အပ်နှံမည့် ကျောင်းသုံးစာအုပ်များ တင်ဒါခေါ်ယူရေးအတွက် တင်ဒါတင်သွင်းသည့် လုပ်ငန်းစဉ်တွင် စာချုပ်ချုပ်ရာ၌ လိုအပ်သည့် အချက်အလက်များ၊ တင်ဒါစည်းကမ်းများ၊ စာချုပ်ချုပ်ဆိုရာတွင်ပါဝင်မည့် အချက်အလက်များကို ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်အပတ်က JICA အဖွဲ့နှင့် စာအုပ်၏ အရည်အသွေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းထားပါကြောင်း၊ မျှော်လင့်ထားသည့် အရည်အသွေးများကိုလည်း ပြသမည်ဖြစ်ပါကြောင်း၊ မိမိတို့ အခြေခံမူသည် ပွင့်လင်းမြင်သာမှုရှိရမည်၊ ယှဉ်ပြိုင်မှုသည် အားလုံးအတွက် ညီတူမျှတူရှိစေရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် ၁/၂၀၁၇ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က တင်ဒါနှင့်ပတ်သက်သည့် သဘောသဘာဝများနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့်စပ်လျဉ်း၍ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**စည်းကမ်းချက်များ ရှင်းလင်းတင်ပြ**

ယင်းနောက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအဖွဲ့ဝင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ကျောင်းသုံးတင်ဒါတင်သွင်းခြင်းနှင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြင်ပပုံနှိပ်လုပ်ငန်းရှင်များက သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြင်ပပုံနှိပ်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စာဖတ်ရှိန်မြင့်မားရေးအထောက်အကူဖြစ်စေမည့် ebook ဝန်ဆောင်မှုဖြင့် MPT Books အပလီကေးရှင်းတွင် ဖတ်ရှုနိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၇

**MPT သုံးစွဲသူများနှင့် အများပြည်သူ စာပေဖတ်ရှုနိုင်ရန် မိုဘိုင်းဖုန်းများရှိ MPT Books ဝန်ဆောင်မှုဖြင့် ရသစာပေ၊ ဗဟုသုတစုံလင်သော မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် နောက်ဆုံးရသတင်းများကို တစ်နေရာတည်းတွင် ဖတ်ရှုနိုင်သော ပထမဆုံး ebook ဝန်ဆောင်မှုအဖြစ် မိတ်ဆက်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ် Ballroom(1) ၌ ကျင်းပသည်။** (အောက်ပုံ)




အများပြည်သူ စာပေဖတ်ရှုခြင်းဖြင့် စာဖတ်ရှိန်မြင့်မားလာစေရန် စာပေထုတ်ဝေရေးတိုက် ၃၀ ကျော်နှင့် ebook ဗားရှင်းဖြင့် ပုံနှိပ်ထုတ်ဝေလျက်ရှိသော စာအုပ်အမျိုးအစားပေါင်း ထောင်ကျော်၊ ဂျာနယ် ၂၄ စောင်၊ မဂ္ဂဇင်း စာအုပ်ပေါင်း ၂၆ အုပ်တို့ကို ယခုလက္ကပိုင်းတွင် online တွင် အခမဲ့ဝန်ဆောင်မှု၊ ဝယ်ယူဖတ်ရှုခြင်း၊ ငှားရမ်းဖတ်ရှုခြင်းနှင့် လစဉ်စာရင်းပေးသွင်းဖတ်ရှုသော စနစ်တို့ဖြင့် ရွေးချယ်ဖတ်ရှုနိုင်မည့်အပြင် ဝယ်ယူမဖတ်ရှုမီ အခမဲ့ဝန်ဆောင်မှု ပေးထားသည့် ebook ကိုလည်း ရယူဖတ်ရှုနိုင်မည်ဖြစ်သည်။

"အနုပညာတစ်ခု ပိုပြီးတော့ လူထုကြားထဲရောက်ရှိစေဖို့ဆိုရင် အဆင့်မြင့်နည်းပညာသုံးစွဲတာ အလွန်ပဲ ကောင်းမွန်ပါတယ်။ အသုံးမတတ်ရင်တော့ အဲဒီ အနုပညာပွန်းပဲ့သွားနိုင်တယ်။ ဖုန်းသုံးစွဲတဲ့အခါမှာ အကျိုးရှိစွာ အသုံးမပြုနိုင်ရင် နည်းပညာရဲ့ ခွစီးခြင်းကို ခံရနိုင်တယ်။ ဒီအစီအစဉ်ကတော့ အနုပညာကို ကောင်းစွာအသုံးချပြီးတော့ ကျွန်တော်တို့ရဲ့ ကိုယ်ကျင့်တရားနဲ့ ပညာ၊ ဗဟုသုတ၊ ရသကို တိုးချဲ့ရာရောက်စေတယ်လို့ နားလည်ပါတယ်။ စာရေးသူတစ်ယောက်၊ စာဖတ်သူတစ်ယောက်အနေနဲ့ များစွာကြိုဆိုပါတယ်။ အောင်မြင်ပါစေ၊ ထိရောက်ပါစေ" ဟု စာရေးဆရာ ချစ်ဦးညိုက ပြောကြားသည်။

ဖုန်းအသုံးပြုမှုများသော ပြည်သူတို့တွင် ဖေ့စ်ဘွတ်ခ်သုံးစွဲသူ ၄၀ ရာခိုင်နှုန်းကျော်ရှိပြီး MPT မှ မြို့နယ်ပေါင်း ၃၀၀ ကျော်ကို လွှမ်းခြုံနိုင်ရန်ဆောင်ရွက်လျက်ရှိရာ ebook ကို အသုံးပြု၍ စာပေမျိုးစုံကို ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း၊ မိမိကြိုက်နှစ်သက်ရာ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ နောက်ဆုံးရသတင်းနှင့် ကာတွန်းရုပ်စုံ၊ ဝတ္ထု၊ ကဗျာတို့ကို တစ်နေရာတည်းတွင် ဖတ်ရှုနိုင်မည်ဖြစ်သည်။

စာအုပ်ထုတ်ဝေသူလည်းဖြစ် စာရေးဆရာလည်းဖြစ်သော မြေမှုန်လွင်ကလည်း "MPT Books စတင်တဲ့နေ့ဖြစ်ပေမယ့် အခက်အခဲတွေကို ထဲထဲဝင်ဝင်ကြုံတွေ့နိုင်တာကြောင့် ကြိုးစားသွားရမှာဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ခ်နဲ့ အွန်လိုင်းပေါ်မှာ စာအုပ်အတော်များများ အခမဲ့တင်တာကို အဖြေရှာဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ခိုးကူးစာအုပ်တွေ အသုံးပြုနေမှုအပေါ် အစားထိုးဖို့ လိုအပ်နေချိန်မှာ တရားဝင်အသုံးပြုဖို့ ပလက်ဖောင်းတစ်ခု လိုအပ်တာကြောင့် အခုလို MPT Books နဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ တိုင်းပြည်ပြုပြင်ပြောင်းလဲဖို့ ထူထောင်တဲ့အခါမှာ စာဖတ်ဖို့နဲ့ စာပေလေ့လာမှု ပြင်းထန်ဖို့ လိုပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ စာအုပ်ဆိုင်မရှိတာ များတဲ့အတွက် တစ်နိုင်ငံလုံးရဲ့ ၉၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်တဲ့ MPT မှာ ပူးပေါင်းပါဝင်တဲ့ စာရေးဆရာတွေ၊ ထုတ်ဝေသူတွေ၊ ပညာရှင်တွေကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

MPT Books ၏ Web Page ကို Lo Ta Ya Portal လင့်ခ်မှ ဒေါင်းလုတ်ရယူ၍ *7272# သို့ ဖုန်းခေါ်ဆိုပြီး SMS မှတစ်ဆင့် ဒေါင်းလုတ်လင့်ခ် ရယူကာ ဝန်ဆောင်မှုကို စာရေးပေးသွင်းလျက် တစ်နိုင်ငံလုံး အသုံးပြုနိုင်မည်ဖြစ်ရာ စာပေမြတ်နိုးသော ပြည်သူတို့ကို MPT မှ ဝန်ဆောင်မှုစတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က လယ်ဝေးမြို့သီရိမင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၇-၂၀၁၈ နှစ်ပတ်လည် ညီလာခံ အစီရင်ခံစာများအား တာဝန်ရှိသူများက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အသက် (၇၅ နှစ်) အထက် သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်း စစ်မှုထမ်းဟောင်းများ၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဂုဏ်ထူးရသူများ၊ ထက်လယ်မှုအဆင့် စစ်မှုထမ်းဟောင်း သား၊ သမီးများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အဖွဲ့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ တွေ့ဆုံ

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်တစ်ဆင့် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညီလာခံခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်တို့နှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ IDPs စခန်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခရိပ်သာ၌ တိုင်းမှူး ဗိုလ်ချုပ်တေဇာအောင်နှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် တွေ့ဆုံသည်။

**ပြည်နယ်(ပြန်/ဆက်)**



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ်။

# ရခိုင်ပြည်နယ်အတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရက မြန်မာနိုင်ငံ၊ ကုလသမဂ္ဂတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများ၊ ပြဿနာများ၏ အရင်းအမြစ်ကို သိရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ရေးနှင့် လူ့အသိုက်အဝန်းများအားလုံးအကြား အတူတကွ ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့ ရရှိလာစေရေး ဂျပန်အစိုးရ၏ အကူအညီများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဂျပန်အစိုးရက ယနေ့ သတင်းထုတ်ပြန်ထားသည်။

ဂျပန်အစိုးရသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် လူ့အဖွဲ့အစည်းများအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုနှင့် ရေရှည်ဖွံ့ဖြိုးမှုအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ ခုနစ်ခုနှင့် ပူးပေါင်းကူညီမှုကို ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ပြီး သက်တမ်းအားဖြင့် ၂၀၁၉ ခုနှစ် မတ်လအထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ တစ်နှစ်တာအတွက် ကူညီမှုများကို အမေရိကန်ဒေါ်လာ သန်း ၂၀ သတ်မှတ်ထားပြီး ယခု ထက်ဝက်တာကာလအတွင်း မျှော်မှန်းထားသည့် ကူညီမှုများကိုလည်း ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း လူမှုအသိုက်အဝန်းများ လုံခြုံမှုနှင့် လူ့ဂုဏ်သိက္ခာအတွက် ခိုလှုံရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ စားနပ်ရိက္ခာများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ပြည်သူများ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ပုံငွေကာလ သက်တမ်းထက်ဝက်အတွင်း လူဦးရေ သုံးသိန်းကျော်အတွက် စားနပ်ရိက္ခာများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် အမျိုးသမီးပေါင်း ၈၄၀၀ အပါအဝင် စုစုပေါင်း လူဦးရေ ၁၅၀၀၀ ကျော်ကို ရွေ့လျားကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်ထားနိုင်ခဲ့သည်။ ထို့အပြင် အမျိုးသမီးများအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အသိုက်အဝန်းများအားလုံးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လူပေါင်း ၁၈၀၀ အတွက် လုံခြုံသည့် အဆောက်အအုံများ တည်ဆောက်ရေးတို့ကို လုပ်ဆောင်ထားနိုင်ခဲ့ပြီး လူဦးရေ သုံးသောင်းကျော်အတွက် ကူညီဆောင်ရွက်မှုများကို ကုလသမဂ္ဂအဖွဲ့အစည်းများမှ တစ်ဆင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဘူးသီးတောင်မြို့နယ်အတွင်း ဆရာပေါင်း ၈၁၇ ဦးကိုလည်း ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကလေးသူငယ်များအကြား ပညာရည် ပိုမိုမြင့်မားရေးအပြင် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ပြီး မျှတသည့်အမြင်သဘောတရားများကိုလည်း ပြန်လည်သင်ကြားပြသနိုင်ရန်အတွက် ကူညီပေးခဲ့သဖြင့် မူလတန်းအရွယ် ကလေးငယ်ပေါင်း သုံးသောင်းကျော်အား အသိပညာများ မျှဝေနိုင်ခဲ့သည်။ ထို့ပြင် လူငယ် လူရွယ်ပေါင်း ၅၀၀ အတွက်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ကြားမှုများကို စတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ငါးမြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေနှစ်သန်းခန့် သုံးစွဲထားခဲ့ပြီး မြေယာပြဿနာများ၊ ကျား၊ မ တန်းတူ အခွင့်အရေးကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက် တရားဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ကူညီသင်ကြားမှုများ ပြုလုပ်ပေးထားသည်။ ထို့ပြင် အကြမ်းဖက်မှုခံစားခဲ့ရသူများအတွက် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများအတွက် အကူအညီများကိုလည်း ယင်းရန်ပုံငွေမှ ပါဝင်သုံးစွဲခဲ့ပြီး စိုက်ပျိုးမွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများစသည့် စီးပွားရေးဆိုင်ရာများ ထူထောင်ပေးခြင်းနှင့် ကူညီပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန် ကူညီဆောင်ရွက်ပေးခြင်းများကိုလည်း လုပ်ဆောင်နိုင်ခဲ့ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျပန်အစိုးရသည် ယင်းအကူအညီများကို ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး ယင်းရန်ပုံငွေ စီမံချက်ကို ၂၀၁၉ ခုနှစ် မတ်လအထိ ဆက်လက်ဆောင်ရွက်သွားမည်ဟုလည်း သိရှိရသည်။

**ခင်ရတနာ**

# သထုံမြို့နယ်၌ JMC မှ ငြိမ်းချမ်းရေးကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**သထုံ အောက်တိုဘာ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ် ဝီယော်ကျေးရွာအုပ်စု ဝီယော်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ယနေ့ နံနက် ၁၀ နာရီက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဝင်များက ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲ၌ JMC-S(MON) ဒုတိယဥက္ကဋ္ဌ စောပလေ့ (KNU တပ်မဟာ-၁)၊ JMC-S (MON) အဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းနိုင်ဦး(ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး)တို့က အမှာစကား ပြောကြားပြီး JMC-S (MON) အတွင်းရေးမှူး (၁) စောကျော်မြင့် (KNU)၊ နော်ဆာထူး (အရပ်သားကိုယ်စားလှယ်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း)၊ ဒေါက်တာ မင်းနွယ်စိုး (အရပ်သားကိုယ်စားလှယ်၊ အစိုးရ)၊ ဖဒိုစောအေးနိုင် (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း)တို့က JMC ၏ အခြေခံမူများ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ ၊ နှစ်ဖက်တပ်များ လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များကို ရှင်းလင်းပြောကြားပြီး ဒေါက်တာမိယဉ်ချမ်း (အရပ်သားကိုယ်စားလှယ်၊ အစိုးရ)က လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူများအကြား တိုင်ကြားမှု၊ အငြင်းပွားမှုများနှင့် ပတ်သက်၍ ညှိနှိုင်းဖြေရှင်းရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



"ပြည်နယ်အတွင်းမှာ တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်တာ အကြိမ် ၂၀ ရှိပါပြီ။ JMC ရဲ့ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံတွေ၊ တာဝန်ယူမှု၊ လုပ်ငန်းတာဝန်တွေကို ပြည်သူတွေ သိရှိနားလည်လာအောင် လာရောက်တွေ့ဆုံ ဆွေးနွေးတာပါ။ နောက်တစ်ခုက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရပ်သားတွေ ဘယ်လောက်အထိ နားလည်သလဲဆိုတော့ အားလုံးနားလည်မှုတော့ မရှိသေးဘူး။ ပြန်လည်မေးမြန်းတာတော့ မရှိပါဘူး။ ရှိရင် မေးမြန်းမှုတွေကို ဖြေကြားပေးပါတယ်"ဟု ဖဒိုစောအေးနိုင်က ပြောသည်။

"ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ စကတည်းက ဒီနယ်ဘက်မှာ သေနတ်သံတွေ မကြားရတော့ဘူး။ လမ်းပန်းဆက်သွယ်ရေးကောင်းလာတယ်။ အရင်လိုမဟုတ်တာ သုံးနှစ်လောက်ရှိပါပြီ" ဟု သုံးအိမ်စုကျေးရွာနေ ဦးမြဆွေက ပြောသည်။

**ခွန်(ဝင်းပ)**



# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် တောင်ငူ (၄) မိုင် ကျောက်ထုတ်လုပ်စခန်း စစ်ဆေး

**တောင်ငူ အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် တောင်ငူခရိုင် တရားသူကြီး ဦးမြင့်ဆွေ၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်သက်သက်ဦး၊ ဒေါ်ဝင်းခင်မိုးဆင့်၊ ဦးစိုးဝင်း၊ တောင်ငူမြို့နယ်တရားသူကြီး ဦးမျိုးမင်းအောင်တို့နှင့်အတူ အောက်တိုဘာ ၁၇ ရက်က တောင်ငူ (၄) မိုင် ကျောက်ထုတ်လုပ်စခန်းကို သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ စခန်းတာဝန်ခံအရာရှိရုံးခန်း၌ စခန်းတာဝန်ခံ ဦးသန်းကျော်တင့်က ပြစ်ဒဏ်ကျခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# စက်ကိရိယာသုံးစွဲခြင်းရဲ့ အကျိုးကျေးဇူးတွေကို တောင်သူတွေ ပိုမိုသိရှိအောင် ရောင်းချတဲ့ကုမ္ပဏီတွေကနေ စည်းရုံးပြီး ပညာပေးတာတို့ ပြုလုပ်ပေးရပါမယ်

ဦးနိုင်ဦး (ဒါရိုက်တာ၊ Farmer Choice Co.,Ltd.)

## လယ်ယာကဏ္ဍနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကူညီဖြည့်ဆည်းပေးလျက်ရှိသော JICA နှစ်ဆင့်ချေးငွေနှင့်ပတ်သက်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသော ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှစ်ဆင့်ချေးငွေနှင့်ပတ်သက်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဒေါ်သက်သက်လွင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ ဦးဝင်းဋ္ဌေးဦး (မြို့နယ်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တပ်ကုန်းမြို့နယ်ဘဏ်ခွဲ)၊ ဦးနိုင်ဦး (ဒါရိုက်တာ၊ Farmer Choice Co.,Ltd.)နှင့် တောင်သူကြီး ဦးခင်မောင်လွင် (ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာ) တို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**


ဒေါ်သက်သက်လွင်


ဦးဝင်းဋ္ဌေးဦး


ဦးနိုင်ဦး


ဦးခင်မောင်လွင်

**အစီအစဉ်မှူး။ ။တစ်ဆက်တည်း ဒေါ်သက်သက်လွင်ကိုပဲ မေးမြန်းပါရစေ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ JICA ချေးငွေ ထုတ်ချေးပြီးမှုနဲ့ ဆက်လက်ထုတ်ချေးမယ့် အစီအစဉ်ကိုလည်း ဆက်လက်ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်သက်သက်လွင်။** ။တိုင်းဒေသကြီးတွေမှာ ထုတ်ချေးမယ့် အစီအစဉ်ကို မဆွေးနွေးခင် ဒီလိုထုတ်ချေးနိုင်ဖို့ ဆောင်ရွက်ခဲ့ရတဲ့ Process ကို အရင်ဆွေးနွေးချင်ပါတယ်။ ဒီ Project ကို မစတင်ခင်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ မြို့နယ်ဘဏ်ခွဲတချို့မှာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ JICA က ကွင်းဆင်းပြီးတော့ Survey ဆောင်ရွက်ခဲ့ပါတယ်။ Survey ဆောင်ရွက်ပြီးတဲ့အချိန်မှသာ နှစ်နိုင်ငံချေးငွေစာချုပ် ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။ ချေးငွေစာချုပ် ချုပ်ပြီးတဲ့နောက်မှာ Pilot Project စတင်နိုင်ဖို့အတွက် ရုံးချုပ်က စီမံကိန်းတာဝန်ခံများအနေနဲ့ JICA Myanmar မှ တာဝန်ရှိသူတွေ၊ JICA Consultant၊ ငွေတိုက်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ဝန်ကြီးဌာနတို့မှ တာဝန်ရှိတဲ့သူတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ရပါတယ်။

ငွေတိုက်ဦးစီးဌာနနဲ့လည်း စီမံခန့်ခွဲမှုသဘောတူစာချုပ်တွေ ချုပ်ဆိုခဲ့ရပါတယ်။ ဒီ Project ကို ဦးဆောင်မယ့် ဝန်ကြီးဌာနအဆင့် ဦးဆောင်ကော်မတီ (Steering Committee) နဲ့ ရုံးချုပ်အဆင့်မှာ Project Management Unit ကိုလည်း ဖွဲ့စည်းရပါတယ်။ တိုင်းဒေသကြီးနဲ့ မြို့နယ်တွေမှာလည်း သက်ဆိုင်ရာ ချေးငွေကြီးကြပ်အဖွဲ့တွေ ဖွဲ့စည်းရပါတယ်။ အဖွဲ့တွေ အဆင့်ဆင့်ဖွဲ့စည်းပြီးတဲ့အခါမှာလည်း ဒီလုပ်ငန်းကို မြို့နယ်ဘဏ်ခွဲတွေက ချောချောမွေ့မွေ့ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ချေးငွေ ညွှန်ကြားစာများ ပြုစုထုတ်ပြန်ခဲ့ရပါတယ်။

အဲဒါတွေ ဆောင်ရွက်ပြီးမှသာ Pilot Project စတင်ခဲ့တာ ဖြစ်ပါတယ်။ Pilot Project စနိုင်ဖို့အတွက်ကိုလည်း JICA Consultant အဖွဲ့နဲ့ ရုံးချုပ် PMU အဖွဲ့ ပူးပေါင်းပြီး Pilot Project ဆောင်ရွက်မယ့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်မှာ နှစ်ပတ်ကြာ On Job Training ဆောင်ရွက်ခဲ့ရပါတယ်။ On Job Training အနေနဲ့ ဘဏ်ခွဲမှ ဝန်ထမ်းတွေကို Credit Appraisal သင်တန်းပေးခြင်း၊ ချေးငွေလျှောက်ထားတဲ့ တောင်သူတွေနဲ့ တွေ့ဆုံအင်တာဗျူးခြင်း၊ လိုအပ်တဲ့အချက်အလက်တွေ မေးမြန်းခြင်း၊ ချေးငွေအမှုတွဲတွေ လက်တွေ့ပြုစုခြင်းတို့ ဆောင်ရွက်ခဲ့ရပါတယ်။

အမှုတွဲတွေ ပြုစုပြီးတဲ့အခါ ကျေးရွာအထိ သွားရောက်ပြီး ပိုင်ဆိုင်ပစ္စည်းတွေကို ကွင်းဆင်းစစ်ဆေးခဲ့ရပါတယ်။ ဒေသဆိုင်ရာအဖွဲ့တွေထံက ထောက်ခံချက်တွေ ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလို အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ Pilot Project ဖွင့်ပွဲနဲ့ JICA Two Step Loan ချေးငွေစတင်ထုတ်ချေးတဲ့ အခမ်းအနားကို ပြည်မြို့နယ်မှာ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ အောင်အောင်မြင်မြင်နဲ့ စတင်နိုင်ခဲ့ပါတယ်။

**အစီအစဉ်မှူး။ ။တောင်သူအပိုင်းက ချေးငွေရယူဖို့ လွယ်ပေမယ့် ချေးငွေ ထုတ်ချေးပေးနိုင်အောင် လုပ်ရတဲ့အပိုင်းမှာ အဆင့်တွေများပါတယ်။ JICA Two Step Loan အစီအစဉ်ကြောင့် ဝင်ငွေတိုးတက်လာမှုနှုန်းနဲ့ ဒေသခံတောင်သူတွေရဲ့ အကျိုးရှိမှုကို ဆွေးနွေးပေးပါ။**

**ဦးခင်မောင်လွင်။** ။ JICA ချေးငွေနဲ့ ကျွန်တော် ထွန်စက်တစ်စီး ဝယ်ပြီး ကျွန်တော့်ရဲ့ လယ်ယာမြေတွေကို အချိန်မီ ထွန်ယက် စိုက်ပျိုးလာပါတယ်။ တောင်သူတွေဆိုတာက ရာသီချိန်ကို အမီလုပ်နိုင်မှရတယ်။ ရာသီအချိန်ကိုမီအောင် လုပ်နိုင်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းကနေ ဝင်ငွေကအရင်ကနဲ့မတူ ပိုမိုရရှိလာပါတယ်။ ကိုယ့်လယ်ယာ ထွန်ယက်ပြီးရင် ဘေးပတ်ဝန်းကျင်က လယ်ယာတွေကို ထွန်ယက်ပေးတဲ့အတွက် ထွန်ယက်ခကလည်း အပိုဝင်ငွေအဖြစ် ရရှိလာပါတယ်။ စိုက်ပျိုးရေးကရတဲ့ဝင်ငွေ၊ ထွန်ယက်ခကရတဲ့ ဝင်ငွေတွေ ပေါင်းလိုက်ရင် ဝင်ငွေတိုးလာပါတယ်။ တိုးလာတဲ့အတွက် လုပ်ငန်းထပ်ပြီး ချဲ့လာနိုင်တယ်။ အချိန်တိုအတွင်း လုပ်ငန်းပြီးသွားတဲ့အတွက် စိတ်အေးအေးချမ်းချမ်းနဲ့ ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။

ဒီလိုအခွင့်အရေး တစ်ခါမှ မရှိခဲ့ပါဘူး။ စိုက်ချိန်ပျိုးချိန်မှာ ကိုယ်လိုချင်တဲ့ အချိန်ကိုပြီးမြောက်အောင်၊ ဆောင်ရွက်နိုင်အောင် ချေးငွေထုတ်ပေးခဲ့တဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ တာဝန်ရှိတဲ့လူတွေအားလုံးရယ်၊ ငွေချေးပေးတဲ့ JICA ကိုပါ အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

လက်တွန်းထွန်စက်ပေါ်လာတဲ့ အချိန်မှာ မတ်ပဲ၊ ပဲတီစိမ်းတို့က ဈေးကွက်ပွင့်လာတယ်။ မတ်ပဲကို ကျွန်တော်တို့ အဓိကအားထားပါတယ်။ စပါး ငါးတင်းရတာနဲ့ မတ်ပဲ တစ်တင်းရတာနဲ့ ညီမျှပါတယ်။ စပါး ၁၀၀ ရတယ်၊ ပဲ ၁၀၀ ရတယ်ဆိုရင် စပါး ၆၀၀ လောက် ရတယ်လို့ တွက်လို့ရပါတယ်။ ပဲတစ်တင်းရဲ့တန်ဖိုးက စပါး ငါးတင်းနဲ့ ညီမျှပါတယ်။ ဈေးကွက်ကလည်း ပွင့်လာတယ်။ ကျယ်ကျယ်ပြန့်ပြန့်လည်း လုပ်နိုင်တယ်ဆိုတော့ မတ်ပဲဈေးကွက်ပွင့်တာဟာ တောင်သူအတော်များများအတွက် အဆင်ပြေသွားပါတယ်။

**ဒေါ်သက်သက်လွင်။** ။စပါးစိုက်တာနဲ့ပဲစိုက်တာ ကုန်ကျစရိတ်က ဘယ်ဟာက ပိုပြီး ကုန်ကျပါသလဲရှင့်။

**ဦးခင်မောင်လွင်။** ။ မတ်ပဲ စိုက်ပျိုးစရိတ်က သိပ်မကုန်ပါဘူး။ တချို့က ဆန္ဒတွေစောပြီး ဟိုဆေးက ကောင်းတယ်။ ဒီဆေးကကောင်းတယ်ဆိုပြီး ဆေးအသုံးစရိတ်က ကုန်တာဖြစ်ပါတယ်။ ထွန်စက်နဲ့ နှစ်ကြိမ်ညက်ညက်ထွန်ယက်ပြီး ပဲစိုက်လိုက်ရင် ရပါတယ်။ အရင်က စက်ယန္တရားတွေမပေါ်ခင်တုန်းက တလင်းထဲမှာ လှေ့ရတယ်။ အခုက ရိတ်သိမ်းခြွေလှေ့စက်တွေ ပေါ်နေတော့ စပါးရိတ်သိမ်း ခြွေလှေ့တာတင် မဟုတ်ပါဘူး။ ပဲပါ ရိတ်ခြွေလို့ရတယ်။

**အစီအစဉ်မှူး။ ။JICA Two Step Loan အစီအစဉ်ကြောင့် ဝင်ငွေတိုးတက်လာနှုန်းနဲ့ ဒေသခံတောင်သူတွေ အကျိုးရှိသလောက်ကို ဦးနိုင်ဦးအနေနဲ့ ပြန်ဆွေးနွေးပေးပါဦး။**

**ဦးနိုင်ဦး။** ။ ကျွန်တော်တို့ လယ်ယာကဏ္ဍမှာဆိုရင် လုပ်သားအင်အားတွေ ရှားပါးလာတယ်။ လုပ်အားခတွေ ဈေးနှုန်းကြီးမြင့်လာတာတွေ ရှိတယ်။ ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေ နှစ်စဉ်ကြုံတွေ့နေရတာဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေကုစားနိုင်ဖို့ဆိုရင် လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကူးပြောင်းဖို့ ဆောင်ရွက်ရတဲ့အခါမှာလည်း ကျွန်တော်တို့ စက်ကိရိယာရောင်းချတဲ့ ကုမ္ပဏီတွေအနေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်နေမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့အကျိုးကို ဆောင်ရွက်တာဖြစ်ပေမယ့်လည်း တောင်သူကြီးတွေရဲ့အကျိုးကို ဖြည့်ဆည်းပေးရင်း နိုင်ငံရဲ့အကျိုးကိုပါ တစ်ဖက်တစ်လမ်းက ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့လုပ်ငန်းကို ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့လုပ်ငန်းလို့လည်း ခံယူထားပါတယ်။ တောင်သူတွေအနေနဲ့လည်း စက်ကိရိယာတွေနောက်ပိုင်းမှာ တွင်တွင်ကျယ်ကျယ်နဲ့ အသုံးပြုနိုင်ဖို့အတွက်ကိုလည်း စက်ကိရိယာသုံးစွဲခြင်းရဲ့ အကျိုးကျေးဇူးတွေကို တောင်သူတွေ ပိုမိုသိရှိအောင် ရောင်းချတဲ့ကုမ္ပဏီတွေကနေ စည်းရုံးပြီး ပညာပေးတာတို့ ပြုလုပ်ပေးရပါမယ်။

ဖွံ့ဖြိုးတိုးတက်ပြီးတဲ့ နိုင်ငံတွေမှာ သုံးစွဲနေပြီဖြစ်တဲ့ အချိန်ကုန်သက်သာ၊ သီးနှံတွေလည်း အထွက်တိုးမယ့် ကောက်စိုက်စက်၊ အစေ့ချစိုက်ပျိုးစက်၊ စပါးအခြောက်ခံစက်တွေကို တောင်သူတွေ အသုံးပြုနိုင်အောင် စည်းရုံးပညာပေးပြီး စက်ပစ္စည်းရောင်းချတဲ့ ကုမ္ပဏီတွေကနေ တင်သွင်းပေးရမှာဖြစ်ပါတယ်။ အဲဒါမှ တောင်သူတွေလည်း အချိန်ကုန်သက်သာမယ်။ သီးနှံတွေလည်း အထွက်တိုးပြီးတော့ ဝင်ငွေတွေလည်းတိုးတက်ပြီး ရရှိလာမှာဖြစ်ပါတယ်။ အဲဒါမှ တောင်သူတွေဝင်ငွေတိုးရင် တိုင်းပြည်ဝင်ငွေ တိုးလာပြီး ကုန်ထုတ်စွမ်းအားတွေလည်း တက်လာပြီး GDP အချိုးလည်း တက်လာမှာဖြစ်ပါတယ်။

တောင်သူတွေအတွက် စက်ကိရိယာတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်အောင်ပြုလုပ်ပေးတဲ့ JICA Two Step Loan အစီအစဉ်က နှစ်ဦးနှစ်ဖက်လုံး တော်တော်အကျိုးရှိတဲ့ စီမံကိန်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။JICA ချေးငွေကို တောင်သူတွေ ကျယ်ပြန့်စွာသိရှိဖို့နဲ့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း ရှင်းပြပေးပါ။**

**ဦးနိုင်ဦး။** ။ကျွန်တော်တို့ဘက်က JICA ချေးငွေနဲ့ ပတ်သက်ပြီးတော့ တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိနိုင်ဖို့အတွက် မိုး၊ ဆောင်း၊ မိုးကြိုချေးငွေတွေ ထုတ်ချေးတဲ့အခါမှာ တောင်သူတွေကို ချေးငွေဆိုင်ရာ မူဝါဒပိုင်း၊ စည်းမျဉ်းစည်းကမ်းပိုင်း၊ ထုတ်ယူနိုင်တဲ့ ကုမ္ပဏီအစရှိတဲ့ အချက်အလက်များ ရှင်းပြပေးပါတယ်။

ပြီးတော့ မြို့နယ်တွေမှာ ပုံမှန်လဝက်တစ်ကြိမ် ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ အစည်းအဝေးကျင်းပတာတွေရှိတယ်။ အဲဒီအချိန်မှာ JICA ချေးငွေနဲ့ ပတ်သက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ရှင်းလင်းဆွေးနွေးပေးပါတယ်။ ရွာရောက်လို့ရှိရင် ကျွန်တော်တို့ကိုယ်စား ထပ်ဆင့်ပြီးတော့ ရှင်းလင်းတင်ပြပေးပါဆိုပြီး အကူအညီတောင်းပါတယ်။ ဒေသအာဏာပိုင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီး ကြော်ငြာစာရွက်များ ပေးဝေခြင်း၊ ချေးငွေမူဝါဒပိုင်းဆိုင်ရာကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ပါတယ်။ TV Channel၊ Website၊ သတင်းစာ၊ ဂျာနယ်တွေကပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက်ကို ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။ ။တောင်သူတွေအတွက် ကျပ်သိန်း ၅၀၀ ဆိုတော့ အခြေခံကောင်းသွားပြီ။ လယ်ကေတွေဝယ်လိုက်ပြီး ထပ်ပြီးတော့ ချေးလို့ရသလားဆိုတာ ရှင်းပြပေးပါ။**

**ဦးဝင်းဋ္ဌေးဦး။** ။ တောင်သူတိုင်း တောင်သူတိုင်းကို JICA ချေးငွေဖြန့်ပြီး ချေးနေရတာဖြစ်တဲ့အတွက် Member အဟောင်းကို မချေးပေးနိုင်ပါဘူး။ မချေးရသေးတဲ့သူတွေကို တစ်လှည့်စီ ချေးပေးနေပါတယ်။

**ဒေါ်သက်သက်လွင်။** ။ချေးငွေနဲ့ ဝယ်ယူတည်ဆောက်ထားတဲ့ စက်ပစ္စည်း၊ အဆောက်အအုံတွေကိုလည်း ချေးငွေမကျေမချင်း ဘဏ်မှာအာမခံပစ္စည်းအဖြစ် ထားရှိရပါမယ်။ ငွေချေးသူပိုင်ဆိုင်တဲ့၊ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေကိုလည်း အာမခံအဖြစ် ထားရှိရပါမယ်။ ချေးငွေအတွက် အာမခံသူနှစ်ဦး လိုအပ်ပြီးတော့ ဒီအာမခံသူနှစ်ဦးကလည်း ပိုင်ဆိုင်ပစ္စည်းခိုင်ခိုင်လုံလုံ ရှိရပါမယ်။ JICA က ထုတ်ချေးတဲ့ငွေပမာဏများတယ်လို့ ထင်ရပေမယ့် ကျွန်မတို့နိုင်ငံမှာရှိတဲ့ တောင်သူဦးရေနဲ့ တွက်လိုက်ရင် ၂ ရာခိုင်နှုန်းလောက်ပဲ လွှမ်းခြုံမှုရှိတဲ့အတွက် ငွေချေးမယ့်သူတွေရဲ့ Quality ကို Control လုပ်ရတာဖြစ်ပါတယ်။ နောက်ပြီး ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်တဲ့ချေးငွေ ဖြစ်တယ်။ မဖြစ်မနေပြန်ဆပ်ရမှာဖြစ်တဲ့အတွက် နည်းနည်းတော့ Customer ကို Choice လုပ်ရပါတယ်။

**ဦးနိုင်ဦး။** ။တောင်သူတွေ စက်ကိရိယာဝယ်ယူရင် အရွေးမမှားဖို့ သေသေချာချာလေ့လာပြီးမှ ဝယ်ယူစေချင်ပါတယ်။ ရွေးချယ်လိုက်တဲ့စက်ရဲ့ အရည်အသွေးကောင်းမွန်မှု၊ စက်ရဲ့ကြံ့ခိုင်မှု၊ Spare Part ပစ္စည်းများ အလွယ်တကူရရှိနိုင်မှုနဲ့ ကုမ္ပဏီရဲ့ ဝန်ဆောင်မှုတွေကို သေသေချာချာလေ့လာပြီးမှ ဝယ်ယူပါလို့ ပြောကြားလိုပါတယ်။

**ဦးခင်မောင်လွင်။** ။တောင်သူအပိုင်းကလည်း လယ်ယာဘဏ်က ချေးငွေချေးပေးလို့ လိုအပ်တဲ့စက်တွေ ဝယ်ဖို့အထောက်အပံ့တွေရလာပြီ။ ကျွန်တော်တို့အနေနဲ့ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်လာပြီ၊ တောင်သူက ထုတ်လုပ်လိုက်တဲ့ ပဲ၊ ပြောင်း၊ စပါး၊ အားလုံးဈေးကွက်ဝင်လာအောင် လုပ်ပေးနိုင်ရင် တောင်သူတွေအတွက် ပိုပြီး အဆင်ပြေမှာပါလို့ ပြောချင်ပါတယ်။

**ဦးဝင်းဋ္ဌေးဦး။** ။ တောင်သူအတွက် ဈေးကွက်ခိုင်မာအောင် လုပ်ပေးဖို့လိုသလို တစ်ဖက်ကလည်း ကုန်ဈေးနှုန်းကို နိုင်ငံတော်အစိုးရအနေနဲ့ ချိန်ရတာတွေရှိပါတယ်။ စပါးဈေးနှုန်းကို မြှင့်ပေးလိုက်မယ်ဆိုရင် ဆန်ဈေးနှုန်းကိုချပေးလို့မရပါဘူး။ စပါးဈေးနဲ့ ဆန်ဈေးညီမျှအောင်လုပ်ရတာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရဘက်မှာလည်း စီစဉ်ရတဲ့ အတိုင်းအတာတွေရှိပါတယ်။ ဈေးကွက်ခိုင်မာမှုအတွက် ကြိုးစားပေးရတာ ရှိသလို တစ်ဖက်က ကုန်ဈေးနှုန်းအပိုင်းကိုလည်း နိုင်ငံတော်အစိုးရဘက်က ထိန်းသိမ်းရတာတွေရှိတဲ့အတွက် ဒါကို နိုင်ငံတော်အကြီးအကဲတွေက စီစဉ်ပေးပါလိမ့်မယ်။

**ဦးနိုင်ဦး။** ။လယ်ယာသုံး စက်ကိရိယာတွေ အရည်အသွေး မှန်ကန်ပြီးတော့

*စာမျက်နှာ ၁၁ သို့*

## အများပြည်သူသိရှိရန် ကြေညာချက်ထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် (၂၄.၇.၂၀၁၄) ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၄ **"နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်"** ကို ထုတ်ပြန်ခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ်အတွင်းပြုလုပ်ခဲ့သည့် နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ ဖော်ပြချက်များ စစ်တမ်းကောက်ယူခဲ့ရာ အောက်ဖော်ပြပါအချက်များသည် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။

| စဉ် | စိစစ်တွေ့ရှိချက် |
|---|---|
| ၁။ | နို့သီးခေါင်းပုံ၊ မိခင်နှင့် ကလေးပုံများ၊ နို့ဘူး၊ နို့သီးခေါင်း စသည့်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနေသည့်ပုံများ ထည့်သွင်းထားခြင်းနှင့် အလားတူအဓိပ္ပာယ်သက်ရောက်သော ဖော်ပြချက်များ ဖော်ပြထားခြင်း |
| ၂။ | အထူးသတိပြုရန်အချက်ဖော်ပြရန်ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ နောက်ခံဖော်ပြရမည့်အရောင်လွဲမှားခြင်း၊ အထူးသတိပြုရန်အချက်ဖော်ပြမထားခြင်း၊ အနီရောင်ဖြင့်ရေးသားထားသော်လည်း ပြည့်စုံစွာဖော်ပြထားမှုမရှိခြင်း၊ အပြာရောင်အောက်ခံတွင်အပြာရင့်ရောင်ဖြင့် ရေးသားထားခြင်း၊ အစိမ်းရောင်အောက်ခံတွင် အနီရောင်ဖြင့် ရေးသားထားခြင်း၊ |
| ၃။ | အလွယ်တကူကွာမထွက်နိုင်သော အောက်ခံပေါ်တွင် ရေးသားထားမှုမရှိခြင်း |
| ၄။ | ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့် တင်ပို့သူ/ဖြန့်ဖြူးသူ အမည်နှင့်လိပ်စာ ဖော်ပြမထားခြင်း၊ ထုတ်လုပ်သည့်ရက်စွဲ ဖော်ပြမထားခြင်း၊ မြန်မာဘာသာဖြင့် ဖော်ပြမထားခြင်းနှင့် စွန့်ပစ်နည်း ဖော်ပြမထားခြင်း၊ |
| ၅။ | ကျန်းမာရေးအားသာချက်များ၊ အကျိုးထူးစာသားများ၊ အာဟာရတန်ဖိုးများ(စာသား/ရုပ်ပုံ/ကာတွန်း)နှင့် အလားတူ အဓိပ္ပာယ်သက်ရောက်သော ဖော်ပြချက်များဖော်ပြထားခြင်း (သင့်ကလေးအတွက် အကောင်းဆုံးအစာဖြစ်သည်၊ အကျိုးပြုအာဟာရဓာတ်များ ပါဝင်ခြင်းတို့ကြောင့် လေထိုးလေအောင့်ခြင်းမှသက်သာပြီး ကလေးငယ်၏ နာကျင်စွာ ငိုကြွေးရသောအချိန်ကို သိသာစွာ လျော့ကျစေပါသည်။ ကလေးငယ်အတွက် ကျန်းမာဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့်အပြင် ဦးနှောက်နှင့် မျက်စိဖွံ့ဖြိုးမှုအတွက် DHAထပ်မံပါဝင်ပါသည်။ ကလေးအာဟာရမှုန့်သည် အစာချေဖျက်မှု အထူးကောင်းမွန်စေပြီး ရင်သွေးငယ်များအတွက် အရေးကြီးသော ဗီတာမင်နှင့် သတ္တုဓာတ် (၁၆)မျိုးပါဝင်ပါသည်) စသဖြင့် ဖော်ပြချက်များ။ |

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိထားသည်ဖြစ်စေ၊ မရရှိထားသည်ဖြစ်စေ အမိန့်နှင့်လျော်ညီစေရန် အမြန်ဆုံးပြန်လည်စိစစ်ပြုပြင်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပြန်လည်တင်ပြအတည်ပြုချက်ရယူပြီး (၁-၁-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ ပြောင်းလဲဖော်ပြသွားရန် အသိပေးအပ်ပါသည်။

၃။ နို့စို့ကလေးအတွက်ဖော်စပ်စာ၊ ကလေးငယ်အတွက်ဖော်စပ်စာများနှင့် အသွင်သဏ္ဌာန်အားဖြင့်လည်းကောင်း၊ အသုံးပြုပုံအားဖြင့်လည်းကောင်း ဆင်တူသော်လည်း နို့စို့ကလေးနှင့် ကလေးငယ်အတွက် ရည်ရွယ်ထားခြင်းမဟုတ်သည့်(သို့မဟုတ်)သက်ဆိုင်ရာတာဝန်ရှိသူက နို့စို့ကလေးနှင့် ကလေးငယ်အတွက် မသင့်လျော်ဟုဆုံးဖြတ်သည့် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်၏ အမှတ်တံဆိပ်တွင် ဖော်ပြရမည့်အချက်များ ဖော်ပြထားခြင်း ရှိ/မရှိ ပြန်လည်စိစစ်ပါရန်နှင့် ဖော်ပြမထားပါက (၁-၁-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ ထည့်သွင်းဖော်ပြပေးရန် အသိပေးနှိုးဆော်အပ်ပါသည်။

၄။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၁ အရ အရေးယူအပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၅။ မိဘပြည်သူများအနေဖြင့် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များကို ဝယ်ယူသုံးစွဲခြင်းမပြုပါရန်နှင့် အကယ်၍ တွေ့ရှိပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ဖုန်း-၀၆၇၃-၄၀၃၂၅၀၊ ၀၆၇၃-၄၀၃၄၆၇) တွင် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ ပြည်လုံးချမ်းသာ ကမ္ဘာအေးစေတီတော် စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူခြင်းနှင့် အနေကဇာတင်အခမ်းအနားကျင်းပ



**တပ်ကုန်း အောက်တိုဘာ ၁၇**

တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ လင်းရောင်ခြည် ကျောင်းတိုက်၌ တည်ထားကိုးကွယ်တော်မူသော ပြည်လုံးချမ်းသာ ကမ္ဘာအေးစေတီတော် ဝဇီရကေတုစိန်ဖူးတော်အထွတ် တင်လှူခြင်း၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး နေမျိုးနွယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စိန်ဖူးတော်၊ ရွှေထီးတော်များကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်မြတ်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နေမျိုးနွယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ ထို့နောက် ပြည်လုံးချမ်းသာ ကမ္ဘာအေးစေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို လက်ယာရစ် သုံးကြိမ်လှည့်လည်၍ တင်လှူပူဇော်ကာ အခမ်းအနား ရုပ်သိမ်းကြောင်း သိရသည်။

သပြေချောင်းကျေးရွာ လင်းရောင်ခြည်ကျောင်းတိုက်အတွင်းရှိ ပြည်လုံးချမ်းသာ ကမ္ဘာအေးစေတီတော်မြတ်ကြီးသည် ရှေးဟောင်းစေတီတစ်ဆူဖြစ်ပြီး လက်ရှိတွင် အဆိုပါစေတီတော်အား ဉာဏ်တော်တိုးမြှင့်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၁) အောင်သပြေနယ်မြေရုံးမှ ရဲအုပ်ဇော်လင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Fultoli ကင်းစခန်းမှ Subedar Md. Mosharaf Hosssen ဦးစီးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၇) မှ (၄၈)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မကွေးတိုင်းဒေသကြီး၌ ကိုးလတာကာလ ယမန်နှစ်ကထက် မီးလောင်မှုကြိမ်ရေများခဲ့ပြီး လူသေဆုံးမှုလျော့ကျလာ

**မကွေး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ ကိုးလတာကာလ မီးလောင်မှု အကြိမ်ရေမှာ ၂၀၁၇ ခုနှစ် ကိုးလတာကာလနှင့် နှိုင်းယှဉ်လျှင် များပြားခဲ့ပြီး လူသေဆုံးမှုအနေဖြင့် လျော့နည်းသွားခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဖွဲ့စည်းပုံအရခွင့်ပြုပြီး နယ်မြေမီးသတ်စခန်း ၆၉ ခုနှင့် ထပ်မံဖွင့်လှစ်ရန် တင်ပြထားသော နယ်မြေမီးသတ်စခန်း ၃၄ ခုရှိကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။ ဖွဲ့စည်းပုံခွင့်ပြုပြီးနယ်မြေ မီးသတ်စခန်း ၆၉ ခုအနက် စခန်း ၂၈ ခုသာ အဆောက်အအုံဆောက်လုပ်ခဲ့ပြီး ၄၁ ခု အဆောက်အအုံဆောက်လုပ်ရန်ကျန်ရှိသေးကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်က ပြောကြားသည်။

"မီးသတိမူရေးအတွက် လူစည်ကားတဲ့ ဈေးတွေ၊ ကျောင်းတွေမှာ လက်ကမ်းစာစောင်တွေ ဝေငှတယ်၊ ဆိုင်းဘုတ်ကြော်ငြာတွေ တပ်ဆင်တယ်။ အသံချဲ့စက်နဲ့ တစ်မြို့လုံး လှည့်လည်ပြီး မီးဘေးနှိုးဆော်မှုတွေပြုလုပ်တယ်။ ဒါ့အပြင် ဈေး၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဟိုတယ်၊ စက်သုံးဆီဆိုင်တွေအပြင် မီးဘေးအန္တရာယ် စိုးရိမ်ရတဲ့နေရာတွေကို လိုက်ပြီးစစ်ဆေးတယ်။ ဟောပြောပွဲတွေလုပ်နေပါတယ်" ဟု တိုင်းဒေသကြီးဦးစီးမှူးက ဆက်လက်ပြောကြားသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလတာကာလ မီးလောင်မှု ၁၁၂ ကြိမ်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုအနေဖြင့် ၁၆ ဦးရှိခဲ့ကာ ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ ကိုးလတာကာလတွင် မီးလောင်မှု ၁၂၆ ကြိမ် ဖြစ်ပွားခဲ့ကာ လူတစ်ဦး သေဆုံးခဲ့ကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

လက်ရှိ မကွေးတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် မီးငြိမ်းသတ်ယာဉ် ၁၂၉ စီး၊ ရေသယ်ယာဉ် ၉၂ စီး၊ မီးသတ်စက်/ယာဉ် ၃၃ စီး၊ အထောက်အကူပြုယာဉ် ၁၈ စီး၊ အုပ်ချုပ်မှုယာဉ် ၃၃ စီး စုစုပေါင်း ၃၀၅ စီးဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

*စာမျက်နှာ ၁၀ မှအဆက်*

တောင်သူကြီးတွေအတွက် သင့်တင့်မျှတတဲ့ ဈေးနှုန်းတစ်ခုဖြစ်ဖို့လိုပါတယ်။ အခု ကျွန်တော်တို့ စက်ရောင်းချတဲ့ကုမ္ပဏီတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတစ်ခုက ဒေါ်လာဈေးနှုန်း ပြောင်းလဲမှုကြောင့် ထွန်စက်ဈေးနှုန်း ကွာဟနေခြင်းပဲဖြစ်ပါတယ်။ တောင်သူတွေ မနစ်နာအောင်လို့ ရောင်းချတဲ့ကုမ္ပဏီတွေဘက်က အတတ်နိုင်ဆုံး ဈေးနှုန်းမပြောင်းလဲဘဲ ကျွန်တော်တို့ မူလသဘောတူညီထားတဲ့ ဈေးနှုန်းနဲ့ပဲ ရောင်းချပေးနေပါတယ်။ ဒီလိုရေရှည်မှာ ရောင်းချပေးနေမယ်ဆိုရင် ကုမ္ပဏီတွေအနေနဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒေါ်လာဈေးတည်ငြိမ်ဖို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့လည်း အမြန်ဆုံး ကြိုးစားပေးစေလိုပါတယ်။ လယ်ယာသုံးစက်ကိရိယာကုမ္ပဏီတွေကိုယ်စား ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံတင်ပြလိုပါတယ်။

**အစီအစဉ်မှူး။ ။ဒီနေ့စကားဝိုင်း အဆုံးသတ်အနေနဲ့ ဒေါ်သက်သက်လွင်က ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်သက်သက်လွင်**။ ။အခုလက်ရှိ Project စခဲ့တာဆိုရင် တစ်နှစ်ကျော်ကျော် ရှိသွားပါပြီ။ တစ်နှစ်ကျော်ကျော်အတွင်းမှာ တောင်သူ ၈၁၄ ယောက်ကို ချေးငွေ ဘီလီယံ ၃၀ ကျော် ထုတ်ချေးခဲ့ပြီးဖြစ်ပါတယ်။ အခုလက်ရှိ မြို့နယ် ၄၃ မြို့နယ်မှာ စက်အလုံးရေ ၁၆၉ လုံးအတွက် ချေးပေးနေဆဲဖြစ်ပါတယ်။ နောက်ထပ်လည်း အမှုတွဲ ၆၀ ကျော် စစ်ဆေးနေဆဲဖြစ်ပါတယ်။

ကျွန်မတို့ဘဏ်အနေနဲ့ Source of fund နည်းပါးတဲ့အတွက် တောင်သူတွေကို လယ်ယာသုံးစက်ကိရိယာတွေ မထုတ်ချေးနိုင်ခဲ့တာ တော်တော်ကြာသွားပါပြီ။ JICA ချေးငွေနဲ့ Project ကိုအကောင်အထည်ဖော်တော့မှသာ လယ်ယာသုံးစက်ကိရိယာတွေ ပြန်ပြီးထုတ်ချေးပေးနိုင်တာဖြစ်ပါတယ်။ အဲဒီအတွက် Project ကို အကောင်အထည်ဖော်နိုင်အောင်လို့ ချေးငွေပံ့ပိုးပေးတဲ့ JICA နဲ့ ဂျပန်အစိုးရကို ဒီနေရာကနေ ကျေးဇူးအထူးတင်ရှိပါတယ်။

ပြီးတော့ လုပ်ငန်းစတင်ဆောင်ရွက်ကတည်းက လက်တွဲဆောင်ရွက်ခဲ့တဲ့ ဆက်စပ်အဖွဲ့အစည်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ Project ကို အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးတဲ့ မြို့နယ်ဘဏ်ခွဲက ဝန်ထမ်းအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ Project ကအစပဲရှိပါသေးတယ်။ နှစ် ၄၀ သွားရမှာပါ။ Project စတဲ့အချိန်မှာ ချောချောမွေ့မွေ့နဲ့ စခဲ့သလို အချိန်တန်ရင်သူများနိုင်ငံက ယူထားတဲ့ငွေတွေကို ပြည့်ပြည့်ဝဝ ပြန်ပြီးတော့ ပေးဆပ်ရမှာပါ။

အဲဒီလိုပေးဆပ်နိုင်ဖို့၊ လုပ်ငန်းအောင်မြင်ဖို့အတွက် ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ JICA၊ စက်ကိရိယာ ကုမ္ပဏီများ၊ တောင်သူဦးကြီးများ အားလုံးအနေနဲ့ ကိုယ့်အခန်းကဏ္ဍကနေ ဟန်ချက်ညီညီ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ် ၄၀ အတွင်းမှာ နိုင်ငံအတွက် အကျိုးရှိတဲ့မှတ်ကျောက်တစ်ခု ကျန်ခဲ့မှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဒီကဏ္ဍနဲ့ ဆက်စပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေ ပါဝင်တဲ့ စကားဝိုင်းဆွေးနွေးပွဲကိုလည်း ဆက်လက်ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့မှာ ပါဝင်ဆွေးနွေးပေးခဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။**

**ရှင်မင်း၊ မွှေးကြူ**

**ဓာတ်ပုံ-အေးသန်း**



# နမ့်ခမ်းမြို့၌ သာသနာ့ဝင်စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စုပေါင်းပေးအပ်

**နမ့်ခမ်း အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက သာသနာ့ဝင်စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများစုပေါင်းပေးအပ်ပွဲကို ယနေ့နံနက်က ဇေယျသုခဘုန်းတော်ကြီး သင် ပညာရေးကျောင်းတိုက်နှင့်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတို့ တွင် ပေးအပ်ခဲ့သည်။

အဆိုပါ စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော်၊ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးစန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ဦးစီးမှူး ဦးစန်းလွင်နှင့်တာဝန်ရှိသူများက ရဟန်း၊ သာမဏေ၊ သီလရှင်နှင့်အထက်တန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၆၆၇ ဦးတို့ကို စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း( နမ့်ခမ်း)**

❄ *ကျော့ဖုံးမှ*

၂၀၂၀တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုံး ဗိုလ်စွဲခဲ့သည့်အသင်းဖြစ်ပြီး ၂၀၀၄ နှင့် ၂၀၀၇ ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၉ ပြိုင်ပွဲမှာ (၁၁) ကြိမ်မြောက် ကျင်းပမည့်ပြိုင်ပွဲလည်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် (၁၀) ကြိမ်တွင် ထိုင်းအသင်းက လေးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ဗီယက်နမ်နှင့် မြန်မာအသင်းက နှစ်ကြိမ်စီ၊ ဩစတြေးလျနှင့် ဂျပန် ယူ-၂၃ အသင်းက တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ **ညီမြတ်သော်တာ**

● *ကျော့ဖုံးမှ*

ယှဉ်ပြိုင်မည့်အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဦးကြည်လွင်က နည်းပြချုပ်အဖြစ် တာဝန် ယူဆောင်ရွက်နေသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် ၂၀၁၉ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်လေ့ကျင့် ပြင်ဆင် မှုများပြုလုပ်နေပြီဖြစ်ပြီး လက်ရှိတွင်(က)အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်း ထားကာ ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်နေ သည့်ကစားသမားများမှာ ဒီဇင်ဘာလမှ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ် သည်။

အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို လာမည့်နှစ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဆီးဂိမ်း ပြိုင်ပွဲမတိုင်မီ ကျင်းပခြင်းဖြစ်သောကြောင့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဒီဇင်ဘာလမှ စတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

❊ *ကျော့ဖုံးမှ*

အနားယူအပန်းဖြေနေထိုင်ကာ ကြိုတင်လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိပြီး နိုင်ငံ တကာပင်လယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ကော့သောင်းဒေသ ပတ်ဝန်းကျင် ပင်လယ်ကျွန်းများဖြစ်သော ကြက်မောက်ကျွန်း၊ စေတန်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ မြင်းခွာကျွန်းများနှင့် မြန်မာ့ပင်လယ်ပြင်အတွင်းရှိ အခြားသဘာဝ ကျွန်းအလှအပများကို အောက်တိုဘာ ၁၉ ရက်တွင် လိုက်လံလေ့လာကြည့်ရှု လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မြင့်မား ရေးအတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ တွေ့ဆုံ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုး သား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပ ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုတွေ့ဆုံဆွေးနွေးပွဲသည်အားကစား ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးကြီးကြောင်း၊ ဝန်ကြီးဌာန နှင့်အားကစားအဖွဲ့ချုပ်များ အရှိန်အဟုန် မြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ထူးချွန် ထက်မြက်သော မျိုးဆက်သစ်အားကစား သမားများ ပေါ်ထွက်လာရေးအတွက် ပြည်တွင်းအားကစားပြိုင်ပွဲများကို ပိုမို ကျင်းပပြုလုပ်နိုင်ရေး၊ ပြည်ပအားကစား ပြိုင်ပွဲများတွင် ပိုမိုပါဝင်ယှဉ်ပြိုင်နိုင်ရေး နှင့်အနိုင်ရရှိရေး၊ အားကစားနှင့်ကာယ ပညာသိပ္ပံကျောင်းများတွင် မျိုးဆက်သစ် အားကစားသမားများကို ရွေးချယ် စုဆောင်းမှု၊ မွေးမြူလေ့ကျင့်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုစနစ်ကျကောင်းမွန်စေ ရေး၊ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အောင်မြင်မှုရရှိသော အားကစားသမားများကို အားပေးချီး မြှောက်ရေးနှင့် ဝန်ကြီးဌာနမှအားကစား အဖွဲ့ချုပ်များကို မည်ကဲ့သို့ ပံ့ပိုးစေလို သည်များကို သိရှိနိုင်ရေးတို့ ဖြစ်ကြောင်း နှင့်တက်ရောက်လာကြသူများအားလုံးက ပွင့်လင်းစွာဖြင့် ဆွေးနွေးအကြံပြုကြစေ လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားလောက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုး သားအားကစားမူဝါဒတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိနေကြောင်း၊ အဆိုပါ အမျိုးသားအားကစားမူဝါဒသည် အမျိုး သား ပညာရေးမူဝါဒ၊ အမျိုးသားကျန်းမာ ရေးမူဝါဒများနှင့် ချိတ်ဆက်မှုရှိရန်လိုအပ် ပြီး ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက်လည်း အထူးအရေးကြီးကြောင်း။

ယခုတွေ့ဆုံပွဲမှ ဆွေးနွေးအကြံပြု ချက်များကို အလေးအနက်ထား၍ လက်တွေ့အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ် များ သတ်မှတ်ဖော်ထုတ်ကာ ဝန်ကြီးဌာန အနေဖြင့် အဆင့်လိုက်၊ အပိုင်းလိုက် အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများက မြန်မာ့အားကစားလောက ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်ရှိရင်ဆိုင်နေရ သော အခက်အခဲနှင့် စိန်ခေါ်မှုများကို ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးစေလိုသည့် ကိစ္စရပ်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေး စိန်၊ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော် ဦးနှင့် တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် (၄၅) ဖွဲ့မှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်း ရေးမှူးများနှင့် တာဝန်ရှိသူများ တက် ရောက်ခဲ့ကြကြောင်း သိရသည်။

**ဗလစိုး**



# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် ဘာရိန်းအသင်းကိုရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင် နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဘာရိန်း လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ ၁၆ ရက် ညပိုင်းက ဘာရိန်းနိုင်ငံ ရီဖာမြို့ရှိ ဘာရိန်းအမျိုးသား ဘောလုံးကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ဘာရိန်း အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခုနစ်ရက်အတွင်း နိုင်ငံတကာခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားသော်လည်း သုံးပွဲစလုံးရလဒ်မကောင်းဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပုံစံကောင်းပြသနိုင်ခြင်း မရှိသေးဘဲ ခံစစ်ပိုင်းအားနည်းမှုများကြောင့် ဂိုးပြတ်သွင်း ခံရခြင်းဖြစ်ပြီး ဂိုးသမားကျော်ဇင်ထက် အမှားနည်းခဲ့၍ သာ ယခုထက်ပို၍ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီ ဟေးသည် ဘိုလစ်ဗီးယားအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲထွက်လူစာရင်းကို တစ်နေရာသာ အပြောင်းအလဲ လုပ်ခဲ့ပြီး မောင်မောင်လွင်၊ စည်သူအောင်၊ သိန်းသန်းဝင်း၊ ဒေးဗစ်ဒန်း၊ ကျော်ဇင်ထက် (ဂိုး) တို့ဖြင့် ပွဲထွက် ခဲ့သည်။

ဘာရိန်းအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး မြန်မာအသင်းမှာမူ မိနစ် ၂၀ နောက်ပိုင်းမှ ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။

ဘာရိန်းအသင်း၏ ဂိုးသွင်းမှုများကို ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့၍ ၄၃ မိနစ်မှ ဂိုးပေးခဲ့ရသည်။ ဘာရိန်း အတွက် ပထမဂိုးကို ပယ်နယ်တီမှတစ်ဆင့် အသင်း ခေါင်းဆောင် ရာရှီးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဘာရိန်းအသင်းက အမြင့်ဘောများဖြင့် တိုက်စစ်ဆင်ခဲ့ပြီး ၄၈ မိနစ်တွင် မိုဟာမက်က ခေါင်းတိုက်ပြီး ဒုတိယ ဂိုးထပ် သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း တိုက်စစ်ဆင်ကစားနိုင်လာပြီး ၅၁ မိနစ်တွင် မြတ်ကောင်း ခန့်က ချေပဂိုးသွင်းယူခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်း တွင် မြန်မာအသင်း ဂိုးထပ်ရနိုင်သည့်အခွင့်အရေးရ သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၆၇ မိနစ်တွင် မိုဟာမက်၊ ၆၉ မိနစ်တွင် အီဆာတို့က ဘာရိန်းအတွက် ဂိုးများထပ်မံ သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယခုတစ်ပတ်အတွင်း ကစား သည့် နိုင်ငံတကာခြေစမ်းပွဲများတွင် အင်ဒိုနီးရှား အသင်း ကို သုံးဂိုး-ဂိုးမရှိ၊ ဘိုလစ်ဗီးယားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဘာရိန်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထား သည်။

**ရဲရင့်ရှိုင်း**

# နိုင်ငံတကာရွက်လှေပြိုင်ပွဲ ငွေဆောင်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၁၈ ခုနှစ် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲကြီးကို နိုဝင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေတွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ နိုင်ငံတကာ ရွက်လှေပြိုင်ပွဲကို ကျင်းပခွင့်ရတဲ့အတွက် ဝမ်းမြောက် မိသလို နိုင်ငံတကာအားကစားပြိုင်ပွဲကြီးတစ်ခုကို အိမ်ရှင်အဖြစ် မြန်မာနိုင်ငံမှာ ကျင်းပခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ အားကစားမောင်မယ်လူငယ်တွေဟာ ကြိုးကြိုးစားစားလေ့ကျင့်နေတာကြောင့် နိုင်ငံရဲ့ဂုဏ်ကိုဆောင်နိုင်မယ်လို့ ယုံကြည်ပါ တယ်"ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖုန်းကျော်မိုးမြင့်က ပြောသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အမျိုးသား ၁၀ ဦး၊ အမျိုးသမီးရှစ်ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံ ဖြစ်သည့် ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဖီဂျီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ နယူးဇီလန်၊ အိုမန်၊ စင်ကာပူ၊ သီရိလင်္ကာ၊ တရုတ် (တိုင်ပေ)၊ ထိုင်း၊ အမေရိကန်နိုင်ငံတို့မှ လူငယ်ရွက်လှေ ကစားသမား ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ယင်းပြိုင်ပွဲသည် မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲနှင့် 2015 Wave Rider Cup ပြိုင်ပွဲတို့ကို ငွေဆောင် ကမ်းခြေတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုပြိုင်ပွဲကြီးသည် တတိယ အကြိမ်မြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# နတ်မောက်မြို့၌ မိလ္လာကျင်းထဲသို့ ဖုန်းကျ၍ ဆင်းကောက်သည့် ကျောင်းသားလေးဦး သေဆုံး

**နတ်မောက် အောက်တိုဘာ ၁၇**

မကွေးခရိုင် နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာ ဈေးကုန်းရပ်တွင် ဦးအောင်မြိုင်ဦးစီးတည်ထောင်သော ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ကျောင်းဖြစ်သည့် ပညာဉယျာဉ်ဘော်ဒါ ဆောင်တွင် အောက်တိုဘာ ၁၇ ရက်က မိလ္လာကျင်းထဲသို့ဖုန်းကျ၍ ဆင်းကောက် ရာမှ ကျောင်းသားလေးဦး သေဆုံးမှုဖြစ် ပွားခဲ့သည်။

ဖြစ်စဉ်မှာ နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာ ဈေးကုန်းရပ်တွင် ဦးအောင်မြိုင် ဦးစီးတည်ထောင်သော ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ကျောင်းဖြစ်သည့် ပညာဉယျာဉ်ဘော်ဒါ ဆောင်၌ အောက်တိုဘာ ၁၇ ရက်က ဂိုက်ဆရာ၏ SAMSUNG-G7 ဖုန်း မိလ္လာကျင်းထဲသို့ ပြုတ်ကျခဲ့ရာ အဆိုပါ ပညာဘော်ဒါဆောင်နေ ရွှေပန်းတော အထက ကျောင်းမှ ကျောင်းသား သန်းတိုးအောင် (၁၅ နှစ်)၊ မောင်ထိုက် မင်းရှိန်၊ မောင်ဇေယျာမင်းချစ်နှင့် မောင်ဟိန်းထက်စံတို့ တစ်ဦးပြီးတစ်ဦး ဆင်းရှာပြီး ပြန်တက်မလာသည်ကို သတိပြုမိသဖြင့် ဝိုင်းဝန်းဆယ်ယူကြရာ နံနက် ၁၁ နာရီခွဲတွင် ဆယ်ယူခဲ့ပြီး ရဲဆေး စာဖြင့် ရွှေပန်းတောတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ တိုက်နယ်ဆေးရုံရှိ ဆရာဝန် ဒေါက်တာကျော်ကျော်လှိုင်က အဆိုပါ ကျောင်းသားလေးဦးတို့မှာ အသက်မရှိတော့ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

ဆက်လက်၍ ပညာဉယျာဉ်ဘော်ဒါ သည် ခွင့်ပြုချက်ရရှိပြီး ဘော်ဒါဖြစ်ပြီး သေဆုံးသွားသောကျောင်းသားလေးဦး အား ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန်အတွက် ရွှေပန်းတော နယ်မြေရဲစခန်းမှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# မြန်မာအသင်းယှဉ်ပြိုင်သည့် တရုတ်ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

တရုတ်ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ Qingdao မြို့၌ စတင်ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဒုတိယနေ့တွင် တရုတ်ကလပ် Qingdao Chen အသင်းက မြန်မာ့လက်ရွေးစင် အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ တရုတ်ကလပ် Shen Zhen အသင်းက တရုတ်ကလပ် Qingdao FA အသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယမန်နေ့က ကျင်းပသည့် အုပ်စုပထမနေ့တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် Shen Zhen အသင်းတို့ တစ်ဂိုးစီ သရေကျကာ Qingdao Chen အသင်းက Qingdao FA အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် Qingdao Chen အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ Shen Zhen အသင်းက တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်၊ မြန်မာအသင်း က တစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်ရထားပြီး Qingdao FA အသင်းက နှစ်ပွဲစလုံး ရှုံးထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၁၈ ရက် (ယနေ့) တွင် Qingdao FA အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မိုးကုတ်၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းနှင့် ဘိန်းဖြူ ၂၀၁၂ ဒသမ ၅ ဂရမ်ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မိုးကုတ်မြို့နယ် မိုင်လုံ- မိုးကုတ်သွား ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၁၄(၁-၂) ကြားလယ်ကြီးတံတားရဲကင်းအနီး၌ အောက်တိုဘာ ၁၇ ရက် နံနက် ၃ နာရီခန့်တွင် YGN 1M/---- အယ်ဖတ်ယာဉ်တစ်စီး ရပ်တန့်ထားကြောင်း သတင်းအရ လယ်ကြီးတံတားရဲကင်းရှိတပ်ဖွဲ့ဝင်များက သွားရောက်စောင့်ကြည့်ခဲ့ကြောင်း၊ နံနက် ၉ နာရီ အထိ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ယူဆောင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်အားသက်သေများဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း၊ ဆပ်ပြာခွက် ၁၇၅ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၀၁၂ ဒသမ ၅ ဂရမ် (စုစုပေါင်းတန်ဖိုးငွေကျပ် ၈၀၁၂၅၀၀၀၀ ခန့်)တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် မိုးကုတ်မြို့မရဲစခန်းက မူးယစ်(ပ)၁၂၉/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တောင်ကြီးနှင့် ကွတ်ခိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၆ ရက် နံနက် ၂ နာရီခွဲက တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု စခဲကျေးရွာအဝင်လမ်းတွင် ဟန်ဇော်ဦး မောင်းနှင်ပြီး မနန်းခမ်း၊ မနန်းမြနှင့် နော်စန်းတို့ လိုက်ပါလာသည့် တိုယိုတာဟိုင်းလတ် အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအဝင် ယူကလစ်တောအနီး ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းတွင် အိုက်ကျွမ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၃၆၃ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ အောက်တိုဘာ ၁၅ ရက်တွင် တပ်မတော်မှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ကွတ်ခိုင်မြို့နယ် ပန်ဟိုးကျေးရွာအနီးတောထဲတွင် မြေကြီးအတွင်း မြှုပ်နှံထားသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အက်စီတုန်း ၂၅၆၀ လီတာ၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၄၂၀ လီတာ၊ လွိုက်ဇော ၁၆၈၀ လီတာ၊ အီသိုင်းအီသာ ၁၂၁၆ လီတာ၊ ဆာလ်ဖျူရစ်အက်ဆစ် ၁၂၈ လီတာတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈-၁၀-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၅ - "မူပိုင်ခွင့်အကြောင်း သိကောင်းစရာ" စာပေနှင့်အနုပညာမူပိုင်ခွင့် အကြောင်း သိကောင်းစရာ များ (အပိုင်း-၂)

၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်

၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၉)

၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း-၁၄)

၁၅း၁၅ - "မြူမှောင်ကင်း ဖျော့လင်းရှေ့မည်"

**ညပိုင်း**

၁၆း၃၅ - Soccer View

၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ

၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၁၀) အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော် ဒါရိုက်တာ-မင်းခိုက်စိုးစန်

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - ၂၀၁၈ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ၊ နိုင်ငံရေး ပါတီများ၏ ဟောပြောချက် "ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ"

- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အဆိုတော်သျှီ
- ပြည်သူ့နီတိ "After You"

# မော်လမြိုင်၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးတို့ကို သေနတ်ဖြင့်ပစ်ခတ်သူအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဒေါင်းဇရပ်မီးပွိုင့်၌ အောက်တိုဘာ ၁၄ ရက်က နိုင်ပိုင်ထွေး (၅၂ နှစ်) ဘားအံမြို့နယ်နေသူမောင်းနှင်ပြီး ဇနီးဖြစ်သူ မအေးမွန် (၃၂ နှစ်) ကိုးမိုင်ကျေးရွာ ရေးမြို့နယ်နေသူ



လိုက်ပါလာသော 3K/-----Wish ယာဉ်ကို ရပ်တန့်စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အဆိုပါယာဉ်မှာ ရဲတပ်ဖွဲ့ဝင်၏ ဆိုင်ကယ်ကိုဝင်တိုက်ပြီး လမ်းဘေးခုံတိုင်ကို ထပ်မံတိုက်မိကာ ရပ်တန့်သွားခဲ့သည်။

ယာဉ်မောင်းသည် ယာဉ်ပေါ်မှဆင်းကာ ပွိုင့် ၃၂ စပါယ်ရှယ်ခြောက်လုံးပြူးသေနတ်ဖြင့် ငါးချက်ပစ်ခတ်မှုကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲတပ်ကြပ် မျိုးဇော်ဦး၏ ဝဲပါးကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်(မစိုးရိမ်ရ)၊ လမ်းပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူ အေးမင်းခန့် (ခ) ဆာအတ်အား ယာလက်ခုံကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်(မစိုးရိမ်ရ) ရရှိခဲ့ပြီး နိုင်ပိုင်ထွေးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယာဉ်ကို ရှာဖွေရာ မအေးမွန်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် တန်ဖိုးငွေကျပ်သိန်း ၁၀၀) ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ပြစ်မှုကျူးလွန်သူ ထွက်ပြေးတိမ်းရှောင်သည့် လမ်းကြောင်းတစ်လျှောက်လိုက်လံရှင်းလင်းရာ ပစ်ခတ်သည့် သေနတ်ကို မြိုင်သာယာရပ်ကွက် ၂၄ လမ်းယာဘက် ရေမြောင်းအတွင်းမှ တွေ့ရှိ သိမ်းဆည်းရမိပြီး ပြစ်မှုကျူးလွန်သူ နိုင်ပိုင်ထွေးအား ယနေ့နံနက် ၅ နာရီခွဲခန့်တွင် မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အထက (၁၂)နှင့် စာတိုက်လမ်းကြား၌ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း၊ မြိုင်သာယာနယ်မြေ ရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကစီယာဉ်မောင်းလည်ပင်းကို ဓားဖြင့်လှီး၍ ကားလုယူမောင်းပြေးမှုဖြစ်

**ကျောက်တန်း အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျောက်တန်းမြို့နှင့် တံတားမြို့သို့ ဆက်သွယ်ထားသော ကားလမ်းမကြီး ပီလခတ် ဘုရားကျောင်းအနီးတွင် အောက်တိုဘာ ၁၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က တက္ကစီအငှားယာဉ်တစ်စီးကို ငှားရမ်းစီးလာသူက ယာဉ်မောင်း၏ လည်ပင်းကို ဓားဖြင့်လှီး၍ ကားလုယူမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်ဦးစီး၍ သွားရောက်စစ်ဆေးခဲ့ရာ လည်ပင်းဓားဖြင့်အလှီးခံရသည့် ယာဉ်မောင်းမှာ ဇော်မိုးအောင် (၄၀ နှစ်) မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ပြီး ၎င်းတွင်ဝဲဘက်လည်ပင်း၌ လေးလက်မခန့်ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ရဲမှူးအောင်မျိုးလတ်က ရဲကားဖြင့် လူနာအား တင်ဆောင်၍ ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသစေရာ မြို့မရဲစခန်းမှတာဝန်မှူး ဒုရဲအုပ်ရဲမင်းထက်နှင့် တပ်သားအောင်မျိုးထက်တို့က လိုက်ပါပို့ဆောင်ပေးခဲ့သည်။

အဆိုပါယာဉ်မောင်း၏ ပြောပြချက်အရ ၎င်းသည် ည ၁၀ နာရီခွဲက တက္ကစီယာဉ်ကို မောင်းနှင်လာရာ သာကေတမြို့နယ် ရွှေခင်းသာလမ်း M.O.G.E ရုံးရှေ့အရောက်တွင် လူတစ်ယောက်က ကျောက်တန်းမြို့နယ် ပီလခတ်ဘုရားကျောင်းအနီးသို့ အသွားအပြန် ငွေကျပ် ၂၃၀၀၀ ဖြင့် ငှားရမ်း၍ လိုက်ပါခဲ့ကြောင်း၊ အခင်းဖြစ်နေရာအရောက်တွင် ကားကို ရပ်ခိုင်း၍ ရပ်ပေးခဲ့စဉ် ယာဉ်ငှားလာသူက အသင့်ပါလာသောဓားဖြင့် လည်ပင်းကို လှီးမှုကြောင့် ယာဉ်မောင်းမှာကားလမ်းဘေးသို့ပြေးဆင်းသွားစဉ် ငှားစီးလာသူက ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားခဲ့သောကြောင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းခဲ့ကြောင်း၊ ပီလခတ်မှ ဦးစောမူးတို့အဖွဲ့ရောက်ရှိလာပြီး ကျောက်တန်းမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်လုယူသူအား ကျောက်တန်းမြို့မရဲစခန်းက ဖမ်းဆီးရမိရေးအတွက် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်တိုဘာ ၁၇ ရက် နံနက် ၆ နာရီခွဲ ခန့်က လုယူသွားသော ယာဉ်အား အခင်းဖြစ်နေရာ၏ အရှေ့ဘက် လေးဖာလုံကျော်ခန့်အကွာ ကားလမ်းမကြီး၏ မြောက်ဘက်ရေမြောင်းထဲ၌ ထိုးကျလျက်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# ဖားကန့်၌ စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ပျောက်ဆုံး

**ဖားကန့် အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကထန်ယန်ကျေးရွာအနီးရှိ တစ်သုံးလုံးကျောက်မျက်တူးဖော်ရေး လုပ်ကွက်တွင် အောက်တိုဘာ၁၅ရက်က စွန့်ပစ်မြေစာပုံပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၅ ရက် ညနေ ၅နာရီခန့်က ဖားကန့်မြို့နယ် ကထန်ယန်ကျေးရွာအနီးရှိ တစ်သုံးလုံးကျောက်မျက်တူးဖော်ရေး လုပ်ကွက်တွင် အမြင့်ပေ ၅၀ ခန့်ရှိ စွန့်ပစ်မြေစာပုံ လျှောကျခဲ့၍ ရေမဆေးကျောက်ရှာဖွေနေသည့် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဖြူစင်ကုန်းကျေးရွာနေ ငြိမ်းချမ်းဇော်(၃၀ နှစ်) ကို မြေစာပုံများဖုံးလွှမ်းပျောက်ဆုံးနေကြောင်း သိရသည်။

မြေစာပုံပြိုကျရာတွင် ဝိုင်းဝန်းကူညီသူတစ်ဦးက "ကျွန်တော်တို့ မြေစာပိမိနေတဲ့သူကို ဝိုင်းပြီးကူညီဖော်ပေးခဲ့တယ်။ ညနေ ၅ နာရီကနေ ၆ နာရီအထိ အသက်ရှင်နေတုန်းပဲ။ မြေစာကျောက်ခဲတွေကို လက်နဲ့ ယက်ရတယ်၊ ပေါက်ပြားနဲ့တူးရတယ်ဆိုတော့ ကြန့်ကြာမှုတွေရှိပါတယ်။ ညတွင်းချင်းဘက်ဟိုးတွေနဲ့ ဝိုင်းကူပေးရင်တော့ အသက်ရှင်လျက် ကယ်နိုင်မယ်ထင်ပါတယ်။ နောက်ထပ်တစ်ခါ မြေစာကလျှောပြီးကျလာတော့ ပြန်ပြီးဖုံးသွားတာ အသက်ရှင်နိုင်မယ်တော့ မထင်တော့ပါဘူး " ဟု ပြောပြသည်။



အဆိုပါပျောက်ဆုံးနေသူကို ငိုးပင်းကျေးရွာတာဝန်ခံ ဦးသက်နိုင် ဦးဆောင်ကာ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တစ်သုံးလုံးကုမ္ပဏီမှဝန်ထမ်းများက ဝိုင်းဝန်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရေပူစစ်ဆေးရေးအဖွဲ့ တရားမဝင်စားသောက်ကုန်များဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၆ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၆ စီး၊ သွင်းကုန်အစီး ၄၀၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၅၆ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၇၃ သန်း စုစုပေါင်းတားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၃၃ သန်းအားဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၆ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ဖြတ်သန်းမည့် ဟိုင်းလတ်ယာဉ်တစ်စီးနှင့် ရှောင်ကွင်းလမ်းဖြစ်သော သစ်ဆိပ်ပင်ကျေးရွာအနီးတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၇၃ သန်းကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥက္ကံမြို့၌ တောဆင်ရိုင်းသတ်သူများအား အလုပ်ကြမ်းနှင့်ထောင်ဒဏ်သုံးနှစ်ချမှတ်

**တိုက်ကြီး အောက်တိုဘာ ၁၇**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ချောင်းစောက်ကျေးရွာအုပ်စု ချောင်းစောက်ကျေးရွာတောင်ဘက် ဥက္ကံချောင်းစပ်တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်က ဥက္ကံချောင်းအတွင်း တောဆင်ရိုင်းတစ်ကောင် ဦးခေါင်းတခြား ကိုယ်တခြား သေဆုံးမှုနှင့် ပတ်သက်၍ အုပ်ချုပ်ရေးမှူးဟောင်းအပါအဝင် ဆင်သတ်အဖွဲ့တွင် ပါဝင်ပတ်သက်သူ ကိုးဦးကို အောက်တိုဘာ ၁၆ ရက်က တိုက်ကြီးမြို့နယ်တရားရုံးက အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်အမိန့်ချလိုက်ကြောင်း ယင်းတရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သဘာဝတောရိုင်းတိရစ္ဆာန်များနှင့်အပင်များ ကာကွယ်ရေး ဥပဒေပုဒ်မ၃၇(က)ဖြင့်အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ချခံရသော ချောင်းစောက်ကျေးရွာနေ ရဲလင်းအောင်(၂၇)နှစ်၊ ကျောက်ပြင်သာကျေးရွာနေဂျစ်တူး(၂၅နှစ်)၊ မအူကုန်ကျေးရွာနေ သူရ (၂၄ နှစ်)၊ နေလင်း(၂၄)နှစ် ၊ ဘိုဘို(၂၄ နှစ်)၊ ဇော်လင်း(၄၃ နှစ်)၊ တင်ထွေး(၃၆ နှစ်)၊ ဖိုးလုံး (၆၀ နှစ်) နှင့် ချောင်းစောက်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးသန်းလင်း (၅၀ နှစ်) အား သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် အပင်များကာကွယ်ရေး ဥပဒေပုဒ်မ ၃၇ (က) ၁၉(စ)ဖြင့်အလုပ်ကြမ်းနှင့်ထောင်ဒဏ်လေးနှစ်ခြောက်လ အမိန့်ချမှတ်လိုက်ကြောင်း တိုက်ကြီးမြို့နယ် တရားရုံးရှိ CRO မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အမိန့်ချခြင်းခံရသူကိုးဦးသည် တောဆင်ရိုင်းသတ်ဖြတ်မှုနှင့် ပတ်သက်၍ ထပ်မံ၍ အမိန့်ချမှတ်ရန် နောက်ထပ်ဆင်သတ်မှုအမှုတစ်ခု ကျန်ရှိသေးကြောင်း တိုက်ကြီးမြို့နယ် တရားရုံးမှတာဝန်ရှိသူတစ်ဦးကပြောသည်။

တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းသတ်ဖြတ်မှုနှင့်ပတ်သက်၍ တရားခံပြေးရှစ်ဦးအနက် နှစ်ဦးလွတ်မြောက်နေကြောင်း အဆိုပါတရားရုံးမှ ဖမ်းဝရမ်းစာများအရ သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဘုရားကျောင်းအတွင်း အမျိုးသမီးများကို ဝင်ရောက်ခွင့်ပြုပြီးနောက် အိန္ဒိယတွင် ဆန္ဒပြသူများကို ရဲများရှင်းလင်း

**နယူးဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယနိုင်ငံ၌ တောင်ထိပ်ရှိဘုရားကျောင်းကို ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးများကို ဝင်ရောက်ဖူးမြော်ခွင့်ပေးရန် တရားရုံးက အမိန့်ချခဲ့ရာ ယင်းအမိန့်ကိုမကျေနပ်သည့် ဆန္ဒပြသူများထွက်ပေါ်လာခဲ့ပြီး အိန္ဒိယရဲတပ်ဖွဲ့က ၎င်းတို့ကို ရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။ တရားရုံးချုပ်သည် စက်တင်ဘာလအတွင်းက ကာရာလာပြည်နယ်တောင်ပိုင်း ဆာဘရီမာလာမြို့ Ayyappa ဘုရားကျောင်းအတွင်း အသက် ၁၀ နှစ်မှ ၅၀ အတွင်း အမျိုးသမီးများကို ဝင်ရောက်ခွင့်ပိတ်ပင်ထားသည့် တားဆီးချက်ကို ဖယ်ရှားရန် တရားရုံးက အမိန့်ချခဲ့သည်။

ယင်းအမိန့်ကြောင့် ရှေးရိုးဝါဒီများ၊ ဝန်ကြီးချုပ် မိုဒီ၏ပါတီဖြစ်သည့် ဘီဂျေပီပါတီကို ထောက်ခံသူများအား ဒေါသထွက်စေပြီး ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် လူထောင်ပေါင်းများစွာတို့ ဆန္ဒပြခဲ့ကြသည်။ ဗုဒ္ဓဟူးနေ့တွင် ရဲများက ဆန္ဒပြသူများကို ဖြိုခွင်းပြီး ဘုရားဖူးလာသူ အမျိုးသား အမျိုးသမီးရာပေါင်းများစွာကို ဖူးမြော်ခွင့်ပေးရန် လမ်းရှင်းပေးခဲ့သည်။

နီလစ်ကယ်ရှိ ရဲဌာနမှ ရဲအရာရှိက ၎င်းတို့စခန်းအနေဖြင့် ခုနစ်ဦးကို ဖမ်းဆီးထားပြီးဖြစ်ကြောင်း၊ ဘုရားကျောင်းအတွင်း ဝင်ရောက်လိုသောမည်သူမဆို အတားအဆီးမရှိ ဝင်ရောက်နိုင်ကြောင်းပြောခဲ့သည်။ သို့သော် အမျိုးသားရေးဝါဒီဆန္ဒပြသူများသည် ဆက်လက်ခုခံနေဆဲဖြစ်ပြီး ဒေသခံတစ်ဦးဖြစ်သူက ၎င်းသည်ဘုရားကျောင်း၏သန့်စင်မှုကိုကာကွယ်ရန် ဒူဘိုင်းမှ ပြန်လာခဲ့ကြောင်း ပြောသည်။

အသက် ၂၃ နှစ်အရွယ်ရှိ အင်ဂျင်နီယာတစ်ဦးကလည်း ၎င်းသည် တရားရုံးချုပ်၏ အမိန့်ကိုဆန့်ကျင်ရန် ဒီနေရာသို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့ပြီး ၎င်းတို့၏ ဆောင်ပုဒ်မှာ "ရှေးရိုးအစဉ်အလာကိုကာကွယ်လိုပြီး ဘုရားကျောင်းကို လေးစားတန်ဖိုးထားရန် လိုအပ်သည်" ဟူ၍ပင် ဖြစ်သည်။

ဘုရားကျောင်းအတော်များများတွင် အမျိုးသမီးများ ဝင်ရောက်ခွင့်ပေးထားသော်လည်း အမျိုးသမီးဘုရားဖူးများမှာ အချို့သော ဘုရာကျောင်းများအတွင်း ဝင်ရောက်ခွင့်ကို တားဆီးခံထားရဆဲဖြစ်သည်။ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက အမျိုးသမီးများ အခွင့်အရေးကို တောင်းဆိုခဲ့သော်လည်း အတားအဆီးများ ရှိနေဆဲ ဖြစ်သည်။

Ayyappa ဘုရားကျောင်းအတွင်း ဝင်ရောက်ပါက သတ်ဖြတ်ခံရမည်ဟု ခြိမ်းခြောက်မှုများရှိသော်လည်း တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ တူပစ်ဒီဆိုင်းကတော့ ၎င်းအနေဖြင့် အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုများကို ကြောက်ရွံ့မှု မရှိကြောင်း ပြောသည်။



**အေအက်ဖ်ပီ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်းနှင့်အမြဲအတူရှိကြောင်း မက်တစ်ပြော

ဝါရှင်တန် အောက်တိုဘာ ၁၇

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပင်တဂွန်အကြီးအကဲရာထူးမှထွက်ခွာနိုင်ခြေရှိမှုနှင့်ပတ်သက်ပြီး ပြောကြားပြီး နောက်တစ်ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က သမ္မတကြီးသည် ၎င်းအပေါ် အပြည့်အဝထောက်ခံပေးမည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။**



တနင်္လာနေ့က ၎င်းအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ဖုန်းဖြင့် တိုက်ရိုက်ပြောဆိုခဲ့သည်ဟု ဗီယက်နမ်နှင့် စင်ကာပူသို့ သံခင်းတမန်ခင်းခရီးစဉ် သွားရောက်ရန်အတွက် ဝါရှင်တန်မှ ဟိုချီမင်းသို့ ထွက်ခွာစဉ် သတင်းထောက်များကို ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းနှင့်အမြဲအတူရှိကြောင်း ပြောကြားခဲ့သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်တစ်က ပြောခဲ့သည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံမေးမြန်းခန်းကို အမေရိကန် အသံလွှင့်ဌာနဖြစ်သည့် စီဘီအက်စ်က တနင်္ဂနွေနေ့က ထုတ်လွှင့်ခဲ့ပြီးနောက် ယခုလို ကာကွယ်ရေးဝန်ကြီး မက်တစ်၏ မှတ်ချက်စကား ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ စီဘီအက်စ်နှင့် တွေ့ဆုံမေးမြန်းခန်း၌ အမေရိကန်သမ္မတထရမ့်က မက်တစ်သည် ပင်တဂွန်မှ ထွက်ခွာကောင်း ထွက်ခွာနိုင်ကြောင်း ပြောခဲ့သည်။

ဗိုလ်ချုပ်ကြီး မက်တစ်သည် လူကောင်းတစ်ဦးဖြစ်ကြောင်း၊ ၎င်းနှင့်မိမိ အချိန်အကြာကြီး လက်တွဲလာကြောင်း၊ တစ်ချိန်ချိန်မှာ လူတိုင်းလူတိုင်း ထွက်ခွာနိုင်ကြောင်း ထရမ့်က ပြောခဲ့သည်။

ဗီယက်နမ်သို့ နာရီ ၂၀ ကြာပျံသန်းချိန်မတိုင်မီ ထရမ့်၏ မှတ်ချက်ပြုပြောကြားချက်နှင့် ပတ်သက်ပြီး ထင်မြင်ချက် မေးမြန်းသည့်အပေါ် မက်တစ်က ဘာမျှမဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိမိသည် ၎င်း၏ အစိုးရအဖွဲ့တွင် ပါဝင်ကြောင်း၊ မိမိထွက်ခွာမှုနှင့် ပတ်သက်ပြီး ထရမ့်နှင့် ပြောဆိုဆွေးနွေးခြင်း မရှိခဲ့ကြောင်း၊ မိမိတို့ ယခုဗီယက်နမ်သို့ ထွက်ခွာနေသည့် လမ်းကြောင်းပေါ်သို့ ရောက်နေကြောင်း၊ မိမိတို့ အလုပ်များကို ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ မည်သည့်ပြဿနာမှ မရှိကြောင်း မက်တစ်က ပြောကြားခဲ့သည်။

မက်တစ်က ၎င်းအနေဖြင့် မည်သည့်နိုင်ငံရေးပါတီမှာမှ မှတ်ပုံတင်ထားခြင်း မရှိကြောင်းနှင့် စစ်ဘက်ဆိုင်ရာ လုပ်ဆောင်ချက်များသည်ပင်လျှင် နိုင်ငံရေးကင်းရှင်းသည့် ဂုဏ်ယူစရာကောင်းသော အလုပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၇ ရက်က အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်တစ်သည် ဗီယက်နမ်စစ်ပွဲအတွင်း သစ်ရွက်များကြွေစေရန် ဓာတုဆေးရည်ဖျန်းပက်ခဲ့သည့် ဗီယက်နမ်တောင်ပိုင်းသို့ ရောက်ရှိလာခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ကင်ဆာရောဂါဖြစ်စေသော ကာဆီနိုဂျင်ဓာတုဆေးရည် ဂါလန် ၂၀ သန်း (လီတာ သန်း ၈၀) ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဗီယက်နမ် ပြောက်ကျားတပ်များ ပုန်းအောင်းနေထိုင်ရာ ဗီယက်နမ်တောင်ပိုင်းသို့ ၁၉၆၂ ခုနှစ်နှင့် ၁၉၇၁ ခုနှစ်တို့တွင် ဖျန်းပက်ခဲ့ရာ အဆိုပါဓာတုဓာတ်ကြွင်းများကြောင့် ဗီယက်နမ်မျိုးဆက်များကို စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မက်တစ်သည် အန္တရာယ်ရှိသည် ဆိုသည့်ဆိုင်းဘုတ်အောက်တွင် ဗီယက်နမ်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး ဗီယက်နမ်သုံးသန်းခန့် သေဆုံးခဲ့ပြီး ခါးသီးလှသည့်စစ်ပွဲဒဏ်ကြောင့် ပျက်စီးခဲ့သော ဒေသကို ပြန်လည်ပြုပြင်ရေးအတွက် အမေရိကန်က ကတိပြုခဲ့ကြောင်း သိရသည်။

ထို့အတူ အမေရိကန်နိုင်ငံ၏ လုပ်ရပ်ကြောင့် ဗီယက်နမ်နိုင်ငံ ဒုက္ခခံစားနေရသည့်အပေါ် လျော်ကြေးရရန် ဗီယက်နမ်၏ ကြိုးစားမှုမှာ အထိုက်အလျောက် အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

## အမေရိကန်၊ အီးယူ၊ ဂျပန်၊ ဗြိတိန်နိုင်ငံများနှင့် ကုန်သွယ်ရေးဆွေးနွေးမှုအသစ်များ ပြုလုပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ကမ္ဘာ့ကုန်သွယ်ရေးကို ပြန်လည်ညီမျှအောင် လုပ်ဆောင်နေသည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရအဖွဲ့၏ ကြိုးစားမှုတစ်ခုအနေဖြင့် အမေရိကန်သည် ကုန်သွယ်ရေးသဘောတူညီချက်အသစ်များကို ဗြိတိန်၊ အီးယူ၊ ဂျပန်နိုင်ငံတို့နှင့် သီးခြားညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက မကြာသေးမီက ကြေညာခဲ့သည်။

အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ရောဘတ်လိုက်တင်ဇာက အစိုးရအဖွဲ့သည် သုံးနိုင်ငံနှင့်ပြုလုပ်မည့် ကုန်သွယ်ရေးသဘောတူညီချက်များနှင့် ပတ်သက်ပြီး လွှတ်တော်သို့ အသိပေးခဲ့ကြောင်း ပြောခဲ့သည်။

အမေရိကန် အလုပ်သမားများ၊ လယ်သမားများ၊ မွေးမြူရေးခြံလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ထူးကဲကောင်းမွန်သည့် ရလဒ်များ ဆောင်ကြဉ်းပေးရန် ဆွေးနွေးညှိနှိုင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ပြီးဆုံးအောင်လုပ်ဆောင်သွားမည်ဟု မိမိတို့ ကတိပေးပြောကြားခဲ့သည်ဟု လိုက်တင်ဇာက ကြေညာချက် ထုတ်ပြန်ရေးသားဖော်ပြခဲ့သည်။

မြောက်အမေရိကလွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (နာ့ဖ်တာ) ပြန်လည်ညှိနှိုင်းမှုအပြီး ယခုလို သုံးနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီမှု ပြုလုပ်ရန်ကိစ္စ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုလိုလုပ်ဆောင်ခြင်းဖြင့် အမေရိကန်သမ္မတ ထရမ့်သည် မညီမျှသော ကုန်သွယ်မှုကို ဟန်ချက်ညီထိန်းကျောင်းနိုင်ရန် မျှော်လင့်ထားဟန်ရှိသည်။

ယခုလိုလုပ်ဆောင်ခြင်း၏ ရည်ရွယ်ချက်မှာ အမေရိကန်မိတ်ဖက်များနှင့် ကုန်သွယ်မှုတွင် ပိုမိုညီမျှမှုရရှိရန်၊ ဟန်ချက်ညီရန်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် ၂၀၁၉ ခုနှစ် ဥရောပသမဂ္ဂမှ ထွက်ခွာပြီးသည်နှင့် တစ်ပြိုင်နက်တည်း အမေရိကန်နိုင်ငံက ၎င်းနှင့် ကုန်သွယ်ရေးသဘောတူညီချက်များ ဆွေးနွေးအဖြေရှာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံနှင့် သွင်းကုန်အပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် အခွန်လွတ်ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်သည့် အတားအဆီးများနှင့် လွတ်လပ်ပြီးမျှတသည့် အပြန်အလှန်ကုန်သွယ်မှုမျိုး ဖော်ဆောင်သွားရန်အတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်သွင်းသည့်စာထဲတွင် အမေရိကန်ကဖော်ပြထားခဲ့သည်။

**အေအက်ဖ်ပီ**

## အမေရိကန်နိုင်ငံက အီရန်စီးပွားရေးဆိုင်ရာ ကွန်ရက်အဖွဲ့တစ်ဖွဲ့ကို အရေးယူ ဒဏ်ခတ်မှုများပြုလုပ်

**ဝါရှင်တန် အောက်တိုဘာ ၁၇** - အမေရိကန်နိုင်ငံသည် စီးပွားရေးဆိုင်ရာ ကွန်ရက်အဖွဲ့ဟုခေါ်သည့် ကွန်ရက်အဖွဲ့ကို မကြာသေးမီက အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကွန်ရက်အဖွဲ့သည် အီရန်နိုင်ငံတွင်ရှိပြီး အီရန်ပြည်သူ့စစ်ကို အထောက်အပံ့ပေးနေသည့် စီးပွားရေးဆိုင်ရာ ကွန်ရက်အဖွဲ့ဖြစ်ကြောင်း သိရသည်။ အဆိုပါအဖွဲ့တွင် အနည်းဆုံးကုမ္ပဏီ ၂၀ ခန့်ပါဝင်ပြီး ၎င်းကုမ္ပဏီများသည် အီရန်နိုင်ငံ၏ ကားလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သတ္တုနှင့်ဘဏ်လုပ်ငန်းများတွင် ထဲထဲဝင်ဝင်ပတ်သက်နေကြောင်း သိရသည်။ ထို့အပြင် ၎င်းတို့သည် အမေရိကန်ဘီလီယံ သန်းပေါင်းများစွာကို ထိန်းချုပ်လျက်ရှိကြောင်း သိရပြီး ၎င်းအဖွဲ့ကြီး၏ ပိုင်ရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း ဖုံးကွယ်ထားသည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က ပြောခဲ့သည်။

ယခုလို ကျယ်ပြန့်လှသည့် ကွန်ရက်အဖွဲ့သည် ကလေးစစ်သားများကို စုဆောင်းကာ လေ့ကျင့်ပေးမှုများပြုလုပ်ပေးလျက်ရှိပြီး ၎င်းတို့ကို အီရန်အစောင့်တပ်ဖွဲ့ အိုင်အာရ်ဂျီစီ၏ လမ်းညွှန်မှုအောက်တွင် တိုက်ခိုက်မှုများလုပ်ဆောင်စေခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံ၏ ဒေသတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရန်လိုမှုများ ဆက်လက်လုပ်ဆောင်နေသည့်အတွက် အမေရိကန်နိုင်ငံက ယခုကဲ့သို့ အရေးယူဒဏ်ခတ်ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆော်ဒီတော်ဝင်လေတပ် ဂျက်လေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်အမှုထမ်းများ သေဆုံး

**ရီယာ့ဒ် အောက်တိုဘာ ၁၇**

ဆော်ဒီအာရေဗျနိုင်ငံတွင် ဟော့ခ်အမျိုးအစား လေတပ်ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ဝန်ထမ်းများအားလုံး သေဆုံးသွားခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဆော်ဒီတော်ဝင်လေတပ် ဂျက်လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၁၅ ရက်က ပျက်ကျခဲ့သည်။

ယခုအခါတွင် စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ယခုကဲ့သို့ လေယာဉ်ပျက်ကျခြင်းသည် မကြာသေးမီလများအတွင်း ဒုတိယအကြိမ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင်လက ယီမင်နိုင်ငံ စစ်ပွဲတွင် ပါဝင်ခဲ့သည့် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ တိုနေးတိုး တိုက်လေယာဉ်တစ်စင်းသည် လေ့ကျင့်ရေး မစ်ရှင်တစ်ခုမှအပြန်တွင် နည်းပညာချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် လေယာဉ်မှူးမှာ ထိခိုက်မှုမရှိဘဲ လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### လက်ဘနွန် ဒုက္ခသည်စခန်းတွင် ခိုက်ရန်ဖြစ်ပွားရာ ၁၅ ဦးခန့် ဒဏ်ရာရ

**လက်ဘနွန် အောက်တိုဘာ ၁၇**

လက်ဘနွန်နိုင်ငံတောင်ပိုင်း မီးဟ်မီးဟ် ဒုက္ခသည်စခန်းတွင် ဖာတာအုပ်စုနှင့် ဟူသီအုပ်စုတို့အကြား ခိုက်ရန်ဖြစ်ပွားခဲ့ရာ အဆိုပါအုပ်စုနှစ်စုမှ လူ ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ပွားပြီးနောက်ဒုံးကျည်ပစ်ခတ်မှုများ ထွက်ပေါ်လာခဲ့ကြောင်းအယ်လ်နက်စ်ရာ အွန်လိုင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

မီးဟ်မီးဟ် ဒုက္ခသည်စခန်းသည် လက်ဘနွန်နိုင်ငံရှိ ပါလက်စတိုင်း တို့၏ ဒုက္ခသည်စခန်းတစ်ခုဖြစ်ပြီး ဆိုင်ဒွန်မြို့ အရှေ့ဘက် လေးကီလိုမီတာအကွာ မီးဟ်မီးဟ်ရွာ၏အစွန်တွင် တည်ရှိကြောင်း သိရသည်။

အဆိုပါစခန်းရှိ ဒုက္ခသည်များ အချင်းချင်းတင်းမာမှုများသည် လွန်ခဲ့သည့် နှစ်အနည်းငယ်ကတည်းက ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားအပစ်ရပ်စဲရေး သဘောတူညီချက်အပေါ် တူရကီနဲ့ ရုရှားတို့ ဘယ်လိုထိန်းသိမ်းမလဲ

**■ တွန်းသစ်စ ■**



အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထားပြီး အစိုးရနဲ့ အတိုက်အခံအင်အားစုများကြား စစ်မဖြစ်ရေးနယ်မြေ (စစ်မဲ့ဇုန်) မှ ဆီးရီးယားနိုင်ငံ အီဒလစ်ရှိ ဂျီဟတ်များဆုတ်ခွာရေးနဲ့ ပတ်သက်ပြီး ရုရှားနဲ့ တူရကီတို့ အပစ်ရပ်သဘောတူညီချက် ရရှိခဲ့တာ တစ်လနီးပါး ကြာပြီဖြစ်သော်လည်း ယင်းအခြေအနေအပေါ် လိုက်ပါဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သိရပါတယ်။

**သဘောတူညီချက်အပေါ် လိုက်ပါဆောင်ရွက်မှုမရှိ**

အခုအချိန်အထိ နှစ်ဖက်အဖွဲ့တွေ သွေးမြေမကျအောင် ရည်ရွယ်ချက်နဲ့ သဘောတူခဲ့တဲ့ အဲဒီသဘောတူညီမှုအပေါ် လိုက်ပါဆောင်ရွက်နိုင်ခြင်း အားနည်းနေတဲ့အတွက် စဉ်းစားစရာဖြစ်နေပါတယ်။

အဲဒီ သဘောတူညီချက်ဟာ အစိုးရရဲ့ အီဒလစ်ကို အပြင်းအထန်တိုက်ခိုက်နေတဲ့ ကိစ္စကို တွန်းလှန်ဖယ်ရှားဖို့ နောက်ဆုံးကြိုးစားမှုတစ်ခုလည်းဖြစ်ပါတယ်။ ဆီးရီးယားစစ်ပွဲကြောင့် ပျက်စီးနေတဲ့ အီဒလစ်ဟာ သူပုန်တွေရဲ့ အကြီးဆုံး ခြေကုပ်ယူရာနေရာဖြစ်ပြီး အဲဒီမှာလူပေါင်း သုံးသန်းလောက်နေထိုင်တယ်လို့ သိရပါတယ်။

ဆုတ်ခွာရေးအတွက် နောက်ဆုံးသတ်မှတ်ရက် ရောက်ရှိလာတာတောင် အတင်းအကျပ်ဆုတ်ခွာသွားခြင်းမျိုးလည်း မရှိခဲ့ပါဘူး။

"စစ်မဲ့ဇုန်မှ ဂျီဟတ်တိုက်ခိုက်ရေးသမားတွေကို ဆုတ်ခွာခိုင်းဖို့ ကျွန်တော်တို့မှာ ဘာအထောက်အထား စာရွက်စာတမ်းမှ မရှိပါဘူး" လို့ ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ အကြီးအကဲ ရာမီအဗ္ဗဒဲလ်က ပြောခဲ့ပါတယ်။

တပ်ဆုတ်ခွာရန်အတွက် ဂျီဟတ်အဖွဲ့တွေဟာ တနင်္လာနေ့အထိ ဆက်လက်ရှိသေးတယ်လို့ ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့ အကြီးအကဲ ရာမီအဗ္ဗဒဲလ်နဲ့ အီဒလစ်ရှိ သူပုန်တပ်မှူးနှစ်ဦးတို့ရဲ့ပြောဆိုချက်အရ သိရပါတယ်။

အဲဒီ သဘောတူညီချက် ပယ်ဖျက်သွားပြီလားဆိုတာ ဆုံးဖြတ်ဖို့ အချိန်ယူရမယ်လို့ ဆီးရီးယားအစိုးရက ပြောပါတယ်။

**အကြမ်းဖက်မှုတွေ ပြန်ဖြစ်မှာ စိုးရွံ့နေ**

"ကျွန်တော်တို့ ရုရှားရဲ့တုံ့ပြန်မှုကို စောင့်ရမယ်။ ရုရှားဟာ ဒီအခြေအနေတွေကို စောင့်ကြည့်နေတယ်" လို့ နိုင်ငံခြားရေးဝန်ကြီး ဝါလစ်မူလမ်က ပြောခဲ့ပါတယ်။

အကယ်၍ ရုရှား- တူရကီ အပစ်ရပ်စဲရေးသာ ကျိုးပေါက်ခဲ့ပါက ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသမှာရှိတဲ့ အရပ်သားတွေဟာ အကြမ်းဖက်မှုတွေ ပြန်ဖြစ်လာမှာကို ကြောက်ရွံ့နေကြတယ်လို့ အီဒလစ်ဒေသခံတစ်ဦးက ပြောပါတယ်။

"ကျွန်တော်တို့ဟာ စာချုပ်ချုပ်ဆိုထားတဲ့ နှစ်ဖက်ကိုယ်စားပြုအဖွဲ့တွေအနေနဲ့ အချက်အလက်တွေကို အကောင်အထည် မဖော်နိုင်မှာကို စိုးရွံ့နေသလို အကယ်၍ အကောင်အထည် မဖော်နိုင်ခဲ့ပါက ဗုံးကြဲမှုတွေနဲ့ တိုက်ပွဲတွေ ပြန်ဖြစ်လာမှာကို ထိတ်လန့်ကြောက်ရွံ့နေပါတယ်" လို့ အီဒလစ်ဒေသခံတစ်ဦးက ဆက်လက် ပြောပါတယ်။

အပစ်ရပ်စဲရေးသဘောတူညီမှု မပြီးခင် နာရီပိုင်းလေးအတွင်း အီဒလစ်မြို့ရှိ ဩဇာကြီးတဲ့ ဂျီဟတ်ဟာယက်တာရာ အယ်လ်ရှန်က တိုက်ခိုက်မှုများကို ဆက်ပြီး ပြုလုပ်သွားမှာ ဖြစ်ကြောင်း ပြောခဲ့ပါတယ်။

အိတ်ချ်တီအက်စ်နဲ့ အခြားအစွန်းရောက် အကြမ်းဖက်အဖွဲ့တွေဟာ စစ်မဲ့ဇုန်ရဲ့သုံးပုံပုံ နှစ်ပုံကို ချုပ်ကိုင်ထားပါတယ်။

သူတို့ရဲ့ ဆုတ်ခွာမှုဟာ သူပုန်ထောက်ခံ အန်ကာရာနဲ့ အစိုးရထောက်ခံ မော်စကိုတို့ကြား စက်တင်ဘာ ၁၇ ရက်က ဆိုချီမှာ သဘောတူခဲ့တဲ့ အပစ်ရပ်စဲရေးအပေါ် စမ်းသပ်မှုတစ်ခုလားဆိုတာတော့ မသေချာသေးပါဘူး။

အဆိုပါ အပစ်ရပ်စဲရေးမှာ စစ်မဲ့ဇုန်တစ်ခုဖော်ဆောင်ရေးလည်း ပါဝင်ပြီး အဲဒီစစ်မဲ့ဇုန်ဟာ သူပုန်တွေ ထိန်းသိမ်းထားရာ အီဒလစ်၊ အိမ်နီးချင်းပြည်နယ်များဖြစ်တဲ့ လာတာကီရာ၊ ဟားမားနဲ့ အလက်ပိုတို့နဲ့ ထိစပ်နေတဲ့ စက်ဝိုင်းခြမ်းပုံ သဏ္ဍာန် ၁၅ ကီလိုမီတာမှ ၂၀ ကီလိုမီတာအထိရှိကြောင်း သိရပါတယ်။

**နောက်ဆုံးထားသတ်မှတ်**

သူပုန်အားလုံးနဲ့ ဂျီဟတ်အားလုံးကို စစ်မဲ့ဇုန်မှ လက်နက်ကြီးများဖြင့် တစ်ပါတည်းဆုတ်ခွာသွားရေးအတွက် ကနဦးအနေဖြင့် အောက်တိုဘာ ၁၀ ရက်ကို နောက်ဆုံးထား သတ်မှတ်ခဲ့ပါတယ်။

သို့သော်လည်း အောက်တိုဘာ ၁၃ ရက်မှာ စစ်မဲ့ဇုန်မှ လက်နက်များဖြင့် ပစ်ခတ်မှုကြောင့် အစိုးရနေရာတွေကို ထိမှန်ပြီး အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့တယ်လို့ ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောခဲ့ပါတယ်။ ပြီးတော့လည်း လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုဟာ စစ်မဲ့ဇုန်လို နေရာမျိုးမှာတောင် ဖြစ်နေသေးတယ်လို့ ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ဆက်လက်ပြောကြားခဲ့ပါတယ်။

> **"ခုတော့ဒီတာဝန်တွေဟာ တူရကီနှင့် မော်စကိုတို့အပေါ် ကျရောက်လို့လာခဲ့ပါပြီ။ သူတို့နှစ်နိုင်ငံဟာ ဆီးရီးယားစစ်ပွဲရပ်ဆိုင်းရေးအတွက် ကြားဝင်စေ့စပ်ပေးတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ခုတော့ သူတို့နှစ်နိုင်ငံဟာ အပစ်ရပ်စဲရေးသဘောတူညီချက်အပေါ် အပြည့်အဝလိုက်နာဆက်လက်မလုပ်ဆောင်နိုင်ခဲ့တဲ့ ကိစ္စနှင့်ပတ်သက်ပြီး ဘယ်လိုရှေ့ဆက် ဆောင်ရွက်ရမလဲဆိုတာ စဉ်းစားရတော့မှာပဲဖြစ်"**

သိသာတဲ့ ချိုးဖောက်မှုတွေဟာ အပစ်ရပ်စဲရေး နောက်ဆုံးသတ်မှတ်ရက်မှာ ဖြစ်ပွားခဲ့ပါတယ်။ အောက်တိုဘာ ၁၇ ရက်မှာ ဂျီဟတ်တွေအကုန်ဆုတ်ခွာသွားဖို့ မျှော်လင့်ရကြောင်း၊ ထိုသို့ဆုတ်ခွာမယ်ဆိုပါက ရုရှားနဲ့ တူရကီတို့ အဆိုပါနေရာကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

ဆိုချီအပစ်ရပ်စဲရေး သဘောတူညီချက်အပေါ် အိတ်ချ်တီအက်စ်အဖွဲ့က ပုံမှန်သဘောထား မထုတ်ပြန်သေးသလို အပစ်ရပ်စဲရေး သဘောတူညီချက် နောက်ဆုံးသတ်မှတ်ရက်အပေါ် တစ်စုံတစ်ရာ မှတ်ချက်ပြုခြင်းလည်းမရှိပါဘူး။

သို့သော်လည်း အိတ်ချ်တီအက်စ်အဖွဲ့နဲ့ အခြားဂျီဟတ်အဖွဲ့တွေက အပစ်ရပ်စဲရေး သဘောတူညီချက် နောက်ဆုံးသက်မှတ်ရက်ဖြစ်တဲ့ အောက်တိုဘာ ၁၀ ရက်မှာ ၎င်းတို့ရဲ့ လက်နက်ကြီးများနှင့်အတူ တိတ်တဆိတ် စတင်ဆုတ်ခွာခဲ့ကြပါတယ်။ ဒါကြောင့် စစ်မဲ့ဇုန်ဖန်တီးရေး မျှော်လင့်ချက်ရောင်ခြည်ပျောက်ကွယ် မသွားသေးဘူးလို့ ဆီးရီးယားအရေး လေ့လာစောင့်ကြည့်သူများက ပြောပါတယ်။

**အပြည့်အဝအကောင်အထည်မဖော်နိုင်**

"ဒီနေ့မှာ အပစ်ရပ်စဲရေးသဘောတူညီချက်ကို အပြည့်အဝ အကောင်အထည် မဖော်နိုင်ပေမယ့် အဲဒါကို ဆက်လက်ထိန်းသိမ်းသွားမယ်လို့လည်း မဆိုလိုနိုင်ပါဘူး" လို့ အစွန်းရောက်တော်လှန်ရေးမူဝါဒကို လေ့လာနေတဲ့ အပြည်ပြည်ဆိုင်ရာဌာနမှ ပညာရှင်ဖြစ်သူ ဟိုက်ဒ်ဟိုက်ဒ်က ပြောပါတယ်။

အိတ်ချ်တီအက်စ်အဖွဲ့တွေက သူတို့ရဲ့ ရှင်သန်ရပ်တည်မှုအတွက် အကောင်းဆုံးအနာဂတ်ကို ရှာဖွေနေတာကြောင့် သူတို့တွေဟာ စစ်မဲ့ဇုန်မှ တချို့တစ်ဝက် ဆုတ်ခွာနေကြပါတယ်။

အိတ်ချ်တီအက်စ်အဖွဲ့၏ မပြတ်သားတဲ့ သတင်းထုတ်ပြန်ချက်မှာ ဆိုဂျီ အပစ်ရပ်စဲရေး သဘောတူညီချက်အပေါ် လက်ခံသလိုမျိုး ဖော်ပြခဲ့ပါတယ်လို့ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခအကျပ်အတည်းအဖွဲ့မှ စမ်ဟယ်လာက ပြောပါတယ်။

ခုတော့ဒီတာဝန်တွေဟာ တူရကီနဲ့ မော်စကိုတို့အပေါ် ကျရောက်လို့လာခဲ့ပါပြီ။ သူတို့နှစ်နိုင်ငံဟာ ဆီးရီးယားစစ်ပွဲရပ်ဆိုင်းရေးအတွက် ကြားဝင်စေ့စပ်ပေးတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ခုတော့ သူတို့နှစ်နိုင်ငံဟာ အပစ်ရပ်စဲရေးသဘောတူညီချက်အပေါ် အပြည့်အဝလိုက်နာမလုပ်ဆောင်နိုင်ခဲ့တဲ့ ကိစ္စနှင့်ပတ်သက်ပြီး ဘယ်လိုရှေ့ဆက် ဆောင်ရွက်ရမလဲ ဆိုတာ စဉ်းစားရတော့မှာပဲ ဖြစ်ပါတယ်။

အောက်တိုဘာ ၁၅ ရက်ဟာ အပစ်ရပ်စဲရေးကို အကောင်အထည်ဖော်နိုင်ဖို့ တူရကီရဲ့ လုပ်နိုင်စွမ်းအပေါ် စမ်းသပ်စစ်ဆေးမှုတစ်ခုလားလို့ ဆိုရမလိုဖြစ်နေပါတယ်။ ထို့အတူ ရုရှားရဲ့ အာရုံစူးစိုက်နိုင်မှုအပေါ် ကိုလည်း စမ်းသပ်ချက်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ခုလိုအပစ်ရပ်စဲရေးသဘောတူညီချက်အပေါ် ဘယ်လိုရှေ့ဆက်သွားမလဲဆိုတာ အလေးအနက်ထား စဉ်းစားရမှာပဲဖြစ်ကြောင်း ဟယ်လာက ပြောခဲ့ပါတယ်။

**စဉ်းစားရမယ်**

ရုရှားနိုင်ငံအနေနဲ့ အဆိုပါအပစ်ရပ်သဘောတူညီချက်အပေါ် ဘယ်လိုမျိုး ဆက်လက်ထိန်းသိမ်း အကောင်ထည်ဖော်သွားမလဲဆိုတာ စဉ်းစားစရာကောင်းနေပါတယ်။

အမေရိကန်လုံခြုံရေးဌာနမှ နီကိုလက်စ်ဟီရက်စ်က အိတ်ချ်တီအက်စ်အဖွဲ့ကို မီးနဲ့ကစားနေတယ်လို့ သတိပေးပြောကြားလိုက်ပြီး အဲဒါက တူရကီကို စစ်ရေးဆိုင်ရာအင်အားသုံးမှု ဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

တူရကီနိုင်ငံက အီဒလစ်ရှိ အိတ်ချ်တီအက်စ်အဖွဲ့ကို တိုက်ခိုက်ချင်စိတ်မရှိဘဲ ရုရှားနဲ့ ပြုလုပ်ခဲ့တဲ့ အပစ်ရပ် သဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းသွားလိုကြောင်း ပြောခဲ့ပါတယ်။ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က အီဒလစ်ပြည်နယ်ဟာ သူပုန်တွေလက်ထဲသို့ ယာယီကျရောက်ခြင်းသာ ဖြစ်ပြီး တစ်ချိန်ချိန်မှာ အစိုးရက ပြန်လည်သိမ်းပိုက်နိုင်မှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။ **ကိုးကား - အေအက်ဖ်ပီ**

# ခန္ဓာကိုယ်ထဲကရေ

သိပ္ပံစာရေးဆရာ ကိုကိုအောင်

**ဤမြေကမ္ဘာပေါ်တွင် ရှင်သန်ရပ်တည်နေကြသော လူသားများ၊ အပင်နှင့် တိရစ္ဆာန်များ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ခန္ဓာကိုယ်အတွင်း၌ ရေများ ပါဝင်ဖွဲ့စည်းထားသော အစိတ်အပိုင်းတို့ဖြင့် ပြည့်နှက်လျက်ရှိနေသည်။ ထိုသို့သော အပင်နှင့် သတ္တဝါတို့၏ ကိုယ်တွင်းရှိ ရေများကို ဇီဝရေဟု ခေါ်ဆိုပြီး တစ်ကမ္ဘာလုံးရှိ လူတို့အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ကိုယ်တွင်းရှိ ရေပမာဏ စုစုပေါင်းသည် ကုဗမိုင်ပေါင်း ၂၆၉ အထိပင် ရှိနေသည်။**

## တစ်ကမ္ဘာလုံးရှိ မြစ်၊ ချောင်း ရေထုထည်ပမာဏ၏ ထက်ဝက်မျှဖြစ်

ဇီဝရုပ်တို့၏ ကိုယ်တွင်း၌ ရှိနေသော ရေထုထည်ပမာဏသည် ကမ္ဘာ့ရေချိုထုကြီး တစ်ခုလုံး၏ ၀.၀၀၃ ရာခိုင်နှုန်းအထိ ရှိနေသလို ကမ္ဘာပေါ်ရှိ ရေချိုနှင့် ရေငန်များ စုစုပေါင်းပမာဏ၏ ၀.၀၀၀၁ ရာခိုင်နှုန်းအဖြစ်လည်း ပါဝင်လျက်ရှိနေသည်။ ထိုသို့ ပါဝင်နေမှုအချိုးအစားသည် တစ်ကမ္ဘာလုံးရှိ မြစ်၊ ချောင်းများအတွင်းမှ ရေထုထည်ပမာဏ၏ ထက်ဝက်မျှဖြစ်သလို ကမ္ဘာ့ရွှံ့ညွှန်အိုင်များအတွင်းရှိ ရေပမာဏ စုစုပေါင်း၏ ဆယ်ပုံပုံလျှင် တစ်ပုံခန့်နှင့်ညီမျှသော ပမာဏလည်း ဖြစ်သည်။

လူသားတို့သည် အမိဝမ်းတွင်း၌ သန္ဓေသားအဖြစ် နေခဲ့ရစဉ်က ခန္ဓာကိုယ်တစ်ခုလုံးတွင် ရေသည် ရာနှုန်းပြည့်နီးပါး ပါဝင်နေခဲ့သည်။ အမိဝမ်းမှကျွတ်၍ မွေးကင်းစကလေးငယ်အရွယ် ဖြစ်လာသည့်အခါ ရေဓာတ်လျော့နည်းသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။ သိတတ်စအရွယ်သို့ ရောက်လာသောအခါ ရေပါဝင်မှုမှာ ၇၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး အရွယ်ရောက်လာသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏမှာ ၇၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။

တဖြည်းဖြည်းနှင့် အသက်အရွယ်ကြီးရင့်လာသည်နှင့် အမျှ ဟော်မုန်းဓာတ်များ ပြောင်းလဲသွားခြင်း၊ ခန္ဓာကိုယ်တွင်းရှိ ဇီဝဖြစ်စဉ်များ ပြောင်းလဲသွားခြင်းနှင့် ကျောက်ကပ်၏ အလုပ်လုပ်ပုံ ပြောင်းလဲသွားခြင်းတို့ကြောင့် ရေသောက်လိုစိတ် နည်းပါးလာခြင်းနှင့်အတူ ရေပါဝင်မှုကလည်း ခန္ဓာကိုယ်အလေးချိန်၏ ၅၀ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားသည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းသည် ဆဲလ်များအတွင်း၌ ရှိနေပြီး ကျန် ၃၅ ရာခိုင်နှုန်းသည် ဆဲလ်များအကြား၌ လည်းကောင်း၊ သွေးထဲ၌ လည်းကောင်း ရှိနေကြသည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအနက် ရေပါဝင်ဖွဲ့စည်းမှု အများဆုံးသော အစိတ်အပိုင်းမှာ အဆုတ်ဖြစ်ပြီး ရေပါဝင်မှု အနည်းဆုံးသော အစိတ်အပိုင်းမှာ အရိုးများပင် ဖြစ်သည်။ အဆုတ်တွင် ရေပါဝင်မှုသည် ၉၀ ရာခိုင်နှုန်းအထိ ရှိနေသလို ဦးနှောက်ထဲတွင် ရေပါဝင်မှုက ၈၅ ရာခိုင်နှုန်းနှင့် သွေးထဲ၌ ရေပါဝင်မှုမှာ ၈၂ ရာခိုင်နှုန်းအထိ ရှိနေသည်။



> ❖ ခန္ဓာကိုယ်အတွင်းမှ ရေတစ်လီတာခန့် ဆုံးရှုံးသွားသည်ကို ပြန်လည်မဖြည့်တင်းနိုင်ပါက နိုးကြားတက်ကြွမှု မရှိတော့ခြင်း၊ အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း၊ အမြင်အာရုံ လျော့နည်းလာခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများကို ခံစားကြရလိမ့်မည် ဖြစ်သည်။ ရေလေးလီတာခန့် ဆုံးရှုံးသွားပြီဆိုလျှင် မူးမော်ခြင်းနှင့် ခေါင်းကိုက်ခြင်းများကို ခံစားကြရမည်ဖြစ်ပြီး ခန္ဓာကိုယ်တွင်းမှ ရေဆုံးရှုံးမှုပမာဏသည် ၁၂ လီတာအထိ ရောက်ရှိသွားခဲ့လျှင်မူ အသက်ဆုံးရှုံးသွားနိုင်
>
> ❖ ခန္ဓာကိုယ်ထဲ၌ ရှိသင့်သော ရေပမာဏထက် အလွန်အကျွံပိုလျှံလာသည့်အခါ ခန္ဓာကိုယ်တွင်းရှိ ဆိုဒီယံကဲ့သို့သော ဓာတ်ဆားများ၏ ပါဝင်မှုအချိုးအစားသည် ပုံမှန်ရှိသင့်သော အတိုင်းအတာ ပမာဏအောက်သို့ များစွာလျော့နည်းကျဆင်းသွားပြီး ခန္ဓာကိုယ်အတွင်း၌ ပုံမှန်လှုပ်ရှားလည်ပတ်နေသော ဇီဝဓာတုဖြစ်စဉ်များကို ပျက်ယွင်းသွားစေ

## အရိုးမကျိုးစေရန် တတ်နိုင်သမျှ ကာကွယ်ပေးထား

အရိုးထဲ၌မူ ရေပါဝင်နှုန်းက ၁၅ ရာခိုင်နှုန်းမျှသာ ရှိနေသော်လည်း ထိုရေများသည် တစ်စုံတစ်ခုသော ထိခိုက်မှုဒဏ်ကြောင့် လွယ်လင့်တကူ အရိုးမကျိုးစေရန် တတ်နိုင်သမျှ ကာကွယ်ပေးထားလျက် ရှိနေသည်။ လူတို့ စားသုံးလိုက်သော အစားအစာများထဲတွင် ပါဝင်နေသောရေများသည် အူလမ်းကြောင်းတစ်လျှောက် အစာများ ချောမွေ့စွာရွေ့လျားနိုင်အောင် အထောက်အကူပေးနေသလို ကိုယ်တွင်းဆဲလ်များက စွန့်ထုတ်လိုက်သော အညစ်အကြေးများကို ကျင်ကြီး၊ ကျင်ငယ်အဖြစ် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်နိုင်ရန်လည်း ကိုယ်တွင်းရှိ ရေများကပင် လုပ်ဆောင်ပေးနေခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ခန္ဓာကိုယ်ထဲ၌ ရေဓာတ်နည်းနေချိန်၌ ဆီးချုပ် ဝမ်းချုပ်ဖြစ်ခြင်းကို ခံစားကြရလေ့ရှိသည်။

မျက်လုံးနှင့် ဦးနှောက်တို့ကို ရေအဓိကပါဝင်နေသော အရည်များက ဝန်းရံကာကွယ်ပေးထားသလို အမြဲစွတ်စိုနေရန် လိုအပ်သော လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများဖြစ်သည့် မျက်စိ၊ ပါးစပ်နှင့် နှာခေါင်းတို့ကိုလည်း ရေကပင် အစိုဓာတ်ရှိနေအောင် လုပ်ဆောင်ပေးနေခြင်း ဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်၏ အပူအအေး ရုတ်ခြည်းပြောင်းလဲမှုဖြစ်သည့်အခါ လူ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ပူလိုက်အေးလိုက် မဖြစ်စေရန် ခန္ဓာကိုယ်တွင်းရှိ ရေများကပင် ထိန်းညှိပေးလျက်ရှိသည်။

## ဦးနှောက်၏စေ့ဆော် လျှပ်စစ်လှိုင်းများ၏ လျှပ်ကူးပစ္စည်းဖြစ်

ခန္ဓာကိုယ်အပူချိန်ထက် ပြင်ပအပူချိန်က ပိုပြီး မြင့်လွန်းနေပါက ကိုယ်တွင်းရှိ ရေများသည် ချွေးအဖြစ် ထွက်လာပြီး ထိုချွေးများ အငွေ့ပျံသည့်အခါ ခန္ဓာကိုယ်သည် အေးမြသွားကာ သက်သောင့်သက်သာဖြစ်၍ ကျန်နေခဲ့သည်။ ခြေ၊ လက်စသော လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများ လှုပ်ရှားလုပ်ဆောင်နိုင်ရန် ဦးနှောက်က စေ့ဆော်ပေးနေခြင်းဖြစ်ရာ ဦးနှောက်၏ စေ့ဆော်မှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်လှိုင်းများကို အကောင်းဆုံးသော လျှပ်ကူးပစ္စည်းဖြစ်သည့် ကိုယ်တွင်းရေများက သယ်ဆောင်ပေးသွားခြင်းကြောင့် ဦးခေါင်း၊ မျက်စိ၊ ပါးစပ်၊ လည်ပင်း၊ လက်နှင့် လက်ချောင်းများ၊ ခြေထောက်နှင့် ခြေချောင်းများ အားလုံးတို့က ဟန်ချက်ညီညီ လှုပ်ရှားနိုင်ကြခြင်း ဖြစ်သည်။

လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ ရေများသည် ရှူထုတ်လိုက်သော လေများနှင့်အတူ အခိုးအငွေ့များအဖြစ် လည်းကောင်း၊ ခန္ဓာကိုယ်လှုပ်ရှားသည့်အခါနှင့် ပူအိုက်သည့်အခါများတွင် ချွေးများအဖြစ် လည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်များအဖြစ် လည်းကောင်း၊ ခန္ဓာကိုယ်ပြင်ပသို့ အချိန်နှင့်အမျှ ထွက်သွားကြရသည်။ ထိုသို့သော ဇီဝဓာတုဖြစ်စဉ်များကြောင့်ပင် ခန္ဓာကိုယ်တွင်းရှိ ရေများသည် နေ့စဉ် တစ်လီတာခန့် ဆုံးရှုံးနေရသည်။

ထိုကဲ့သို့ ဆုံးရှုံးသွားသော ရေများ၏ နေရာတွင် လူတို့ နေ့စဉ်စားသုံးနေသော အစားအစာများ၊ သစ်သီးသစ်နှံများ၊ ဖျော်ရည်များ၊ အချိုရည်နှင့် သောက်ရေတို့၌ ပါရှိလာသော ရေများဖြင့် အစားထိုးကာ ပြန်လည်ဖြည့်ဆည်းပေးနေရသည်။ အကယ်၍ ရေဓာတ်ဆုံးရှုံးမှုကို အလျဉ်မီအောင် ဖြည့်ဆည်းမပေးနိုင်ပါက ခန္ဓာကိုယ်တွင်း၌ ရှိသင့်သော ရေပမာဏအောက်သို့ ကျဆင်းသွားလိမ့်မည် ဖြစ်သည်။ ရေဓာတ်လျော့နည်းလာသည့်အခါ အာခေါင်ခြောက်လာခြင်း၊ တံတွေးနည်းလာခြင်း၊ ဆီးနည်းလာခြင်း၊ ဆီး၏ အရောင်ရင့်လာခြင်းနှင့် ဆီးနံ့ပြင်းလာခြင်း စသည့် လက္ခဏာများကို ပြသလာလိမ့်မည် ဖြစ်သည်။

## ကျန်းမာရေး မထိခိုက်စေရန် ရေများများ သောက်သုံးကြရမည်

ထိုသို့ ဖြစ်လာခဲ့လျှင် ကျန်းမာရေး မထိခိုက်စေရန်အတွက် ရေများများ သောက်သုံးကြရမည် ဖြစ်သည်။ ပုံမှန်အားဖြင့် ၂၄ နာရီ တစ်ရက်တာအတွက် ရေနှစ်လီတာခန့်အထိ သောက်သုံးကြရမည် ဖြစ်သည်။ ရေသောက်လျှင် တစ်ကြိမ်တည်းဖြင့် ပမာဏများများ သောက်ခြင်းထက် မိမိခန္ဓာကိုယ်အတွက် သင့်တင့်မျှတသည့် ပမာဏကို အချိန်နာရီခြား၍ မကြာခဏ သောက်သုံးပေးခြင်းမျိုးက ပို၍ သင့်တော်သည်။

နွေရာသီကဲ့သို့ ပူပြင်းခြောက်သွေ့သည့် အချိန်ကာလမျိုးတွင် ခန္ဓာကိုယ်တွင်း၌ ရေဓာတ်ဆုံးရှုံးမှု များပြားလာတတ်သည့်အားလျော်စွာ သွေးထဲ၌လည်း ရေပါဝင်မှုနှုန်း ကျဆင်းသွားလေ့ရှိသည်။ ရေဓာတ်နည်းလာသော သွေးသည် ပို၍ပျစ်လာသည့်အတွက် ပျစ်သည့်သွေးကို တွန်းပို့နေရသော နှလုံးသည် ပုံမှန်ထက် အဆတိုး၍ အလုပ်လုပ်ပေးရသည်။ ထိုအခါ လွယ်လင့်တကူပင် ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်။

အကယ်၍ ခန္ဓာကိုယ်အတွင်းမှ ရေတစ်လီတာခန့် ဆုံးရှုံးသွားသည်ကို ပြန်လည်မဖြည့်တင်းနိုင်ပါက နိုးကြားတက်ကြွမှု မရှိတော့ခြင်း၊ အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း၊ အမြင်အာရုံ လျော့နည်းလာခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများကို ခံစားကြရလိမ့်မည် ဖြစ်သည်။ ရေလေးလီတာခန့် ဆုံးရှုံးသွားပြီဆိုလျှင် မူးမော်ခြင်းနှင့် ခေါင်းကိုက်ခြင်းများကို ခံစားကြရမည်ဖြစ်ပြီး ခန္ဓာကိုယ်တွင်းမှ ရေဆုံးရှုံးမှုပမာဏသည် ၁၂ လီတာအထိ ရောက်ရှိသွားခဲ့လျှင်မူ အသက်ဆုံးရှုံးသွားနိုင်သည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ထိခိုက်ဒဏ်ရာရသည့် အခါမျိုး၌လည်း သွေးအလွန်အကျွံထွက်နေပါက ထွက်သွားသောသွေးများနှင့်အတူ ရေဓာတ်အများအပြား ဆုံးရှုံးသွားလိမ့်မည် ဖြစ်သည်။ ရေဓာတ်ဆုံးရှုံးမှု များပြားလွန်းပါက အသက်အန္တရာယ်ရှိနိုင်သည်ဖြစ်ရာ ထိခိုက်ဒဏ်ရာရသည့်အခါမျိုး၌ သွေးထွက်မလွန်စေရန် ဂရုပြုကြရမည် ဖြစ်သည်။

ပူပြင်းသော ရာသီကာလများ၌လည်း ပြင်းထန်သော လေ့ကျင့်ခန်းများကို မလုပ်သင့်သလို ချွေးထွက်လွန်ကဲမှု မဖြစ်အောင်လည်း ဂရုပြုဆင်ခြင်ကြရမည် ဖြစ်သည်။ တတ်နိုင်သမျှ အရိပ်ထဲ၌ နေထိုင်သင့်ပြီး၊ မကြာခဏဆိုသလို ရေသောက်ခြင်း၊ အချိုရည်၊ သံပရာရည်နှင့် ဖျော်ရည်များကို သောက်သုံးခြင်း၊ ဓာတ်ဆားရည် သောက်သုံးခြင်းများကို ပြုလုပ်သင့်ကြသည်။ ဂလူးကို့စ်နှင့် ဓာတ်ဆားများ အရန်သင့်ပါဝင်နေသော အုန်းရည်ကို သောက်ခြင်းသည်လည်း ပူပြင်းသော ရာသီကာလမျိုးအတွက် အလွန်သင့်လျော်သည့် အလေ့အထတစ်ရပ်ပင် ဖြစ်သည်။

## ရေအလွန်အကျွံ ပိုလျှံလာသည့်အခါ ဓာတ်ဆားအချိုးအစားများ လျော့နည်း

ခန္ဓာကိုယ်အတွင်း၌ ရှိသင့်သော ပမာဏထက် ရေအလွန်အကျွံ ပိုလျှံလာသည့်အခါ ကိုယ်တွင်းရှိ ဓာတ်ဆားများ၏ အချိုးအစားများစွာ လျော့နည်းသွားပြီး ထိုသို့ လျော့နည်းသွားခြင်းက ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမဖြစ်သွားစေသည်။ ပိုနေသောရေများကို ကျောက်ကပ်ကလည်း စွန့်ထုတ်မပေးနိုင်တော့ပေ။ သွေးထဲ၌ ရေပမာဏ လွန်ကဲလာသည့်အခါ သွေးကျဲလာပြီး ရုတ်တရက် သွေးပေါင်ထိုးကျသွားခြင်းကို ဖြစ်စေနိုင်သလို အသက်အန္တရာယ်လည်း ရှိလာနိုင်သည်။

ပိုလျှံလာသော ရေများကြောင့် ကိုယ်တွင်းဆဲလ်များက ပွလာနိုင်သော်လည်း ဦးနှောက်ဆဲလ်များကမူ အလိုက်သင့် ပွမလာနိုင်သည့်အတွက် ခေါင်းအလွန်ကိုက်ခြင်း၊ သတိလစ်ခြင်း၊ မေ့မြောသွားခြင်းများမှသည် အသက်ဆုံးရှုံးမှုအထိပင် ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်၌ အရပ်ဒေသအသီးသီးတွင် ရေကို အတိုင်းအဆမဲ့စွာဖြင့် အလွန်အကျွံသောက်သုံးမှုကြောင့် အပြင်းအထန် ခေါင်းကိုက်သည့်ဝေဒနာကို ခံစားရသူများ၊ သတိလစ် မေ့မြောသွားသူများ အများအပြားရှိခဲ့သည်။ ယင်းတို့အနက် အချို့မှာ ဆေးရုံနှင့် ဆေးကုသမှုဌာနများသို့ အချိန်မီ ရောက်ရှိပြီး ကုသမှုခံယူခဲ့ကြရာမှ ပြန်လည်ကျန်းမာလာသူများ ရှိသလို အသက်ဆုံးရှုံးသွားရသူများလည်း အများအပြား ရှိခဲ့သည်။

အချို့သောနိုင်ငံများ၌မူ လူငယ်များ အချင်းချင်း ရေသောက်ပြိုင်ကြရာမှ မိမိအနိုင်ရရှိရေးအတွက် ရေကို အလွန်အကျွံသောက်မိသဖြင့် ခေါင်းအလွန်ကိုက်ကာ ထိုမှတစ်ဆင့် သတိလစ်မေ့မြောသွားပြီး အသက်ဆုံးရှုံးသွားခဲ့ရသော သာဓကမျိုးလည်း အများအပြား ရှိခဲ့သည်။

ထိုသို့ဖြစ်ရခြင်းမှာ ခန္ဓာကိုယ်ထဲ၌ ရှိသင့်သော ရေပမာဏထက် အလွန်အကျွံပိုလျှံလာသည့်အခါ ခန္ဓာကိုယ်တွင်းရှိ ဆိုဒီယမ်ကဲ့သို့သော ဓာတ်ဆားများ၏ ပါဝင်မှုအချိုးအစားသည် ပုံမှန်ရှိသင့်သော အတိုင်းအတာ ပမာဏအောက်သို့ များစွာ လျော့နည်းကျဆင်းသွားပြီး ခန္ဓာကိုယ်အတွင်း၌ ပုံမှန်လှုပ်ရှားလည်ပတ်နေသော ဇီဝဓာတုဖြစ်စဉ်များကို ပျက်ယွင်းသွားစေသောကြောင့် ဖြစ်သည်။

ခန္ဓာကိုယ်တွင်းအင်္ဂါများ ပုံမှန်လှုပ်ရှားလည်ပတ်နေချိန်၌ သွေးထဲရှိရေနှင့် ဓာတ်ဆားများထဲမှ မလိုအပ်သည်များကို ဖယ်ရှားစစ်ထုတ်၍ ခန္ဓာကိုယ်ပြင်ပသို့ ကျင်ငယ်ရည်အဖြစ် စွန့်ထုတ်ပေးသည်။ ပိုလျှံနေသော ရေများကြောင့် ဓာတ်ဆားအချိုးအစားများ ပြောင်းလဲသွားသည့်အခါ ကျောက်ကပ်၏ ပုံမှန်လုပ်ဆောင်ချက်များ ကစဉ့်ကလျားဖြစ်သွားခြင်းနှင့်အတူ အန္တရာယ်ရှိ ရေပိုများကိုလည်း ကျင်ငယ်အဖြစ် စွန့်ထုတ်နိုင်အောင် ကျောက်ကပ်က လုပ်ဆောင်ပေးနိုင်ခြင်း မရှိတော့ပေ။

## အလွန်အကျွံသောက်သုံးခြင်း ရှောင်ရှားကြရမည်

တစ်ဖက်တွင်လည်း ပိုလျှံလွန်ကဲလာသော ရေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဦးနှောက်ဆဲလ်များက ဖောင်းပွမလာနိုင်တော့သည့်အတွက် သတိလစ်မေ့မြောကာ အသက်ဆုံးရှုံးသွားရခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ရေကို ရေသောက်သလို သောက်သုံးခြင်းမပြုဘဲ နေ့လယ်စာ စားသုံးသကဲ့သို့ ပမာဏများများဖြင့် အလွန်အကျွံသောက်သုံးခြင်းသည် အသက်အန္တရာယ်ရှိသော လုပ်ရပ်ဖြစ်သည့်အတွက် ထိုသို့သော လုပ်ရပ်မျိုးကို ရှောင်ရှားကြရမည် ဖြစ်သည်။

လူတို့၏ ခန္ဓာကိုယ်နှင့် ရေသည် ခွဲခြား၍မရဘဲ အချိုးအစားညီညွတ်မျှတစွာဖြင့် ဒွန်တွဲလျက် ရှင်သန်ရပ်တည်နေကြရသည်ဖြစ်ရာ ခန္ဓာကိုယ်အတွက် လိုအပ်သည့်ရေကို ပမာဏနည်းနည်းဖြင့် ပုံမှန်ဖြည့်ဆည်း သောက်သုံးခြင်း၊ ရေဓာတ်ပါဝင်သည့် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးဖြည့်ဆည်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရသည့်အခါ သွေးထွက်မလွန်စေရန် ဂရုစိုက်ခြင်း၊ ပူပြင်းသော ရာသီကာလများတွင် ရေဓာတ်ဆုံးရှုံးမှုကို ဖြစ်စေသော ချွေးထွက်လွန်ခြင်းမျိုး မဖြစ်အောင် ဂရုပြုဆင်ခြင်ခြင်း၊ ရေကို အတိုင်းအဆမဲ့စွာဖြင့် အလွန်အကျွံသောက်သုံးခြင်းမျိုးမှ ရှောင်ရှားခြင်း စသည်တို့ကို လိုက်နာလုပ်ဆောင်ကြခြင်းအားဖြင့် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ခွင့်ရရှိကြလိမ့်မည် ဖြစ်ပေသည်။ ။

# ဒလတံတားရေိယာနှင့်မလွတ်သည့် ဘုရားကြီးနှင့်အာရုံခံတန်ဆောင်း ပြန်လည်တည်ဆောက်


**ရန်ကုန် အောက်တိုဘာ ၁၇**

ကိုရီးယား - မြန်မာ ချစ်ကြည်ရေး (ဒလတံတား)တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွင်း မလွတ်ကင်းသည့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးပေါ်ရှိ အောင်တော်မူဘုရားကြီးနှင့် သာသနိက အဆောက်အအုံတို့ကို ကျန်စစ်သားရပ်ကွက်သို့ ပြောင်းရွှေ့တည်ထားခဲ့ရာ အဆိုပါ အောင်တော်မူဘုရားကြီးနှင့် အာရုံခံတန်ဆောင်း တည်ဆောက်မှုလုပ်ငန်း ၇၀ ရာခိုင်နှုန်းကျော်ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဘုရားကြီး ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း၌ ကြီးကြပ်မှုကော်မတီဖွဲ့စည်းရာတွင် ကမာကဆစ် အနောက်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဦးသေိက ကြီးမှူး၍ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ ပါဝင်သော ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားပြီး တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**






## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၃၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၂၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၉ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၆ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၈ ・ ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၇ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၉၂၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၂၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၂၆၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီဓွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(၉) သဘောတူစာချုပ်အား လိုက်နာရမည့် မြီရှင်များအကြား ခွဲဝေပေးမည့်အစီအစဉ်နှင့် ပတ်သက်သည့် ဖော်ပြချက်၊

(၁၀) သဘောတူစာချုပ်အရ ခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက်သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီနေ့ရက်၊ (ထိုရက်သည် ကယ်ဆယ်ခြင်းအဆင့်စတင်သည့် နေ့ရက်ထက် နောက်မကျစေရ)

(၁၁) အစီအစဉ်အရ အကျိုးထိခိုက်စေမည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ အာမခံပစ္စည်းအပေါ် တောင်းဆိုမှုနှင့် ၎င်းတို့၏ အာမခံပစ္စည်းပမာဏ၊

(၁၂) နည်းဥပဒေတွင်ဖော်ပြထားသည့်အခြားကိစ္စရပ်များ။

(ခ) နည်းဥပဒေတွင်ဖော်ပြထားသော အကြောင်းကြားစာ ပူးတွဲလျက် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဓိကအချက်များပါဝင်သည့် အကျဉ်းချုပ်ဖော်ပြထားချက်အား ပုဒ်မ ၇၁ အရ ခေါ်ယူကျင်းပမည့် မြီရှင်များအစည်းအဝေးမတိုင်မီ မြီရှင်အားလုံးထံ ပေးပို့ရမည်။

(ဂ) အကြောင်းကြားစာနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် အကျဉ်းချုပ်ဖော်ပြချက်အား မြီရှင်များသို့ ပေးပို့ရာတွင် ယင်းနှင့်အတူ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အစီရင်ခံစာလည်း ပါဝင်ရမည်။

(ဃ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးတစ်ယောက်က စာဖြင့်ရေးသား တောင်းခံပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီရင်ခံစာမိတ္တူကို ပေးပို့ရမည်။

## အခန်း(၄)
## ပြန်လည်ထူထောင်ရေးအစီအစဉ်

**ပြန်လည်ထူထောင်ရေးအစီအစဉ်မည်သည့်အချိန်တွင်အတည်ဖြစ်ခြင်း**

၇၃။ (က) အဆိုပြုအစီအစဉ်ကို မြီရှင်များထံ ကြိုတင်ပေးပို့ပြီး အထမြောက်အတည်ဖြစ်သည့် မြီရှင်များအစည်းအဝေးတွင် မြီရှင်အများစုမှလည်း သဘောတူပါက ပြန်လည်ထူထောင်ရေးအစီအစဉ်အား အတည်ဖြစ်သည်။

(ခ) အစီအစဉ်ကိုအဆိုပြုသူ သို့မဟုတ် အဆိုပြုသူများ၏ သဘောတူညီချက်အရ အစီအစဉ်ပါအချက်များကို မြီရှင်များအစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး မြီရှင်များက အစီအစဉ်ပြင်ဆင်ချက်ကို အဆိုပါအစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

(ဂ) ဤပုဒ်မပါရည်ရွယ်ချက်များ အလို့ငှာ လိုအပ်သည့်အများစု ဆိုသည်မှာ အောက်ပါအချက်နှစ်ရပ်စလုံး ပါဝင်စေရမည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူမြီရှင်များက မဲပေးရန်နှင့်

(၂) အစည်းအဝေးတွင် မဲပေးသူမြီရှင် စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသော မြီရှင်များက မဲပေးရန်။

(ဃ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ အစည်းအဝေးသို့ တက်ရောက်လာသည့် မြီရှင်တိုင်းသည် မဲပေးရန်လိုအပ်ပြီး အဆုံးအဖြတ် ပြုရန်အတွက် လုံလောက်သည့် မဲအများစုရရှိခြင်း ရှိ မရှိ သိရှိရန်အတွက်သဘာပတိက ထိုမဲများကို မှတ်တမ်းတင်ရေတွက်ရမည်။

(င) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် မြီရှင်များ၏ဆုံးဖြတ်ချက်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေတွင်ဖော်ပြထားသူများထံသို့ မြီရှင်များအစည်းအဝေးပြီးနောက် အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီရင်ခံရမည်။

(စ) မြီရှင် သို့မဟုတ် အစုဝင်များမှ တောင်းဆိုပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် မဲခွဲစဉ်တွင် မည်သူက မည်သို့မဲပေးခဲ့ကြောင်း မှတ်တမ်းမိတ္တူကို ပေးအပ်ရမည်။

(ဆ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပုဒ်မခွဲ (င) နှင့် (စ) ကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအားကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

**ခန့်အပ်ခြင်းကိုအကြောင်းကြားခြင်း**

၇၄။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအားခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအားခန့်အပ်ပြီးကြောင်းကို ကုမ္ပဏီသို့ အကြောင်းကြားရမည်။ထို့နောက် နည်းဥပဒေပါနည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအားခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(၃) ၎င်းအားခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း**

၇၅။ (က) မြီရှင်အများစုမှ သဘောတူအတည်ပြုပြီးပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီအစဉ်၏ အချက်များပါဝင်သော တရားဝင်စာရွက်စာတမ်းများကို စုစည်းပြုစုရမည်။ ထို့နောက် ယင်းစာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် ခန့်အပ်ခံရမည့် အစီအစဉ်ကြီးကြပ်သူတို့မှ လက်မှတ်ထိုးရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အထက်ပါစာရွက်စာတမ်းများအား ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့်ကာလအတွင်း လက်မှတ်ရေးထိုးရမည်။

(ဂ) ကုမ္ပဏီနှင့်အစီအစဉ်ကြီးကြပ်သူမှ ပြန်လည်ထူထောင်ရေးအစီအစဉ်အား လက်မှတ်ထိုးပြီးပါက ကယ်ဆယ်ခြင်းအဆင့်ပြီးဆုံးပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့် စတင်သည်ဟု မှတ်ယူရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ**

၇၆။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကုမ္ပဏီ၊ ၎င်း၏ မြီရှင်နှင့်အစုဝင်များအကြား ကျေအေးညှိနှိုင်းမှုကို ဖြစ်စေသည်။

(ခ) ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်-

(၁) ပါဝင်မဲပေးခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာဆိုင်ရာ အခွင့်အရေးများ၊ ထို့အပြင်

(၂) အစည်းအဝေးသို့ တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏ အခွင့်အရေး။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့် အချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်လွှာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့် အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေးအဆင့်တွင် ဆိုင်းငံ့ထားလျှင် -

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းသည့် အမှုတွင် ၎င်းအားထိုသို့ခန့်အပ်ကြောင်းကို တင်ပြရမည်။

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် လျှောက်လွှာကို ပလပ်ရမည်။ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်အားပယ်ဖျက်ရမည်။

**အကျိုးသက်ဆိုင်သူများအပေါ်ပြန်လည်ထူထောင်ရေးအစီအစဉ်၏သက်ရောက်မှု**

၇၇။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီ ဖြစ်စေ ပေါ်ပေါက်ခဲ့သော မြီရှင်များအားလုံး၏ တောင်းဆိုမှုများအပေါ်တွင် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ(က) သည် အောက်ပါအချက်များမှအပ အာမခံအကျိုးခံစားခွင့်ရ မြီရှင်များက ၎င်းတို့အာမခံရရှိထားသောပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဂ) ပုဒ်မခွဲ (၁) သည် အောက်ပါအချက်များမှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်း မရှိစေရ။

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင်၊ သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်လျှင်။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင်လည်း စည်းနှောင်အား ရှိပါသည်-

(၁) ကုမ္ပဏီ၊

(၂) ကုမ္ပဏီ၏အရာရှိများနှင့်

(၃) ပုဒ်မခွဲ(င)နှင့်အညီ ကုမ္ပဏီ၏အစုဝင်များ။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ရှယ်ယာဝင်များ၏ အကျိုးကို ထိခိုက်နစ်နာစေမည့်ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) အစုရှယ်ယာများတွင် တန်ဖိုးအလျှော့တွက်နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ပါ ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်းမရှိစေရ။

**တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရမြီရှင် သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း**

၇၈။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ အချက်များနှင့်အညီ တရားရုံး၏ခွင့်ပြုချက်အရမှတစ်ပါး ကုမ္ပဏီ၏ အာမခံအကျိုးခံစားခွင့်ရ မြီရှင်အပေါ် ယင်း၏ အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ် အရသဘောတူထားသည်မှတစ်ပါး တရားရုံးသည် တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ပြီး သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ ငှားရမ်းထားပြီး ကုမ္ပဏီက အသုံးပြုနေသော သို့မဟုတ် နေထိုင်လုပ်ကိုင်နေသော သို့မဟုတ် လက်ဝယ်ရယူထားသော ပစ္စည်းကို တရားရုံး၏အမိန့်အရ ခွင့်ပြုထားသည်မှလွဲ၍ ထိုသူတို့က လက်ဝယ်ရထားရှိခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ရယူခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချမှတ်ရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် အမိန့်ချမှတ်နိုင်သည်-

(၁) ထိုအမိန့်ကိုချမှတ်ခြင်းမရှိပါက အစီအစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အရေးပါသောဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိနိုင်ခြင်း၊ နှင့်

(၂) အဆိုပါအမိန့်ပါအချက်အလက်များနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်၊ ပိုင်ရှင် သို့မဟုတ် အငှားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးခြင်း။

**အစီအစဉ်ကြီးကြပ်သူ၏အခန်းကဏ္ဍ**

၇၉။ (က) အစီအစဉ်ကြီးကြပ်သူ၏ လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင် ချမှတ်ထားသော အစီအစဉ်အား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းဆိုင်ရာတာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ပါဝင်သည်-

(၁) ကုမ္ပဏီ၏အေးဂျင့်အဖြစ်ဆောင်ရွက်ခြင်း၊ ထို့အပြင်

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**တရားရုံးကညွှန်ကြားနိုင်သည့်အာဏာ**

၈၀။ (က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ကုမ္ပဏီ၊ ရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်လာသည့် မည်သည့်ပြဿနာကိုမဆို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတ၍ အကျိုးရှိမည်ဟု ထင်မြင်လျှင် သင့်တော်သည့် စည်းကမ်းချက်တစ်စုံတစ်ရာသတ်မှတ်၍ လျှောက်ထားမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြားသင့်တော်သည့် အမိန့်ကိုလည်း ချမှတ်နိုင်သည်။

**ပြန်လည်ထူထောင်ရေးဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၈၁။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်တွင် ကုမ္ပဏီသည် အောက်ပါကိစ္စရပ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းလုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေး မန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များအားလုံး။

(ခ) ပုဒ်မခွဲ (၁) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့်ကုမ္ပဏီအရာရှိနှင့် ကုမ္ပဏီ၏ အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

**အစီအစဉ်ကြီးကြပ်သူအားအစားထိုးခြင်း**

၈၂။ (က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အစီအစဉ်အဆင့်တွင် အစီအစဉ်ကြီးကြပ်သူနှင့် စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် အစီအစဉ်အဆင့်တွင်လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

**အခန်း(၅)**

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း**

**မဲခွဲရာတွင် မဲအများစုကို သတ်မှတ်ခြင်း**

၈၃။ (က) ဤအခန်းပါ ရည်ရွယ်ချက်များ အလို့ငှာ-

**ထပ်ဆင့်မဲအများစု** ဆိုသည်မှာ အောက်ဖော်ပြပါ နည်းနှစ်မျိုးစလုံးဖြင့်ရရှိသည့် မဲအများစုကို ဆိုလိုသည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူ မြီရှင်များနှင့်

(၂) အစည်းအဝေးတွင်မဲပေးသူ မြီရှင်စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက် ပိုသော မြီရှင်များ။

**အုပ်စုတစ်စုတည်း မဲအများစု** ဆိုသည်မှာ မဲခွဲရာတွင် **ထပ်ဆင့်မဲအများစု** တွင် ပါဝင်သော အုပ်စုနှစ်စုအနက်တစ်စုက မဲအများစုရရှိခြင်းကို ဆိုလိုသည်။

**ရည်ရွယ်ချက်အောင်မြင်ပါက ပြန်လည်ထူထောင်ရေးအစီအစဉ်အားရပ်စဲခြင်း**

၈၄။ (က) ကုမ္ပဏီပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ထိုအစီအစဉ်နှင့် သက်ဆိုင်သော အခြားသူများ၏ တာဝန်ဝတ္တရားများအား အပြည့်အဝ ဆောင်ရွက်ပြီးသည့်အပြင် အစီအစဉ်အရ မြီရှင်များ၏ တောင်းဆိုမှုများကို ဆောင်ရွက်ပြီးဖြစ်ပါက အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အား ရပ်စဲကြောင်း အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် အထက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်ပြီးကြောင်း ဖော်ပြရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပြီးပါက ၎င်းအားခန့်အပ်ထားမှုသည် ရပ်စဲပြီးဖြစ်သည်။

(ဂ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ခိုင်လုံသော အကြောင်းမရှိဘဲ မှတ်ပုံတင်အရာရှိထံပေးပို့ရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဃ) အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီ မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မည်ဟု အစီအစဉ်တွင် ဖော်ပြပါရှိလျှင် အစီအစဉ်ကြီးကြပ်သူသည် ကုမ္ပဏီကို ပယ်ဖျက်ပေးရန် တစ်ချိန်တည်းတွင် လျှောက်ထားရမည်။ ထိုသို့လျှောက်ထားမှုအပေါ် ပုဒ်မ ၂၁၂ ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် အစီအစဉ်ကြီးကြပ်သူက တင်သွင်းရန် အချက်အလက်များနှင့် သက်ဆိုင်စေရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း**

၈၅။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေများတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည်-

(၁) ကုမ္ပဏီ၏ဒါရိုက်တာဘုတ်အဖွဲ့မှ တောင်းဆိုသည့်စာကို လက်ခံရရှိလျှင် သို့မဟုတ်

(၂) အစီအစဉ်ပါ စည်းကမ်းချက်များ၏ အဓိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက်ရှိသည် သို့မဟုတ် ချိုးဖောက်ရန် အလားအလာရှိသည်ဟု အစီအစဉ်ကြီးကြပ်သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်လျှင်။

(ခ) ပုဒ်မခွဲ (က)ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူက အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(၁) နည်းဥပဒေတွင် ဖော်ပြထားသည့်နည်းလမ်းများအတိုင်း မြီရှင်များ၏ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့ရမည်၊

(၂) မြီရှင်များထံသို့ ပေးပို့သည့် အကြောင်းကြားစာတွင် အဆိုပြု ပြောင်းလဲလိုသည့် အစီအစဉ် မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(ကက) မည်သည့်အတွက် ထိုသို့ပြောင်းလဲပြင်ဆင်ကြောင်း ရှင်းလင်းချက်၊

(ခခ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ်ကြီးကြပ်သူ၏ ထင်မြင်ချက်၊

(ဂဂ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ယူဆရသည့်အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့် ပြောင်းလဲမှုသည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ မရှိ။

(ဂ) နည်းလမ်းတကျ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ထပ်ဆင့်မဲအများစုရရှိပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်းမဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ် ပြောင်းလဲပြင်ဆင်မှုအတွက်ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေးသဘာပတိသည် အစီအစဉ်ကို ရပ်စဲရန် မဲခွဲဆုံးဖြတ်မည့် အစည်းအဝေးကို ထပ်မံကျင်းပရမည်။

(စ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရပ်စဲရန် ထပ်ဆင့်မဲအများစု ရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်းမဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကိုပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) အစီအစဉ်ရပ်စဲရန်အတည်မပြုနိုင်ပါက ကုမ္ပဏီသည် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ဤအစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၈၇ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အခွင့်အရေးသည် ဆက်လက်တည်ရှိနေရမည်။

(ဈ) အစီအစဉ် ရပ်စဲရန်ဆုံးဖြတ်ခဲ့ပါက ကုမ္ပဏီသည် ပုဒ်မ ၈၈ နှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များ အစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

(ဋ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (ည) ပါပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဌ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင်ကုမ္ပဏီ၏ မြီရှင်တစ်ဦးသည် ထိုသို့ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှု ရှိစေရန်အလို့ငှာ ထိုပြောင်းလဲ ပြင်ဆင်ချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

**ရည်ရွယ်ချက် မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း**

၈၆။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၈၅၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှု မပြုလုပ်ခဲ့လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က)တွင်ဖော်ပြပါရှိသည့် အခြေအနေများဖြစ်ပေါ်လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအချက်များအရ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်-

(၁) အစီအစဉ်ကြီးကြပ်သူက ချိုးဖောက်မှုသည် အရေးပါသော ချိုးဖောက်မှုဟု ယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့် အချိန်ကာလတစ်ရပ် ကုန်ဆုံးသွားလျှင်၊ သို့မဟုတ်

(၂) စုစုပေါင်း မြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်း ထက်ပိုသော မြီရှင်များကဖြစ်စေ၊ မြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ အစည်းအဝေးခေါ်ယူပေးရန်တောင်းဆိုလျှင်။

(ဂ) အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိက ပြန်လည်ထူထောင်ရေးအစီအစဉ် ရပ်စဲရန် မဲခွဲဆုံးဖြတ် ဆောင်ရွက်ရမည်။

(ဃ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သောမဲအများစု အရေအတွက်သည် ပုဒ်မ၈၅၊ ပုဒ်မခွဲ (စ) နှင့် (ဆ) ပါပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

(င) အကြောင်းကြားစာ ပေးပို့ခြင်းကို ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ည)ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း**

၈၇။ (က) ဤပုဒ်မသည်အောက်ပါအခြေအနေများတွင် သက်ဆိုင်သည်-

(၁) အစီအစဉ်ကို ချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ သို့မဟုတ် ဘဏ္ဍာရေး အခြေအနေတို့နှင့် သက်ဆိုင်သည့် အရေးပါသော အချက်အလက်များကို မြီရှင်များထံ ပေးပို့ရာတွင် မှားယွင်း၍ဖြစ်စေ၊ လွဲမှားစေရန် ရည်ရွယ်၍ဖြစ်စေ၊ ဆုံးဖြတ်ရန် အရေးပါသည့် အချက်အလက်ကို ထိမ်ချန်၍ဖြစ်စေ၊ သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်စဉ်က အကြီးအကျယ် နည်းလမ်းမကျခဲ့လျှင်ဖြစ်စေ၊ ကြီးမားသော ဆန့်ကျင်ဆောင်ရွက်မှုပြုလျှင် ဖြစ်စေ၊ သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန် ဆုံးဖြတ်ခဲ့စဉ်က ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူများ၏ ဆက်နွှယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ်ခဲ့လျှင်ဖြစ်စေ၊

(၄) စာချုပ်ပါ စည်းကမ်းချက် တစ်ချက် သို့မဟုတ် တစ်ချက်ထက်ပိုသောအချက်များသည် မြီရှင်တစ်ဦး သို့မဟုတ် အများကို မမျှမတ ဘက်လိုက်လျှင် သို့မဟုတ် မမျှမတ အဆင့်အတန်းခွဲခြားလျှင် သို့မဟုတ် ကုမ္ပဏီမြီရှင်အားလုံး၏ အကျိုးကို ဆန့်ကျင်နေလျှင်ဖြစ်စေ၊ သို့မဟုတ်

(၅) လိုက်နာရန် တာဝန်ရှိသူတစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှုပြုလျှင်ဖြစ်စေ၊ သို့မဟုတ်

(၆) မသင့်လျော်သော နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှု မဖြစ်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရန် မဖြစ်နိုင်လျှင်ဖြစ်စေ၊ သို့မဟုတ်

(၇) အစီအစဉ်ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေး အစီအစဉ် သို့မဟုတ် ၎င်း၏တာဝန်များကို ဆန့်ကျင်ဆောင်ရွက်လျှင်ဖြစ်စေ။

(ခ) ပုဒ်မခွဲ (က)ပါ အခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ဃ)ပါ အခြေအနေမှလွဲ၍ ကုမ္ပဏီ၏ သဘောတူစာချုပ်များ ရပ်စဲမှုသည် ယခင် သဘောတူစာချုပ်အရ ဆောက်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက သဘောတူစာချုပ် တစ်စုံတစ်ရာအား ရပ်စဲကြောင်း အမိန့်ချမှတ်သည့်အခါ အစီအစဉ်အရ ရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲ အမိန့်များလည်း ချမှတ်နိုင်သည် -

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရချုပ်ဆိုသည့် ပဋိညာဉ်ကိုဖြစ်စေ ချိုးဖောက်သူတစ်ဦးဦး၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွှယ်နေသူ တစ်ဦးဦး။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟု ယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကို စတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

**အခန်း(၆)**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့် အခြေအနေ**

၈၈။ (က) အောက်ပါအခြေအနေများတွင် ကုမ္ပဏီသည် မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည်-

(၁) မြီရှင်များသည် ပုဒ်မ ၈၅ နှင့် ပုဒ်မ ၈၆ အရ ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်လျှင် သို့မဟုတ်၊

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အစီအစဉ်တို့အား စတင်နိုင်ခြင်းမရှိဘဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် ပြီးဆုံးသွားခြင်း သို့မဟုတ် ပုဒ်မ ၇၅ တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်ထူထောင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ်၊

(၃) ပုဒ်မ ၆၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁) သို့မဟုတ် (၂) အရ ပြုလုပ်သော အစည်းအဝေးတွင် မြီရှင်များက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်လျှင်၊ သို့မဟုတ်၊

(၄) ပုဒ်မ (၈၇) အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် တရားရုံးမှ ဆုံးဖြတ်လျှင်။

(ခ) ဖျက်သိမ်းခြင်းသို့ ကူးပြောင်းချိန်တွင် မြီရှင်များက အခြားသောလူမွဲခံယူခြင်း ဆိုင်ရာကျွမ်းကျင်သူအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း မရှိလျှင် ဖျက်သိမ်းခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ကူးပြောင်းကြောင်းကို စာဖြင့်ရေးသား အကြောင်းကြားရမည်။ ထို့ပြင် အဆိုပါအကြောင်းကြားစာကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်အား ဆောင်ရွက်နေသော ကုမ္ပဏီအနေဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေတွင် သတ်မှတ်ဖော်ပြနိုင်သည်။***(ဆက်လက်ဖော်ပြပါမည်)***

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (စစ်ကိုင်း၊ ဘုတလင်၊ ပုလဲ၊ ကန့်ဘလူ၊ ကသာ)မြို့နယ်များတွင်ထားရှိရန် မျိုးစေ့သန့်စင်စက်များဝယ်ယူရန်နှင့် မျိုးစေ့သန့်စင်စက်ထားရန် အဆောက်အအုံအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) မျိုးစေ့သန့်စင်စက် (၅)လုံး Lot-1
Model-SYNMEC (5XZS-10 DS) Seed Cleaning Processing Machine မျိုးစေ့သန့်စင်စက်ထားရန် (၃၀'×၂၀'×၁၅') အဆောက်အအုံပါအဝင်

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာယူရန်** ၁၅-၁၀-၂၀၁၈ရက်မှ ၅-၁၁-၂၀၁၈ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** ၁၄-၁၁-၂၀၁၈ရက်၊ မွန်းတည့် ၁၂:၀၀နာရီ
(ဂ) **အသေးစိတ်သိရှိလိုပါက** ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊ ၀၉-၄၅၆၆၄၆၀၂၀

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် မုံရွာတိုင်းရုံး၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် ဓာတ်ခွဲခန်းအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) မုံရွာတိုင်းရုံး ဓာတ်ခွဲခန်းအဆောက်အအုံ (၂)ထပ်ဆောင် (၁)လုံး Lot-1
(၆၀'×၄၀'×၂၅') RC ရေ၊ မီး၊ Apron
(၂) စစ်ကိုင်းခရိုင် ဓာတ်ခွဲခန်းအဆောက်အအုံ (၁)ထပ်ဆောင် (၁)လုံး
(၆၀'×၄၀'×၁၂') RC ရေ၊ မီး၊ Apron
(၃) ရွှေဘိုခရိုင် ဓာတ်ခွဲခန်းအဆောက်အအုံ (၁)ထပ်ဆောင် (၁)လုံး
(၆၀'×၄၀'×၁၂') RC ရေ၊ မီး၊ Apron
[(၂)နှင့် (၃) - Lot-2]

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာယူရန်** ၁၅-၁၀-၂၀၁၈ရက်မှ ၅-၁၁-၂၀၁၈ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** ၁၄-၁၁-၂၀၁၈ရက်၊ မွန်းတည့် ၁၂:၀၀နာရီ
(ဂ) **အသေးစိတ်သိရှိလိုပါက** ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊၀၉-၄၅၆၆၄၆၀၂၀

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) မြေအသုံးချရေးဓာတ်ခွဲခန်းသုံးပစ္စည်း (ယင်းမာပင်ခရိုင်) Lot-1
များဝယ်ယူခြင်း
(၂) မျိုးစေ့ဓာတ်ခွဲခန်းသုံးပစ္စည်းများ (ယင်းမာပင်ခရိုင်)
ဝယ်ယူခြင်း
(၃) သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းသုံး (ယင်းမာပင်ခရိုင်)
ပစ္စည်းများဝယ်ယူခြင်း
[(၂)နှင့် (၃) - Lot-2]
(၄) ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်း Lot-3
[ပုံနှိပ်စက် (Off Set)၊ Computer-i3၊ Printer (Canon)၊ မိတ္တူကူးစက် (Canon)]

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန် ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာယူရန်** - ၁၅-၁၀-၂၀၁၈ရက်မှ ၅-၁၁-၂၀၁၈ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၁၄-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀နာရီ
(ဂ) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊ ၀၉-၄၅၆၆၄၆၀၂၀

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ အောက်ပါရေပေးရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | lot-1 | 6¾" Dia Wing Bit | (၁၀) လုံး |
| | | 6¾" Dia Tri-cone Bit | (၁၀) လုံး |
| | | 8 5/8" Dia Wing Bit | (၂၀) လုံး |
| | | 8 5/8" Dia Tri-cone Bit | (၂၀) လုံး |
| | | DTH Penetration Bit | (၃) လုံး |
| (ခ) | lot-2 | Level Instrument | (၁၅၀)လုံး |
| (ဂ) | lot-3 | Geophysical Survey Instrument | (၃) စုံ |
| | | Ground Water Survey Instrument (Syscal Pro) | (၁) စုံ |
| (ဃ) | lot-4 | Mobile DTH Drilling Rig with 450 CFM Compressor, Depth 250m | (၁) စီး |
| (င) | lot-5 | Mobile Drilling Rig, Depth 200m | (၂) စီး |

၂။ တင်ဒါအဆိုပြုလွှာများကို ၁၆-၁၁-၂၀၁၈ ရက် နံနက် ၁၀:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော် (တယ်လီဖုန်း- ၀၆၇-၄၁၈၆၃၃၊ ၄၁၈၆၃၂)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)**
**တံတားအထူးအဖွဲ့(၁)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(က) ကချင်ပြည်နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁)မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာအထိ ၁၂လ ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တံတားများအတွက် လိုအပ်သောဆောက်လုပ်ရေးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာ စတင်ရယူနိုင်သည့်ရက်** - ၁၈-၁၀-၂၀၁၈
**တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၁၃-၁၁-၂၀၁၈(ရုံးချိန်အတွင်း)
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၅-၁၁-၂၀၁၈၊ ၁၃:၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၁) မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၁)မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁)**
**ဖုန်း-၀၉-၄၄၀၀၀၁၇၁၇၊ ၀၉-၅၁၈၀၀၂၂၊ ၀၉-၄၀၀၀၂၁၀၁၄**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၁/၂၀၁၈ - ၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ ငွေလုံးငွေရင်း (ပြည်ထောင်စု)ရန်ပုံငွေနှင့် (တိုင်းဒေသကြီး)ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**မှတ်ချက်။** လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်ပါရှိမှသာ တင်ဒါယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၈ရက် နံနက် ၉:၃၀နာရီ မှ ညနေ ၄:၃၀နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၈ရက် မွန်းလွဲ ၁၄:၀၀နာရီ
**တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - ၁၉-၁၁-၂၀၁၈ရက်၊ မွန်းလွဲ ၁၃:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။

၂။ လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များအား ဟင်္သာတခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)နှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံးများတွင် ၁-၁၁-၂၀၁၈ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟင်္သာတခရိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာတွင် စိုက်ပျိုးရေးသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) ကျောင်းသား/ကျောင်းသူ(၂)ထပ်အိပ်ဆောင်RC (၁)လုံး Lot-1
(၂၀၀'×၃၅'×၂၁')ရေ၊ မီး၊ Apron
(၂) ရုံး(၂)ထပ်ဆောင်(၁၀၀'×၃၆'×၂၁')RC (၁)လုံး Lot-2
ရေ၊ မီး၊ Apron
(၃) ထမင်းစားဆောင်(၁)ထပ်ဆောင်RC (၁)လုံး Lot-3
(၁၀၀'×၃၆'×၁၂') ရေ၊ မီး၊ Apron
(၄) လက်တွေ့ဆောင်(၂)ထပ်ဆောင် RC (၁)လုံး Lot-4
၁၃၀'×၃၆'×၂၁')ရေ၊ မီး၊ Apron
(၅) ဝန်ထမ်းအိမ်ရာ(၂)ထပ်၊ (၂)ခန်းတွဲRC (၂)လုံး Lot-5
(၅၀'×၄၃'×၂၃')ရေ၊ မီး၊ Apron
(၆) ရေစင်(၁၆၀၀)ဂါလန်(၈'×၈'×၁၄')RC (၂)လုံး
(၇) အဝီစိ (4")ရေတွင်း(၁)တွင်း (၁)တွင်း
(အဆောင်များသို့ ရေပိုက်လိုင်းသွယ်ရန်လုပ်ငန်းအပါအဝင်)
[(၆)နှင့် (၇) - Lot-6]

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာယူရန် ၁၅-၁၀-၂၀၁၈မှ ၅-၁၁-၂၀၁၈အထိ
(ခ) တင်ဒါတင်သွင်းရန် ၁၄-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊ ၀၉-၄၅၆၆၄၆၀၂၀

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း၊ အင်ဂျင်နီယာချုပ်ရုံးဝင်းနှင့် ဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ အဆောက်အအုံ (၃၁) လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့် ရက်/အချိန်** - ၁၈-၁၀-၂၀၁၈ရက်မှ ၁၄-၁၁-၂၀၁၈ရက်ထိ - နံနက် ၉:၃၀ နာရီမှ ၁၆:၃၀နာရီထိ
(ခ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁၅-၁၁-၂၀၁၈ရက်၊ ၁၁:၃၀နာရီ
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၁၁-၂၀၁၈ရက်၊ မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ် (၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံလသာလမ်းထောင့်၊ ရန်ကုန်မြို့။
(င) **Deposit ပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
(စ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်။

၂။ အဆိုပါ အဆောက်အအုံ (၃၁)လုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

**ဖခင် အမည် မှန်**
ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပေါင်းတည်မြို့၊ မြို့မ အထက ကျောင်း သတ္တမတန်း (A) မှ မဂျူးအိဟန်၏ ဖခင်အမည်မှန်မှာ ဦးရဲနိုင် ၇/သကန(နိုင်)၀၉၉၀၀၆ ဖြစ်ပါကြောင်း။ **ဦးရဲနိုင်**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)
## ကြေညာချက်

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂီတနှင့်ပတ်သက်၍ အစဉ်အလာရှိခဲ့သော သက်ကြီးဂီတပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပါ၍ အသက်(၇၅)နှစ်နှင့် အထက်ရှိသော ဂီတပညာရှင်များ၏ ကိုယ်ရေးမှတ်တမ်းစာအုပ်ကို အချိန်မီပြုစုထုတ်ဝေနိုင်ရန်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ကန်တော့ခံသက်ကြီးဂီတပညာရှင်များမှ မိမိတို့၏ ကိုယ်ရေးမှတ်တမ်းအချက်အလက်များကို ၃၁-၁၀-၂၀၁၈ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။ လှူဒါန်းလိုသော အလှူရှင်များလည်း ၃၁-၁၁-၂၀၁၈ရက် ညနေ (၄)နာရီအထိ နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်ရန်(ရုံးချိန်အတွင်းသာ)**
**ဖုန်း-၀၁-၅၄၅၈၆၃၊ ၀၉-၇၃၁၅၆၉၈၇၊ ၀၉-၉၇၄၅၉၂၄၀၃**
**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## ခြံငှားရန်ရှိသည်

